www.burmeseclassic.com

# ဆုမြတ်မွန်မွန်

မေဇော်ဝီရိ ၁၉

BURMESE CLASSIC .com



www.burmeseclassic.com

Design : Chit Sann (528)

www.burmeseclassic.com







# ဆုမြတ်မွန်မွန်

## ဖေဖော်ဝါရိ(၁၄)

စီစဉ်သူ
မောင်ကျော်လှိုင် (စေတနာစာပေ)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com







ကျွန်မ တွေ့ဖူးခဲ့တဲ့
ယောက်ျားတွေဟာ
အစပိုင်းမှာတော့
**ချစ်** ချင်စရာ ကောင်းနေပေမယ့်
နောက်ပိုင်းမှာတော့
'**ပစ်** ချင်စရာ ကောင်းခဲ့တာကတော့
ကျွန်မ ဘယ်လိုမှ မတတ်နိုင်တဲ့
ကိစ္စတစ်ခုပဲဖြစ်တယ် ... ။

"မြူ"

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မြင်လိုက်တဲ့ အချိန်တည်းက
ချစ်မိသွားနိုင်တယ်လို့ သိတယ် ...
ဒါပေမဲ့ သူ့ကို မချစ်ချင်ဘူး ...
တကယ်တမ်းကျတော့
လောကမှာ မချစ်ချင်လို့မှ မရတာ ...။
အထူးသဖြင့် ...
မြူလိုမိန်းမကို မချစ်ဖို့ ကြိုးစားတာဟာ
ကြိုးစားတာရဲ့ ငါးဆလောက်
ပိုချစ်သွားစေတယ် ...။

"ထင်ရှားသူရိန်"




ပြောရမယ်ဆိုရင် ...
လူတွေရဲ့ အချစ်ဒဿနတွေဟာ
ကိုယ့်ကို တစ်စုံတစ်ယောက်က ပေးအပ်လာတဲ့
ချစ်ခြင်း အမျိုးအစားပေါ်မှာ မူတည်ပြီး
ဖွင့်ဆိုထားကြတာ ...။
အဲဒါဟာ မဖြစ်သင့်ဘူး ...။
တကယ်တော့ ကိုယ့်ရဲ့ ကိုယ်ပိုင်အချစ်ဒဿနကို
ကိုယ့်ဘာသာပဲ ဖွင့်သင့်တယ် ...။
ကိုယ့်ရဲ့ အချစ်ဒဿနဆိုရင် ... ...။

"ဒေါက်တာစစ်လင်း"

www.burmeseclassic.com

www.burmeseclassic.com





# Part ( I )

## အပွင့်

## (သို့မဟုတ်)

## မြူနှင့်ဒေါက်တာစစ်လင်း

www.burmeseclassic.com

www.burmeseclassic.com



"မြူ ... မင်း ကိုယ့်ကို ကုန်ကြမ်းတစ်ခုအဖြစ် အသုံးချနေတာတော့ မဟုတ်ပါဘူးနော်"

မြူသည် ကော်ဖီသောက်နေရာမှ မျက်လုံးတစ်ချက်လှန်ကြည့်လိုက်လျှင် မြူ့ကို စိတ်ပျက်လက်ပျက် မျက်လုံးများဖြင့် ငေးကြည့်နေသော ယောကျ်ားတစ်ယောက်ကို စိတ်ကုန်ချင်ဖွယ် တွေ့မြင်လိုက်ရသည်။ နှာခေါင်းမရှုံ့သွားမိအောင် အတန်ငယ် ထိန်းထားလိုက်နိုင်သော်လည်း ပြုံးချင်သွားတာကိုတော့ မအောင့်နိုင်ချေ။

"ဘာပြုံးတာလဲ မြူ။ မင်း ကိုယ့်ကို ကစားနေတာလား"

"ဘယ်လို ဖြစ်တာလဲ မင်းခရယ်။ စွပ်စွဲတာတွေကလည်း များလှချည်လား"





သူက မြူရဲ့အေးအေးဆေးဆေး ပုံစံကို အားမလိုအားမရဟန်ဖြင့် တရှူးရှူးတရှဲရှဲ ဖြစ်နေသည်။ မြူက အေးဆေးလေ သူက ပို၍သွေးဆူလေလေ။

အင်း ... ယောကျ်ားတွေဟာ ထင်ထားသလောက်လည်း မဟုတ်ပါလား။

"မြူ ... ကိုယ် အရှင်းဆုံး မေးမယ်ကွာ၊ မင်း ကိုယ့်ကို အဖြေပေးမလား၊ ဒါမှမဟုတ် လက်ထပ်ဖို့ ခေါင်းညိတ်မလား"

မြူဟာ ဟားတိုက်ရယ်ပစ်ချင်စိတ်ကို အတော်ကြီးပဲ အောင့်အည်းထားရသည်။ ရင်ဘတ်ကြီးနှင့်ရော၊ ဘဝကြီးနှင့်ရောပါဆိုင်သည့် မေးခွန်းနှစ်ခုကို အလုပ်သဘောလို မေးနေခြင်းသည် မြူ့ကို အထင်သေးရာလည်း ကျသေးလေသည်။

"အင်းလေ ... ရှင်က အရှင်းဆုံးမေးတော့လည်း ဒီက အပြတ်သားဆုံး ဖြေပေးရတာပေါ့။ ရှင်မေးတဲ့ မေးခွန်းနှစ်ခုလုံး မဖြစ်နိုင်ဘူး မင်းခ ...

ဆောရီးပါ"



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်နှာက အခုနကထက် ပို၍ပုပ်သိုးတင်းမာသွားသည်။

“မြူ … မင်း ဘယ်လိုမိန်းမလဲ။ ယောကျ်ားတွေကို ဘယ်လိုသဘောထားနေတာလဲ၊ မင်းရဲ့ကုန်ကြမ်းလား၊ ဒါမှမဟုတ် အပျင်းပြေလား … ဘာလဲ”

“နိုး … နိုး … အပျင်းပြေတော့ မဟုတ်တာ သေချာတယ်။ ကျွန်မမှာ ပျင်းဖို့အချိန်တောင် သိပ်မရှိတာ ရှင်လည်း အသိသားပဲ”

“တောက်”

သူက ခပ်တိုးတိုး တက်ခေါက်ကာ စားပွဲအောက်ခြေသို့ စူးစိုက်ကြည့်ရင်း မခံချိမခံသာ ဖြစ်နေသည်။ မြူသည် သူ ဆက်ပြောမည့် စကားတို့ကို ကော်ဖီမြှုရင်း စောင့်ဆိုင်းနေလိုက်သည်။

“ဒါဆို ဘာလဲ … ကိုယ်က မင်းရဲ့ဘာလဲ”

“မိတ်ဆွေတွေပဲလေ၊ ဒီ့ထက် ဘာတွေများ ပိုခဲ့ကြလို့လဲ။ ရှင် ကျွန်မကို Propose လုပ်တယ်။ ကျွန်မက စဉ်းစား





မယ်ဆိုတော့ ရှင်က လိုလိုလားလားနဲ့ စဉ်းစားပါတဲ့။ ကြားထဲမှာ ရှင်နဲ့ ကော်ဖီအတူသောက်တဲ့အခါလည်း သောက်၊ ညစာစားဖြစ်တဲ့အခါတွေမှာလည်းစား …

အဲဒါတွေအပြင် ဘာပိုခဲ့လို့လဲ။ ရှင်ပဲ သေချာပြန် စဉ်းစားစမ်းပါဦး”

“ကျွတ် … ဒါပေမယ့် …”

သူ ဆိုလိုချင်တာကို မြူက သဘောပေါက်လေသည်။ တကယ်တမ်းတော့ သူက မြူ့ကို အပိုင်တွက်ထားခဲ့ခြင်းပဲ ဖြစ်သည်။ အဲဒီ အပိုင်တွက်မှုကပဲ သူ့ကိုယ်သူ ပို၍အထိနာစေခြင်းပဲ ဖြစ်လေသည်။ အမိကတရားခံမှာ သူ့ရဲ့စိတ်ကြီးဝင်မှုသာပဲ ဖြစ်တော့သည်။

မြူသည် ကြာလေလေ သူ့ရဲ့စိတ်ကြီးဝင်ပုံတွေကို တွေ့မြင်လာရလေလေ ဖြစ်သည့်အတွက် သူနဲ့ မြူဟာ ဘယ်လိုမှ မကိုက်ညီ လက်တွဲလို့မရဆိုတာ သိမြင်လာရတာ ဖြစ်သည်။ သူဟာ မြူ့အတွက် နောက်ပိုင်းမှာ ချစ်ချင်စရာကောင်းသောသူတစ်ယောက် မဟုတ်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဆိုလိုချင်တာကို ကျွန်မ သိတယ် မင်းခ။ မိန်းမတစ်ယောက်ကို လျှော့တွက်ရင် ရှင် မှားသွားလိမ့်မယ်။ အထူးသဖြင့် ကျွန်မက သူများနဲ့ သိပ်တူတဲ့မိန်းမ မဟုတ်ဘူး ...

ရှင့်ကို ချစ်သူအဖြစ် မချစ်နိုင်ပေမယ့် မိတ်ဆွေအဖြစ်တော့ ခင်မင်ပါတယ်"

သူက မြူ့စကားကို ဆတ်ဆတ်ခါမျှ နာသွားဟန်ဖြင့် ထိုင်ခုံမှ ဝုန်းခနဲ ထရပ်လိုက်သည်။ သူ့လှုပ်ရှားသံဟာ အနည်းငယ် ကျယ်လောင်သွားတာမို့ ဘေးဝိုင်းကတောင် အကဲခတ်လာလျှင် မြူသည် ဒီလူကို အတော်ပဲ စိတ်ပျက်သွားခဲ့သည်။ ခံစားချက်ကို လူကြားသူကြားထဲမှာ မထိန်းချုပ်နိုင်တဲ့ ယောကျ်ားမျိုးကို သိပ်မုန်းတာပဲ။

"တော်ပါပြီ မြူ။ မင်းကိုတော့ တကယ်လန့်သွားပါပြီ။ မင်းရဲ့ ပညာရှင်အဆင့်ကို မယှဉ်ရဲတော့ပါဘူး ...

ဆက်ပြီး မပတ်သက်ကြတာပဲ ကောင်းပါတယ်"

မြူက တမင်ပင် အမြင်ကတ်ဖွယ်ဖြစ်အောင် ပြုံးကာ ပခုံးနှစ်ဖက်လုံး တွန့်ပြရင်း ...





"အိုခေလေ ... ဒီလိုလည်း ဖြစ်တာပါပဲ"

သူက မကျေမချမ်းနှင့် တစ်ချက်ကြည့်ကာ ချာခနဲလှည့်ထွက်သွားလေသည်။ မြူသည် မှတ်သားစရာကောင်းသောယောကျ်ားတစ်ယောက်၏ ကျောပြင်ကို စိုက်ကြည့်ကာ တွေးတောရင်း ကျန်နေရစ်ခဲ့သည်။ သူက မြူ့ကို ပညာရှင်အဆင့်တဲ့။ သူဆိုလိုချင်သော အချစ်ကျမ်းကျေ ပညာရှင်အဆင့် မဟုတ်တာတော့ မြူ့ကိုယ်မြူ ယုံလေသည်။ မြူရဲ့ပညာရှင်အဆင့်ဆိုတာ ထိန်းချုပ်နိုင်စွမ်း၊ မျိုသိပ်နိုင်စွမ်း၊ နောက်တစ်ခုက တည်ငြိမ်နိုင်စွမ်း၊ အဲဒါတွေပဲ မြူက သတ်မှတ်လေသည်။ အချစ်ရေးမှာတော့ မြူက ဆရာကြီး မဟုတ်။ သို့သော် လူတွေက မြူ့ကို အဲဒီလို ထင်နေကြတာက များပါသည်။

ခက်တာက မြူ့တွင် ရည်းစားဆို၍ လက်ရှိမှာ မှုးလို့တောင် ချစ်သူရဲ့ကိုလံသင်းရနံ့လေးကို ရှူစရာမရှိပေ။ အသက်ဆယ့်ရှစ်၊ နှစ်ဆယ် အရွယ်မှာ ရည်းစားသုံးယောက်လောက်ထားခဲ့ဖူးတာကလွဲ၍ မြူသည် အချစ်ကို အမှတ်တမဲ့ ဖြတ်သွားဖြစ်လာလေးတောင် မမြင်ဖူးခဲ့သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းတော့ မြူဟာ နာမည်ကြီး ထမင်းဆိုင်တစ်ယောက်သာ ဖြစ်ပါသည်။ မြူသည် ကိုယ့်အပြစ်ကိုယ် တိတ်တဆိတ် ပြုံးမိနေတုန်းမှာပင် မြူ့ဖုန်းမှတစ်ဦးတည်းအတွက် သွင်းထားသော တေးသီချင်းသံ ထွက်ပေါ်လာသည်။

"အို ... ဒေါက်တာကိုကို ... အသည်းထဲက ဝေဒနာ ... ကုသဖို့လိုတယ် ... အို ... ကြင်နာသူရေ ... ဒီမှာအိပ်မရတာ ဘာကြောင့်လဲ..."

မြူသည် သီချင်းလေးကို ဆုံးအောင် ပြုံး၍နားထောင်ပြီးမှ ဖုန်းကို ဖွင့်လိုက်သည်။ တစ်သက်လုံး ကြားဖူးထားသော်လည်း ဘယ်တော့မှ ရိုးမသွားသည့် အသံတစ်ခုက နားထဲသို့ ချိုမြစွာ ဖြတ်စီးလာသည်။

"အင်း ... ပြော ကိုကြီး"

"အခု ဘယ်ရောက်နေတာလဲ"

"ထရိတ်ဒါးစ်ထဲမှာ"

"အိမ်ပြန်လာတော့မှာလား"

"(၃၅)လမ်း ဝင်ဦးမယ်။ စာအုပ်ကြည့်မလို့။ ကိုကြီးအတွက် Tokyo Chicken က ကြက်ကြော်ဝယ်ခဲ့ရမလား"





"မဝယ်ခဲ့နဲ့၊ မေမေ့အတွက်ပဲ ဂျေဒိုးနတ်က ဘတ်တာကိတ်တစ်ဘူးလောက် ဝယ်ခဲ့"

"ရက်စ်"

"အေးမှာ ဘယ်သူရှိလဲ"

"ဘယ်သူမှ မရှိတော့ဘူး"

"ဟောဗျာ ... ထုံးစံအတိုင်းပဲလား"

သူမက ဘာမှပြန်မပြောဘဲ ခပ်တိုးတိုးရယ်မောနေလျှင် ကိုကြီးကပါ လိုက်ရယ်နေတော့သည်။ ပြော် ... ကိုကြီး ... ကိုကြီး ...။

"အင်း ... အဲဒါဆို ဆက်ထိုင်မနေတော့နဲ့လေ၊ စောစောပြန်လာခဲ့နော်"

"စိတ်ချပါ၊ ဒါပဲနော်"

မြူက ဖုန်းပိတ်လိုက်ပြီးလျှင် ကျေနပ်စွာနှင့် တစ်ချက်ပြုံးကာ ငွေရှင်းပြီး ပြန်ထွက်လာခဲ့သည်။ ထရိတ်ဒါးစ်ရဲ့ အပြင်ဘက်သို့ ထွက်လိုက်တာနှင့် သဘာဝလေအေးက မြူ့ကို ဆီးကြိုနှုတ်ဆက်သည်။ ဟိုတစ်ယောက်ရဲ့ကားနဲ့ အတူလာခဲ့တာမို့ အပြန်တွင် မြူ့မှာ ကားမရှိတော့။ ကိစ္စမရှိ။ မြူသည် မြို့ထဲ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဝိုက်သို့လာလျှင် ကားကို ယူလာလေ့မရှိပေ။ ဆူးလေတစ်ဝိုက်ကို လမ်းလျှောက်နေကြမို့ ကားပါလာလျှင် အလုပ်ရှုပ်သဖြင့် ယူရိုးထုံးစံမရှိပါ။

မြို့ပြရဲ့ ညနေအလှကို ခံစားရင်း မြူက အသားရောင်ဂျင်းစကတ်တိုရဲ့ အိတ်ကပ်နှစ်ဖက်ထဲ လက်လျှိုထည့်ကာ အေးဆေးလွတ်လပ်စွာ လမ်းလျှောက်လာခဲ့သည်။ ရည်ရွယ်ချက်အမျိုးမျိုးဖြင့် လှုပ်ရှားသွားလာနေသော ရောင်စုံလူတွေကိုငေးကာ မြူက သဘောကျစွာ ပြုံးမိလေသည်။

အဲဒီလို ပြုံးပြုံးနေတတ်တာကိုက မြူရဲ့စတိုင်လ်ပါ။ တချို့ကတော့ အဲဒါက မြူရဲ့ပညာတဲ့လေ။

❤ ❧ ❤





ကိုကြီးတို့အိမ်ဘက်သို့ Butter Cake မုန့်ဘူးပေးဖို့ ကူးလာစဉ်ဝယ် ကိုကြီးကို ခြံထဲမှာ လမ်းလျှောက်နေတာနှင့် ကြုံရပါသည်။ ဂျူတီကုတ်နှင့် ဆိုလျှင်လည်း တစ်မျိုးသပ်ရပ်ခန့်ညားတတ်သော ကိုကြီးသည် အိမ်နေရင်း တီရှပ်နှင့် ပုဆိုးကို တွဲဝတ်ထားတတ်လျှင်လည်း ကြည့်ကောင်းတာကို ဘယ်လိုမှ မငြင်းနိုင်ချေ။ မြူက အိမ်တစ်ဖက်သို့ ကိုယ်ကို ယို့ကြည့်ရင်း ပါးစပ်မှလည်း ...

"အန်တီရော"

"ထမင်းစားနေတယ်"

"ဟင် ... ကိုကြီးက အတူတူ မစားဘူးလား"

"ဩော် ... ဖေဖေနဲ့ နှစ်ယောက်တည်းပဲ လွတ်လွတ်လပ်လပ် စားပါစေဆိုပြီးတော့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



“ဟား … ဟား … ကိုကြီးတောင် တိုးတက်လာပြီပဲ”

“အင်း … အဲဒါ မြူနဲ့ ပေါင်းလို့ပေါ့”

မြူသည် ကိုကြီး၏စကားကို ဟက်ဟက်ပက်ပက် ရယ်မောရင်းမှ အနီးရှိ ခုံတစ်ခုံတွင် ဝင်ထိုင်ချလိုက်သည်။ ကိုကြီးကလည်း မြူနှင့် မျက်နှာချင်းဆိုင်ခုံတွင် ဝင်ထိုင်ကာ မြူ့ကို ပြုံးပေးကြည့်ရင်းမှ နူးညံ့စွာ စကားဆိုသည်။ ကိုကြီးဟာ ဆရာဝန်ဖြစ်ဖို့ မွေးဖွားလာသူ တစ်ယောက်လို့ မြူ ထင်သည်။ လောကတွင် ဆရာဝန်များစွာကို မြူ တွေ့ဖူးသည်။ တချို့ကျတော့လည်း မျက်နှာထားတည်တည်ကြီး သို့သော် စိတ်ရင်းကတော့ ကောင်းသည်။ တချို့ကျတော့လည်း အေးတိအေးစက်နှင့် လူနာတွေက အဲဒီလိုဆရာဝန်မျိုးကို သိပ်သဘောမကျလှ။

ကိုကြီးကတော့ တကယ့်ကိုပဲ လူနာတွေ ချစ်ခင်မြတ်နိုးရသော ဆရာဝန်တစ်ယောက်ပေ။ ကိုကြီးရဲ့မျက်နှာသည် အမြဲအေးချမ်းနေကာ သူ ဒေါသထွက်တာကို မြူ တစ်ခါမျှမမြင်ဖူးချေ။ မျက်လုံးတွေက လူနာတွေအပေါ်မှာ အမြဲနွေးထွေးနေလျက် နူးနူးညံ့ညံ့ ပြုံးပြလိုက်လျှင် ရောဂါတစ်ဝက်ကို သက်သာစေသော ဆရာဝန်ဟု နာမည်ကြီးလေသည်။





“မြူ ထမင်းစားသွားနော်”

မြူက ပြုံးကာခေါင်းညိတ်ပြလိုက်သည်။ ကိုကြီးက မြူ့မျက်နှာကို ချိန်ဆသလို ကြည့်ရင်းနဲ့မှ …

“ဒီနေ့တစ်ယောက်နဲ့ကရော ဘယ်လိုအဆင်မပြေ ဖြစ်တာလဲ”

“ဒီလိုပါပဲ ကိုကြီးရယ်၊ ကြာကြာတွေ့ကြည့်တော့လည်း သိပ်မဟုတ်ပြန်တော့ပါဘူး။ မြူ မကြိုက်တာတွေ သူ့ဆီမှာ အများကြီးပဲ”

“ဩော် … မြူရယ်။ လောကမှာ ကိုယ့်စိတ်တိုင်းကျလူ ဆိုတာ ဘယ်မှာ ရှိနိုင်တာမို့လို့လဲ။ တော်ရုံတန်ရုံကိစ္စလောက်ကတော့ နားလည်ပေးရတာပေါ့ကွယ်”

မြူက ကိုကြီးကို နှာခေါင်းရှုံ့ပြမိကာ …

“မြူက နားလည်ပေးနိုင်တယ်၊ သူတို့ကသာ မြူ့ကိုနားလည်မပေးနိုင်တာ၊ ဟား ဟား … မင်းခ ဆိုရင်လည်း တကယ် ရယ်ရတယ်။ မြူ့ကိုများ အပိုင်တွက်ထားလိုက်တာ။ သူ ထင်တိုင်းမဖြစ်တော့ မြူက သူ့ကို ကန်ကြမ်းရှာတယ်တဲ့၊ ကစားသတဲ့၊ လုံး၀ အရှုပ်ထုပ်ပဲ”



www.burmeseclassic.com

www.burmeseclassic.com



စစ်လင်းသည် မြူ့ကို ငေးကြည့်နေမိလေသည်။ သူ့ရှေ့မှာ ထိုင်နေသော ဆံပင်ဖြောင့်ဖြောင့်လေးနှင့် ညှို့ဓာတ်အပြည့်ရှိသော မြူဆိုသည့် မိန်းကလေးသည် ထူးဆန်းသော အတွေးအခေါ်များကို ပိုင်ဆိုင်ထားသည့် သူတစ်ယောက် ဖြစ်သည်။ နောက်တစ်နည်း ပြောရလျှင် မြူသည် အလွန်စိတ်ဝင်စားစရာကောင်းသူတစ်ယောက်လည်း ဖြစ်သည်။

အစဉ်အမြဲလိုလို ပြုံးနေတတ်သော မျက်နှာလေးသည် ဘာဟန်ဆောင်မှုမှ မရှိသော်လည်း မြူက သူ့မတူအောင် လျှို့ဝှက်တတ်သူလည်းဖြစ်သည်။ နောက် မြူ့ရဲ့ အကြီးမားဆုံး အရည်အချင်းတစ်ခုမှာ ဉာဏ်ပညာကြီးမြင့်ခြင်းနှင့် သွေးအေးနိုင်လွန်းခြင်းတို့ပဲ ဖြစ်တော့သည်။ အဲဒီအရည်အချင်းတို့ကိုတော့ သူပင်လျှင် အသိအမှတ် မပြုဘဲ မနေနိုင်ပါ။

"မြူ တွေ့ဖူးခဲ့တဲ့ ယောက်ျားတွေဟာလေ ပထမပိုင်းမှာတော့ ချစ်ချင်စရာ ကောင်းနေပေမယ့် နောက်ပိုင်းလည်းကျရော ပစ်ချင်စရာ ကောင်းနေခဲ့တာတော့ မြူလည်း ဘယ်လိုမှ မတတ်နိုင်တဲ့ ကိစ္စတစ်ခုပဲ ...





ကြာလေလေ စိတ်ကုန်ချင်စရာ ကောင်းလေပဲ။ သူတို့တွေရဲ့ Ego (အတ္တ)က သိပ်ကြီးလွန်းနေတယ်"

စစ်လင်းသည် နောက်ဆုံးစကားကို ပျစ်ပျစ်နှစ်နှစ် ရေရွတ်လိုက်သော မြူ့ပုံစံကိုကြည့်ကာ သက်ပြင်းတစ်ချက်ကို ကျိတ်ချလိုက်လေသည်။ ဒါကို မြူက သိသည့်အလား မျက်လုံးတစ်ဖက်ကို ထောင့်ကပ်ကြည့်လာကာ ...

"ကိုကြီး သက်ပြင်းတွေ သိပ်မချနဲ့ လူကို ရင့်စေတယ်။ သက်ပြင်းတစ်ခါချတိုင်း အသက်တစ်ခါ တိုတတ်တယ်"

"ဟုတ်ကဲ့ပါ ဆရာမရယ်။ ခင်ဗျားက ယောက်ျားတွေလို့ သိမ်းကျုံးပြောတော့ ဒီက စိတ်ညစ်သွားရတော့တာပေါ့"

"မညစ်နဲ့ ကိုကြီး။ လောကမှာ ဘယ်သူ့အတွက်ကြောင့်မှ စိတ်မညစ်နဲ့ ဘုရားဟော တရားတွေလည်း ကိုကြီး သိမှာပါ။ ဘာမဆို ကိုယ့်စိတ်က လက်ခံမှဖြစ်တာ။ အရှုပ်ထဲမှာ ရှင်းအောင်နေတတ်ရတယ် ကိုကြီးရဲ့"

သူက မဲ့ပြုံးတစ်ချက်သာ ပြုံးမိသော်လည်း ဘာမှ ပြန်မပြောမိပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ မြူ ပြောတဲ့ ယောကျ်ားတွေထဲမှာ ကိုကြီးမပါ၊ ပါဘူး။ ကိုကြီးဟာ ဒီကမ္ဘာပေါ်မှာ မြူ အနှစ်သက်ရဆုံး ယောကျ်ားတစ်ယောက်ပဲ"

မြူက ဒီလိုပြောလိုက်လျှင် သူက ပြုံးမိသွားရုံမှအပ ဘာမှဖြစ်မသွားပါ။ မြူရဲ့စကားတွေသည် အကြောင်းမသိသူတစ်ယောက်အတွက်တော့ တစ်မျိုးဟု ထင်နိုင်စရာရှိသော်လည်း သူကတော့ ကမ္ဘာပေါ်တွင် မြူ့ကို နားအလည်နိုင်ဆုံး ယောကျ်ားတစ်ယောက် ဖြစ်သည်။

မြူဟာ ထင်တာထက် ပွင့်လင်းသည်။ ရိုးသားသည်။ နောက် ဖြူစင်သည်။ မတ်ဝန်းကျင်က လူများကိုသာမက မြန်မာတစ်နိုင်ငံလုံးက လူများကပါ သူမကို ချစ်ခင်ကြသည်။ တချို့ ယောကျ်ားတွေကတော့ မြူ့ကို ပိုင်ဆိုင်လိုကြသည်။ မြူသည် သူမအနားသို့ ချဉ်းကပ်လာသော ယောကျ်ားတို့ကို အမြဲတမ်း happy type ဖြင့်သာ ဆက်ဆံတတ်သည်။ နောက်တစ်ခုက မြူက စကားပြောကောင်းသည်။ ထူးထူးဆန်းဆန်း အတွေးအခေါ်တွေ၊ အပြုအမူတွေ လုပ်တတ်သဖြင့် မြူ့ကို ယောကျ်ားတွေက သဘောကျကြသည်။





တဖြည်းဖြည်း ပိုင်ဆိုင်လိုမှုတွေ ပြင်းထန်လာကြသောအခါ အဲဒီယောကျ်ားတွေနှင့် မြူက အဆင်မပြေနိုင်တော့။ အများအမြင်တွင် မြူသည် ယောကျ်ားတွေကို ကစားတတ်သူ၊ သူမဝတ္ထုတွေအတွက် ကုန်ကြမ်းရှာသူအဖြစ် နာမည်ကြီးလာရတော့သည်။

"မြူက အချစ်ကို ရှာဖွေနေတာလား"

သူက မြူ့အကြောင်းတွေ ပြန်တွေးမိနေရာမှ ကောက်ကာငင်ကာ ထ,မေးလိုက်လျှင် မြူက "အဲဒီလို ဖြစ်နေလို့လား" ဟု ပြန်မေးလေသည်။

"မဟုတ်ဘူးလေ၊ ကိုယ် မြင်နေတာက မြူက မြူ့အနားကို ရောက်လာတဲ့သူတိုင်းကို care လုပ်တာပဲ မဟုတ်လား ...

ဒါဟာ အချစ်များ ဖြစ်နေလိမ့်မလားလို့ မြူ တွေးတော့ တွေးမှာပဲ"

သူ့စကားကို မြူက မငြင်းချေ။ ကိုကြီးက အဲဒါတွေ နပ်တာပဲဟုတောင် ချီးကျူးလိုက်သေးသည်။

"အင်း ... ဟုတ်တယ်၊ ကိုကြီးလည်း အသိသားပဲ။ မြူ အသက်နှစ်ဆယ် ဆယ့်ရှစ်လောက်တုန်းက ရည်းစားသုံး



www.burmeseclassic.com

www.burmeseclassic.com



ယောက်လောက် ထားခဲ့ဖူးသားပဲ၊ ဒါပေမယ့် သူတို့ကို မြူ မချစ်ခဲ့ပါဘူး။ ကြိုက်တော့ ကြိုက်တယ်၊ အဲဒါကိုပဲ မြူက အချစ်လို့ ထင်ခဲ့မိတာပဲ ...

နောက်တော့ မြူ အချစ်နဲ့ အကြိုက်ကို ခွဲတတ်လာတယ်လေ။ အခု မြူ့အနားကို ချဉ်းကပ်လာတဲ့ ယောကျ်ားတွေကို မြူ သဘောကျပါတယ် ...

အားလုံးက ရုပ်ဖြောင့်တယ်၊ အရည်အချင်း ရှိတယ် ...

Attrection တစ်ခုခုတော့ရှိကြတာချည်းပဲ။ ဒါကြောင့် သူတို့ကို မြူ အနီးကပ် လေ့လာတယ် ...

ကြာလာတော့ သူတို့ကို မချစ်နိုင်ဘူးဆိုတာ သိလာရရော၊ ဒီလိုနဲ့ပဲ ...”

မြူက စကားကို ဆက်မပြောတော့ဘဲ အီလည်လည် အပြုံးတစ်ခုနှင့်သာ အဆုံးသတ်လိုက်လျှင် သူက သက်ပြင်းမချမိအောင် အတော်ကြိုးစားလိုက်ရသည်။

မြူက သူမရှေ့တွင် သက်ပြင်းချတာကို လုံးဝမနှစ်မြို့တတ်ပါ။

“ကိုယ်က မြူ့အတွက် စိုးရိမ်လို့ ပြောတာပါ”





“သင့်ခ်ယူ ကိုကြီး။ ဒါပေမဲ့ မြူ ရည်းစားတွေ လျှောက်ထားနေတာမှ မဟုတ်တာ”

“ဟုတ်ပါတယ်လေ။ ဒါကို လူတိုင်းက မသိနိုင်ဘူးပေါ့။ ပြီးတော့ မြူက သာမန်မိန်းကလေးတစ်ယောက် မဟုတ်ဘူးလေ ...

နိုင်ငံသိတဲ့ celebrity တစ်ယောက်ဆိုတော့ လူတွေက ဟုတ်တာရော မဟုတ်တာရော ပြောကြမှာပဲ”

“ပြောပါစေ ကိုကြီး။ လောကမှာ လူတွေကို ဂရုစိုက်နေရင် နေစရာနေရာတောင် ရှိမှာမဟုတ်တော့ပါဘူး။ မြူ့ခံယူချက်ကို ကိုကြီး သိပါတယ်။ ကဲ ... မိုက်ဆာပြီကွာ ထမင်းစားမယ် ... ထ။ အန်တီတို့လည်း ပြီးလောက်ပြီ”

သူက ခေါင်းညိတ်ပြရုံမှအပ ထပ်၍စကားမဆိုတော့ပေ။ ထမင်းစားခန်းထဲမှ ထွက်လာသော သူ့မိဘနှစ်ပါးနှင့် မြူက လေပေးဖြောင့်ကာ ရင်းရင်းနှီးနှီး စကားတွေဆိုနေလျှင် “မြူလေးကို မေမေတို့ မိသားစုဝင် ဖြစ်စေချင်တယ် သားရယ်” ဟူသော မေမေ့စကားကို ကြားယောင်လာမိသည်။ သမီးမိန်းက



www.burmeseclassic.com

www.burmeseclassic.com



လေးမရှိရှာသော မေမေဟာ မြူ့ကို မွေးခါစတည်းက ချစ်မြတ်နိုး စွာ ထိန်းကျောင်းလာခဲ့သူ ဖြစ်သဖြင့် သမီးရင်းနှင့်မခြား ချစ်ရှာ သူဖြစ်သည်။

ပြီးတော့ မြူ့အဖေက မြူ ငယ်ငယ်လေးတည်းက ဆုံးသွားခဲ့သဖြင့် မြူတို့သားအမိနှစ်ယောက် အပေါ်တွင်လည်း ကရုဏာပိုခဲ့ရသူ၊ ပြီးခဲ့တဲ့နှစ်က မြူ့မေမေ ဆုံးပါးသွားခဲ့ပြီးနောက် သူနှင့် မြူ့ကို အသည်းအသန် လက်ထပ်ပေးချင်နေခဲ့သူမှာ မေမေပဲ ဖြစ်တော့သည်။

သို့သော် သူက ငြင်းခဲ့ပါသည်။ ငြင်းခဲ့ခြင်းမှာ တခြားကြောင့်တော့ မဟုတ်။ မြူ စိတ်ချမ်းသာသလို နေစေချင် သော သူ့ရဲ့မေတ္တာကြောင့်သာ ဖြစ်တော့သည်။





မင်းခ ပြီးသွားတော့ မြူ ထပ်၍ကြုံတွေ့ရသော ယောကျ်ားမှာ လွန်းကြယ် ဟူသော ကောင်လေးတစ်ယောက်ဖြစ် သည်။ မြူက တနင်္လာနေ့မှ သောကြာနေ့အထိ စိမ်းလန်းစိုပြည် ဥယျာဉ်ထဲရှိ Zephyr ဆိုင်ထဲမှ ကန်ဘက်သို့ မျက်နှာမူသော ထောင့်ကျကျ စားပွဲဝိုင်းလေးမှာ၊ တစ်ခါတစ်ခါကျတော့လည်း ကန်စပ်နားရှိ မြက်ခင်းပြင်နားမှာ စသဖြင့် စိတ်ကူးပေါက်သလို နေရာပြောင်းပြီး စာရေးတတ်သည်။

တစ်နေ့တော့ ဆိုင်ထဲက စားပွဲထံသို့ မြူကစာရေး ဖို့ ရောက်လာလျှင် မြူ့နေရာမှာ ခေတ်ပေါ်ဒီဇိုင်း အပုံစားဖြင့် ခုန်းပြောနေသော ကောင်လေးတစ်ယောက်ကို မြင်တွေ့လိုက်ရ သည်။ သူလေးသည် မြင်လိုက်တာနှင့်ကို မြူ့ထက် နှစ်နှစ်သုံးနှစ်



www.burmeseclassic.com

www.burmeseclassic.com



လောက်ငယ်မှန်း သိသာစေသောသူတစ်ယောက် ဖြစ်သည်။ သူက ဖုန်းပြောနေရာမှ မြူ ရပ်နေတာကိုမြင်လျှင် ထိုင်ပါဟူသော သဘောဖြင့် လက်တစ်ဖက်ကို ဆန့်တန်းကာ ဟန်ပါပါလုပ်ပြသည်။

ဘယ်တော့မဆို သွေးအေးငြိမ်သက်တတ်သော မြူသည် ခပ်ပြုံးပြုံးပဲ စားပွဲတွင် ဝင်ထိုင်လိုက်ကာ သူ ဖုန်းပြောနေပုံကို အသာလေး စိုက်ကြည့်နေလိုက်သည်။ ကောင်လေးက ဟန်ပါပါပဲ စကားတွေ ဆက်ပြောနေရင်းမှ တစ်ချက် တစ်ချက် မြူ့ကို လှမ်း,လှမ်းကြည့်သည်။ မြူကလည်း လက်ပိုက်ထားရင်းမှ အပြုံးမပျက်သလို သူ့ထံမှလည်း အကြည့်မလွှဲပေ။

ကြာလာသောအခါ သူက မနေတတ်တော့ဟန် ဖြစ်လာလျှင် မြူက ခေါင်းကိုအသာယမ်း၍သာ ပြုံးမိနေတော့သည်။ သေချာပါပြီ၊ သူသည်လည်း မြူ့ကို ပညာစမ်းဖို့ ရောက်လာသော သူဆိုတာ မြူ သိလိုက်ပြီဖြစ်သည်။

ကောင်လေးက ခဏကြာလျှင် ဖုန်းပြောလို့ ပြီးသွားသည်။ မြူက ခေါင်းတစ်ချက် ဆတ်လိုက်ရင်း ...





"မင်းကို အားတော့နာပါတယ်။ ကျေးဇူးပြုပြီး တစ်ခြားစားပွဲကို ပြောင်းထိုင်ပေးပါ"

"အစ်မက စာရေးဆရာမ မြူ ဆိုတာလား"

"ဟုတ်ပါတယ်"

ကောင်လေးက မြူ့ကို ဟန်ပါပါပဲ လက်ကမ်းပေးလာလေသည်။

မြူသည် သူ့ကို ခပ်ပြုံးပြုံးပဲ ပြန်ကြည့်ကာ ...

"ဆောရီးပါ ... ကိုယ်က လက်ဆွဲနှုတ်ဆက်တတ်တဲ့အကျင့် မရှိပါဘူး"

ကောင်လေးက ဟက်ခနဲရယ်ကာ, ပခုံးတစ်ချက် တွန့်သည်။

"သစ်တယ်နော်။ ဒါကြောင့်လည်း စာရေးဆရာမ မြူဆိုတာ လူရော၊ ဝတ္ထုတွေရောက စိတ်ဝင်စားဖို့ ကောင်းတယ်လို့ နာမည်ကြီးတာပဲ"

"မင်းရဲ့ ဝေဖန်မှုအတွက် ကျေးဇူးတင်ပါတယ်၊ ကိုယ်စာရေးတော့မှာမို့ မင်း စားပွဲပြောင်းပေးပါတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ... မမြူကလည်း၊ အင်း ... မမြူ ဆိုတာ ခေါ်လို့ မကောင်းဘူးနော်၊ မမလို့ပဲ ခေါ်တော့မယ်၊ ပလိစ် ...

ကျွန်တော်က မမရဲ့ ပရိသတ်တစ်ယောက်ပါ၊ မမ ရဲ့ဒိုင်ယာလော့ခ်တွေကို အရမ်း crazy ဖြစ်တဲ့ လူတစ် ယောက်ပေါ့။ ကျွန်တော် မမနဲ့ စကားတွေ ပြောချင်တယ်။ သိချင်တာတွေ မေးချင်တယ်"

"နံနက် ရှစ်နာရီခွဲကနေ နေ့လယ် ဆယ့်နှစ်နာရီထိဟာ တို့ရဲ့ စာရေးတဲ့အချိန်၊ တစ်နည်းအားဖြင့် ပြောရရင် အလုပ်လုပ်တဲ့အချိန်ပါ။ မင်းအတွက် အချိန်ဖဲ့မပေးနိုင်ပါ ဘူး ..."

အခုတောင် ဆယ်မိနစ်လောက် ပွန်းသွားပြီ"

"ဒါဆို မမ စာရေးပြီးတဲ့အထိ စောင့်မယ်ဆိုရင်ရော"

"ဒါကတော့ မင်းသဘောပါပဲ"

"မဟုတ်ဘူးလေ၊ စာရေးပြီးရင်ရော ကျွန်တော့်ကို အချိန် ပေးမှာလား"

"မသိသေးဘူး၊ အဲဒီအချိန်မှာရှိတဲ့ စိတ်အပေါ် မူတည် တယ်"





"အား ... ရပါတယ်။ ဒီလောက် နာမည်ကြီးတဲ့ Best seller နဲ့ စကားပြောဖို့ဆိုတာ ခက်တော့ ခက်ခဲမှာပေါ့။ ဖြစ်ပါတယ်၊ စောင့်နေမယ်"

ကောင်လေးက ခါးကိုညွတ်ကာ ဟန်ပါပါ ပြောရင်း ထွက်ပေးသွားသည်။ မြူကတော့ သူ့ကို လိုက်ကြည့်မနေဘဲ သူ ထွက်သွားတာနှင့် ကိုယ့်အလုပ်ကိုယ်စဖို့ ပြင်သည်။ လွယ်လာ သော အိတ်ထဲမှ ရေးလက်စ စာအုပ်နှင့် ဘောလ်ပင်တို့ထုတ်ကာ ချွေးခာတ်ဘူးတစ်လုံးဖြင့် ပတ်ဝန်းကျင်ကို မေ့လျော့စွာ စာရေး နေတာ ဖြစ်တော့သည်။

တစ်ခါ တစ်ခါမှာ ကန်ရေပြင်ကို လှမ်းငေးကာ အဆုံးမရှိသော အတွေးစတို့ကိုဖမ်းရင်း ပေါ်ဆန်းမွှေးရနံ့ကြမ်း ကိုသောက်ကာ စကားလုံးတို့ကို ပုံဖော်ရာမှ ဆယ့်နှစ်နာရီကို ကောင်စွန်းကာ ဆယ့်နှစ်နာရီခွဲသွားလေသည်။ ဒီတော့မှ မြူသည် ပတ်ဝန်းကျင်ကို ဂရုစိုက်ဖို့ သတိရသည်။ ဘေးဘီကို ငဲ့ကြည့် လိုက်လျှင် မြူ့ကို လက်ထောက်ကာ စိုက်ကြည့်နေသော အခုနက ကောင်လေးကို မြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြူက စာအုပ်တွေ သိမ်းနေတုန်းမှာပဲ သူက အနား သို့ ရောက်လာလေသည်။

"ဘယ်လိုလဲ မမ။ ကျွန်တော့်ကို စကားပြောဖို့ အချိန်ပေး မှာလား"

"ဆောရီး။ ထမင်းဆာနေပြီ ဖြစ်တဲ့အတွက် စကားပြောဖို့ စိတ်မပါတော့ဘူး"

ကောင်လေးက ဒီလောက်ကိုတော့ မမှုဟန်ဖြင့် ခပ်ပြုံးပြုံးနှင့်ပင် ...

"ရပါတယ်၊ နောက်နေ့တွေ အများကြီး ကျန်သေးတာပဲ။ မမ သိထားဖို့က ကျွန်တော်က မမကို အပျင်းပြေလာရော နေတာမျိုး မဟုတ်ပါဘူး"

မြူသည် ထိုကောင်လေးကို တည့်တည့်စိုက်ကြည့် ကာ မထီတရီပြုံးပြလိုက်လျှင် ကောင်လေးက မြူ့အပြုံးအောက် ၌ ငေးခနဲ ဖြစ်သွားသည်။ အဲဒီအချိန်မှာပဲ မြူက လှည့်ထွက်လာ ခဲ့လေသည်။ မြူသည် လှေကားထစ်များအတိုင်းမှ တက်လာလျှင် နောက်မှ အပြေးလိုက်လာသော ကောင်လေးရဲ့ ခြေသံတွေကို ကြားနေရသည်။





မြူက ကိုယ့်ကိုယ်ကိုယ်မို့ ပြောခြင်းမဟုတ်ပါ။ မြူရဲ့ မျက်နှာတစ်ခုလုံးတွင် အဆွဲဆောင်နိုင်ဆုံးသော အရာမှာ မျက်လုံးနှင့် နှုတ်ခမ်းမှ အပြုံးတစ်ခု ဖြစ်သည်ဟု လူတိုင်းက ပြောတတ်ကြသည်။ မျက်လုံးကတော့ အညိုရောင်မျက်ကပ်မှန် တပ်ထားသလားဟု အမြဲအမေးခံရအောင်ပင် အညိုရောင်တွေအိ နေသည့် ထူးထူးဆန်းဆန်း မျက်ဝန်းညိုကြီးများ ဖြစ်ကြသည်။

နှုတ်ခမ်းကတော့ ပုံမှန်အတိုင်း တည်ထားလျှင်တော့ သာမန်လှရုံမျှသာ။ သို့သော် အဲဒီနှုတ်ခမ်းဖြင့် ပြုံးပြလိုက်ပြီဆို လျှင်တော့ ထိုအပြုံးကို မစွဲလမ်းသူ မရှိချေ။ မိန်းကလေးချင်း ကတောင် မြူ ပြုံးရင် အရမ်းလှတယ်၊ ဘယ်လိုပြုံးသလဲဟုမေး လျှင် မြူက ဟက်ဟက်ပက်ပက် ရယ်မောတတ်စမြဲ ဖြစ်လေသည်။ မြူရယ်တာသည် တခြားမိန်းကလေးတွေလို လက်နှင့်ကွယ်ရယ် တာ၊ ခေါင်းငုံ့ရယ်တာမျိုး မဟုတ်ဘဲ တကယ့်ကို သဘောတကျ နှင့် ခေါင်းမော့ကာ လွတ်လွတ်လပ်လပ် ရယ်တတ်သူမို့ အဲဒီ စတိုင်လ်ကိုလည်း လူတွေက သဘောကျကြသည်။

တစ်နည်းဆိုရသော် မြူသည် တခြားစာရေးဆရာမ တွေနှင့် သိပ်မတူသော စာရေးဆရာမတစ်ယောက် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တချို့ကတော့ မြူ့ကို စာရေးဆရာမ မလုပ်ဘဲ ရုပ်ရှင်မင်းသမီး လုပ်ဖို့ တိုက်တွန်းကြသည်။ မြူနှင့် ခင်နေသော ဒါရိုက်တာတွေ ဆိုလျှင် ဗီဒီယိုရိုက်ဖို့ ခဏ ခဏ ခေါ်သည်။ သို့သော် မြူက ပြုံးပြုံးလေးနှင့် ခေါင်းခါငြင်းဆန်မြဲ ဖြစ်ပါသည်။

"မဖြစ်ပါဘူး ဆရာတို့ရယ်၊ အလှဓာတ်ပုံရိုက်တာတောင် နေရထိုင်ရ ခက်နေတဲ့ဟာ၊ မီးထိုးတာနဲ့ ‘ချွေးတွေကပြန် ခေါင်းကိုက်လာရော ...

ပြီးတော့ မြူက လွတ်လွတ်လပ်လပ် နေတတ်သူ၊ စာအုပ်အဟောင်းတန်းမှာ အုတ်နီခဲ ဖင်ခုထိုင်ပြီး စာအုပ် ရွေးဖတ် လုပ်ချင် လုပ်နေတတ်တာ ...

ဒါမှမဟုတ် ပလက်ဖောင်းပေါ်မှာ လမ်းလျှောက် ရင်လျှောက်၊ တရုတ်တန်းမှာ ဝက်သားတုတ်ထိုးစား၊ ဗယာကြော်သည်ကုလား စိန်ဘာဘူတို့နဲ့ လေရိုက်ချင်လည်း ရိုက်နေတတ်တာ"

တကယ်ကိုပင် မြူရဲ့စတိုင်လ်က အဲဒါမျိုးဖြစ်သည်။ ဘယ်လိုဗီဇနှင့် ဝါသနာကြောင့်လဲတော့ မပြောတတ်ပေ။ မြူ စာရေးတာနားသော စနေ တနင်္ဂနွေနေ့မျိုးတွင် တစ်နေကုန်





လျှောက်သွားတတ်ကာ လူတွေထဲမှာ ရောနှော၍ နေတတ်သည်။ တစ်ခါတလေ ဆယ်တန်းအောင်ပြီးစ ကလေးတွေနှင့် စပီကင် တွေ၊ ကွန်ပျူတာတွေ လိုက်တက်ကာ ကုန်ကြမ်းရှာသလို၊ ဗေဒင် လက္ခဏာသင်တန်းတောင် မရှောင်ချေ။

ဒါကြောင့် တစ်မျိုးသော အတွေးအခေါ်တွေနဲ့ နေထိုင်သော မြူရဲ့ဝတ္ထုတွေသည် ရှထောင့်တစ်မျိုးမှ တင်ပြထားသဖြင့် စာရေးသက်တမ်း သုံးနှစ်အတွင်းမှာပဲ ပရိသတ်ပေးထားသော ခိုင်မာသည့် နေရာတစ်နေရာကို ရထားပြီးသားဖြစ်၍နေလေသည်။ ဒါပေမဲ့ မြူသည် လူထဲက လူပီသစွာ ဒါထက်ပိုတာက အနုပညာရှင်တစ်ယောက် ပီသစွာဖြင့် မလိုသူတွေရဲ့ တိုက်ခိုက်ခြင်းကိုလည်း ရင်ဆိုင်ရသေးသည်။ မြူကတော့ အပြုံးမပျက်ပေ။ အစဉ်အမြဲ နူးညံ့အေးချမ်းကာ စိုးရိမ်ပေးတတ်သော ကိုကြီး ကိုတောင် မြူက ဒဿနစကားတွေဖြင့် ဆုံးမလိုက်သေးသည်။

"လောကမှာ အောင်မြင်မှုကို အရာနှစ်ခုနဲ့ စတေးရတယ် ကိုကြီး။ တစ်ခုကတော့ ဘဝကိုစတေးပြီး အောင်မြင်မှုကို ရယူတာ။ တစ်ခုကတော့ ကြံ့ခိုင်တဲ့စိတ်ဓာတ်ကို စတေးပြီး အောင်မြင်မှုကို ယူထားတာ ...



www.burmeseclassic.com

www.burmeseclassic.com



မြူကတော့ ကြံ့ခိုင်တဲ့စိတ်ဓာတ်ကို စတေးထားတယ်။ ဘေးထိုင်ဘုပြောနေတဲ့ လူတွေရဲ့စကားကို မြူက သိပ်အုံးမစားဘူး ကိုကြီး။ လောကမှာ အဲဒီထက် စိတ်ဝင်စားစရာကောင်းတဲ့ အရာတွေ အများကြီးပဲရှိတယ်"

ဒီလိုအခါမျိုးတွင် ကိုကြီးက ပြုံးကာခေါင်းတဆတ်ဆတ် ညိတ်နေတတ်သည်။ မြူသည် ကိုယ်မှန်တယ်ထင်သောကိစ္စတွေမှာ နည်းနည်း ခေါင်းမာတတ်သည်။ အလျှော့လည်းမပေးတတ်ချေ။ ပြီးတော့ အရာရာကို ခံစားတတ်သော နှလုံးသားရှိသူ မြူသည် အချစ်ကိုကစားနေသူ (သို့) ကုန်ကြမ်းရှာနေသူတစ်ယောက်အဖြစ်လည်း နာမည်ကြီးတာ ဖြစ်လေသည်။

မြူ ကားမောင်းနေစဉ်မှာပင် ဖုန်းဝင်လာလျှင် မြူက ဖွင့်ထူးလိုက်သည်။

ဖုန်းက ကိုကြီးထံကပင်။

"မြူ စာရေးနေတုန်းပဲလား၊ ထမင်းမစားသေးဘူးလား"

"မြူ ပြန်လာနေပြီ ကိုကြီး"

ပြန်ဖြေရင်းနှင့် မြူ့မျက်လုံးက ဘေးသို့ကပ်လာသောကားထဲ ရောက်သွားလျှင် ခပ်ပြုံးပြုံးနှင့် လက်ပြနေသော



အနုနက ကောင်လေးကို တွေ့မြင်လိုက်ရသည်။ မြူသည် မပြုံးဘဲ မျက်နှာလွှဲလိုက်လေသည်။

"တစ်နာရီပဲ ထိုးတော့မယ်၊ ထမင်းမစားရသေးဘူးလား။ အဲဒါက မကောင်းဘူးနော် မြူ"

မြူသည် ဟက်ခနဲ ပြန်ရယ်လိုက်သော်လည်း ဘာမှ ပြန်မပြောဖြစ်တော့ပေ။ ဒီဆရာဝန်က ကျန်းမာရေးကိစ္စနှင့် ပတ်သက်လာလျှင်တော့ အဘိုးကြီးလေးလို တဗျစ်တောက်တောက် အလွန်လုပ်လွန်းလှသည်။

"ကိုကြီး ဘာကိစ္စရှိလို့လဲ"

"ကိုယ် အိမ်ပြန်ရောက်နေတာလေ၊ မြူ ထမင်းပြန်လာမစားသေးတာသိလို့မေးတာ၊ အခု ကားမောင်းနေတာလား"

"ဟုတ်"

"ဒါဆို ဖုန်းချတော့မယ်၊ ရောက်တာနဲ့ အိမ်ဘက်ကို ကူးလာခဲ့"

"ဟင့်အင်း ... ကိုကြီး ကူးလာခဲ့"

ကိုကြီးက ဘာဖြစ်လို့လဲဟု ပြန်မမေးပေ။ အင်း ... စောင့်နေမယ်ဟုဆိုလျက် ဖုန်းချသွားသည်။ မြူသည် ဖုန်းထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ထည့်ထားသော ကိုကြီးရဲ့ ဂျူတီကုတ်နှင့်ပုံကို နှာခေါင်းတစ်ချက်ရှုံ့ပြကာ ခေါက်ဖုန်းလေးကို ပိတ်ချလိုက်သည်။

မေမေ ရှိစဉ်ထဲက မေမေသည် မြူ့ကို ကိုကြီးနှင့်နေရာချထားပေးချင်ခဲ့သည်။ ကိုကြီးရဲ့မေမေ အန်တီနန္ဒာကဆိုလျှင် မြူ့ကို တုန်နေအောင် ချစ်ပေသူတည်း။ ချွေးမတစ်ယောက်အဖြစ်လိုချင်တာထက် သမီးတစ်ယောက်လို မြတ်နိုးချစ်ခင်ရှာတာဖြစ်သည်။ အရာအားလုံး အဆင်ပြေနေပါလျက်နှင့် မြူသည် ကိုကြီးကို လက်ထပ်ဖို့ မစဉ်းစားခဲ့ချေ။ ဒါဆို ကိုကြီးကရော ...။

ကိုကြီးက မြူ့အပေါ်တွင်ထားသော မေတ္တာသည် ဘယ်ယောကျ်ားတစ်ယောက်ကမှ မြူ့အပေါ်တွင် မထားနိုင်သော မေတ္တာမျိုးဖြစ်သည်။ မြူ့အနားတွင် အချစ်တွေက ပေါသည်။ မြူသည် ရှားပါးသော မေတ္တာမျိုးစိတ်များကို ပိုင်ဆိုင်ဖို့ထက် ဖျန်းပက်ပေးတာလောက်နှင့်ကို ဘဝရဲ့နေ့ရက်များမှာ အေးချမ်းလှပခဲ့ရဖူးပေသည်။





ထိုကောင်လေးသည် ဒုတိယနေ့မှာလည်း မြူ့ထံသို့ ရောက်လာသည်မဟုတ်၊ နေ့တိုင်းပင် ရောက်လာတတ်သည်။ စကားပြောခွင့် တောင်းသည်။ သို့သော် မြူကလည်း ပြုံးပြုံးလေးနှင့် ငြင်းပယ်ခဲ့စမြဲပင် ဖြစ်လေသည်။ ဒီလိုနှင့် သူနဲ့တွေ့တာ ငါးရက်မြောက်သွားသည်။ မြူက စကားမပြောခဲ့။ စနေ တနင်္ဂနွေမှာတော့ အနားယူသည့် ထုံးစံအတိုင်း မြူက စာမရေးတတ်ပေ။ ထိုနေ့မျိုးတွင် မြူသည် ကိုကြီး၏အမေနှင့်အတူတူ ထမင်းဟင်းကူချက်ကာ နေတတ်သည်။

ညနေဘက်ရောက်လျှင် ကိုကြီးနှင့်အတူတူ မုန့်ထွက်စားရင်စားသည်။ စကားပြောကြသည်။ ဒါက မြူရဲ့ပုံမှန်အားလပ်ရက်များပဲ ဖြစ်တော့သည်။ ဒီလိုနှင့် တနင်္လာနေ့ ပြန်ရောက်လာလျှင် မြူက စာရေးနေကျ နေရာလေးထံသို့ ရောက်သွားတတ်



www.burmeseclassic.com

www.burmeseclassic.com



စမြဲ။ ဒီနေ့တော့ ထိုကောင်လေးကို မြူရဲ့အသစ်ထွက်သော ဝတ္ထုတစ်အုပ်နှင့်အတူ မြင်တွေ့ရလေသည်။ သူက မြူ ရောက်လာတာနှင့် မြူ့အနားသို့ ချက်ချင်းပဲ ရောက်လာကာ ...

"မမက စနေ တနင်္ဂနွေမှာ နားတာလား"

မြူက သူ့ကိုမော့ကြည့်ရင်းမှ ခေါင်းညိတ်ပြလိုက်သည်။ သူက မြူ့ရှေ့သို့ ဝတ္ထုစာအုပ်ကို ချပေးရင်း ...

"မမရဲ့လက်မှတ် ထိုးပေးပါ"

မြူသည် ဘာမှပြန်မပြောဘဲ ဘောပင်ကို အသာယူကာ လက်မှတ်ထိုးပေးလိုက်သည်။

"ကျွန်တော် ဒါကို အခုမှ ဝယ်လာတာ၊ ဒီနားမှာပဲ ထိုင်ဖတ်မယ်။ ပြီးရင် မမနဲ့ စကားပြောမယ် ဖြစ်မလား"

"may be (ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်လေ)"

ထိုအခါ ကောင်လေးက အိုကေဟု တိုးတိုးရွတ်ကာ မြူ့အနားမှ ထွက်ခွာသွားလေသည်။ မြူသည် သူ့ကျောပြင်ကို ငါးစက္ကန့်မျှ စိုက်ကြည့်ပြီးနောက် ပြုံးရင်း စာ,စရေးဖို့ပြင်သည်။ တစ်ဆက်တည်းတွေးမိသည်မှာ မြူ့၌စကားလုံးအသစ်တွေ၊ plot အသစ်တွေ၊ အိုက်ဒီယာအသစ်တွေ ရတော့မယ် ဆိုတာပဲဖြစ်သည်။





ထုံးစံအတိုင်း မြူဟာ စာကို စိတ်ပါလက်ပါရေးသည်။ နှစ်ရက်တာမျှ ဝေးကွာခဲ့သော မြူရဲ့ဇာတ်ကောင်များသည် မြူ့ကို ဝမ်းပန်းတသာနှင့် ကြိုဆိုကာ သူတို့ကို ဆက်လက်အသက်သွင်းပေးဖို့ တပူပူတဆာဆာနှင့် တောင်းဆိုနေကြသည်။ မြူသည် ထိုအဖြစ်ကို သဘောကျကာ ပြုံးပြီး စာရေးလေသည်။ စာရေးနေရတဲ့ အချိန်လောက် မြူ့ဘဝတွင် စိတ်ချမ်းသာတာ မရှိဟုထင်သည်။

မြူ့ဇာတ်ကောင်တွေကို မြူ စိတ်တိုင်းကျ ဖန်တီးရသလို အပြင်ဘဝ၌ မြူ ဘယ်သူ့ကိုမှ စိတ်တိုင်းကျ ဖန်တီး၍ မရ။ ဒီအချက်ကကို မြူ့အား စာမရေး,ရေးဖြစ်အောင် တိုက်တွန်းနေသလိုပဲ ဖြစ်သည်။ စာရေးခြင်းသည် မြူ့ရဲ့ကမ္ဘာဖြစ်သည်။ မြူ့ရဲ့ခံစားချက်တို့ကို သွန်ချသော နေရာတစ်ခုလည်း ဖြစ်သေးသည်။ မြူ့ခံစားချက်တွေကလည်း ဒီအတိုင်း ပြီးသွားတာမှ မဟုတ်ချေ။ ခံစားတတ်သူမှ ခံစားပေးသောသူများထံသို့ ရောက်သွားတာကို မြူ ပီတိအဖြစ်ဆုံးပင်။

တကယ်တော့ ပရိသတ်ဆိုတာထက် သူတို့ကို မြူက ခံစားပေးသူများဟု သတ်မှတ်လေသည်။ မြူသည် ခံစားပေး



www.burmeseclassic.com

www.burmeseclassic.com



သူများအတွက် ခံစားရကျိုးနပ်အောင် ဒါမှမဟုတ် ခံစားမှုတွေ တရိပ်ရိပ် တက်လာအောင် ဖန်တီးရေးသားရာတွင် ညောင်းညာရမှန်းကို မသိ။ ဒီလိုနှင့် ဆယ့်နှစ်နာရီတွင် မြူ စာရေးတာပြီးသွားသည်။

မြူက ဘောပင်ကို လွှတ်ချလိုက်လျှင် ဘယ်အချိန်ထဲက မျက်တောင်မခတ်စတမ်း ကြည့်နေဟန်တူသော ကောင်လေးမှာ အနားသို့ ရောက်လာခဲ့ပြန်လေသည်။ ဒီတစ်ခါတော့ မြူက သူ့ကို ခေါင်းတစ်ချက် ဆတ်ပြလျက် "ထိုင်ပါ"ဟု စတင်ခွင့်ပြုလိုက်လေသည်။

မြူ ကိုယ်တိုင်လည်း မတ်မတ်ထိုင် စာရေးနေရာမှ နောက်ကိုမှီချလျက် ဖြေလျော့ထိုင်လိုက်လေသည်။

"မမ စာရေးတာ ပြီးသွားပြီပေါ့နော်"

"ဘယ်လိုလုပ် သိတာလဲ"

"မမက ဘောပင်ကို လွှတ်ချလိုက်တယ်လေ"

"ဘောပင်ကို လွှတ်ချတာနဲ့ စာရေးတာ ပြီးရောတဲ့လား"

ထိုကောင်လေးက တစ်ချက်ပြုံးသည်။ ဖြေရှင်းချက်လာမယ်လေဟူသော အပြုံးမျိုးဖြင့် ပြုံးနေရာမှ ...





"ကျွန်တော် မမကို ငါးရက်တိတိ သတိထားကြည့်ပါတယ်၊ မမက စာရေးနေရင် ဘောပင်ကို စောင်းပြီးရေးတတ်တယ်၊ တစ်ခုခုကို တွေးပြီဆိုရင် ဘောပင်ကို လက်နဲ့လှည့်ကစားတတ်တယ်။ အဲဒါက ခဏတွေးရင်။ အကြာကြီးတွေးရင်တော့ ဘောပင်ကိုင်ထားတဲ့လက်နဲ့ပဲ မေးထောက်လိုက်၊ ပါးကိုဘောပင်နဲ့ရိုက်လိုက် စသဖြင့် အမျိုးမျိုးပေါ့ဗျာ ကစားတယ်။ ဒါပေမဲ့ ဘောပင်ကို လက်ကလွှတ်ချတယ်ဆိုတာ လုံးဝမရှိဘူး ...

အားလုံးပြီးပြီ ဆိုမှပဲ စိတ်ဒုံးဒုံးချလိုက်တဲ့ပုံစံနဲ့ ဘောပင်ကို လွှတ်ချလိုက်တော့တယ်"

မြူက ဘာမှမပြောဘဲ ပြုံးနေလျှင် ကောင်လေးက ဝတ္ထုစာအုပ်ကို ထောင်ပြကာ ...

"ဒီစာအုပ်က ဖတ်လို့ကောင်းတယ်၊ အဲဒီထက်ကောင်းတာက စာရေးဆရာကို ရှေ့မှာထားပြီး သူရေးတဲ့ဝတ္ထုကို ဖတ်နေရတာက တကယ်သစ်တဲ့ ဖီလင်ပဲ။ မမရော ကိုယ်ကြိုက်တဲ့ စာရေးဆရာကိုကြည့်ပြီး သူ့ဝတ္ထုကို ဖတ်ဖူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း။ ဟုတ်တယ်။ ဒါ အသစ်ပဲ မင်းပြောတဲ့ plot လေး မဆိုးဘူး၊ စာထဲထည့်ရေးရင် မိုက်တယ်"

ကောင်လေးက ပြုံးပြီးခေါင်းယမ်းကာ ...

"မမက ကုန်ကြမ်းတွေကို ဒီလိုပဲ ရှာတာလား"

"တို့က ရှာတာမဟုတ်ဘူး။တို့ကို လာပေးကြတာ။ ဒါပေမဲ့ လူဆိုတာ မြင်တတ်တဲ့ မျက်စိတော့ ရှိဖို့လိုတယ်။ မင်း အနေနဲ့ ဒီလိုစကားကို တခြားမိန်းကလေးတစ်ယောက်ကို သွားပြောလို့ သူ သဘောကျချင်ကျမယ်။ အသုံးချတတ် မှာတော့ မဟုတ်ဘူး ...

တို့အတွက်ကတော့ စကားလုံးဆိုတာ အထူးတလည် ရှာဖွေမနေရဘူး။ သို့သော် မြင်တတ်ရတယ်"

"မမ ... ကျွန်တော့်နာမည် တိမ်ယံပါ။ ကျွန်တော့်ကို မမ ရဲ့မိတ်ဆွေတစ်ယောက်အဖြစ် အသိအမှတ် ပြုပေးပါလား"

"သိပ်တော့ အပန်းကြီးတဲ့ကိစ္စတစ်ခု မဟုတ်ပါဘူး။ ဒါပေမဲ့ တစ်ခုတော့ရှိတယ်"

"ဘာများလဲဟင်"





"မိတ်ဆွေဆိုတဲ့ ခေါင်းစဉ်အောက်မှာ မင်းအနေနဲ့ တို့ကို စိတ်တိုင်းကျ ပြောဆိုပတ်သက်ခွင့် မရှိဘူး။ အနီးစပ်ဆုံး ပြောရရင် မင်း ဒီကိုနေ့တိုင်းလာပြီး တို့ စာရေးနေတာ ကို ထိုင်ကြည့်နေတာမျိုး။ တို့ ပြန်ရင် ကားနဲ့လိုက်တာ မျိုး မလုပ်ပါနဲ့။ ဒါဟာ မိတ်ဆွေတို့လုပ်ရမယ့် ပုံစံမဟုတ် ဘူး ...

နောက်တစ်ခုက တို့ဟာ စိတ်ထဲက ခံစားမှုအတိုင်း ပဲ နေတတ်တယ်။ အပြင်မှာ အေးနေပေမယ့် တို့စိတ်က ပူရင် ပူနေတယ်ပဲ၊ အများကို မထိနိုက်တဲ့ စိတ်ခံစားမှုဆို ရင် သူများကို သိပ်ထည့်တွက်လေ့ မရှိတတ်ဘူး ...

ဒါတွေကို လက်ခံနိုင်ရင်တော့ မင်းအတွက် အဆင် ပြေမယ်

"ရပါတယ်၊ ကျွန်တော်က ပတ်သက်ချင်တဲ့လူပဲ၊ လိုက် လျောရမှာပေါ့"

ဒီလိုနှင့် မြူနှင့် တိမ်ယံတို့ ရင်းနှီးသွားကြသည်။ တိမ်ယံသည် မြူ့အတွက်တော့ တစ်မျိုးစိတ်ဝင်စားစရာကောင်း သည့် သူငယ်လေးတစ်ဦးဖြစ်သည်။ သူသည်လည်း မြူနှင့်ဘဝတူ



www.burmeseclassic.com

www.burmeseclassic.com



တွေပင်။ တစ်ခုသာတာက သူ့အစ်မတွေက သူ့ကို သားတစ်ယောက်လို ချစ်ခင်ယုယကြခြင်းပဲ ဖြစ်သည်။ မြူသည် ကိုယ့်ထက် ငါးနှစ်မျှငယ်သော ကောင်လေးတစ်ယောက်နှင့် မိတ်ဆွေဖြစ်ရခြင်းကို တစ်မျိုးမွေ့လျော်လေသည်။

သူ့ထံမှ မြူ မသိရသော အကြောင်းအရာတွေကို သိရသည်။ မြူ သိချင်သော လူငယ်တွေ၏စရိုက်ကို လေ့လာခွင့်ရသည်။ ပြောရလျှင် မြူ့အတွက် ကုန်ကြမ်းတွေ ရလေသည်။ ကိုကြီးကတော့ မြူ့ကို မှတ်ချက်ပေးသည်မှာ ...

"မြူက ပရိတ်သတ်အတွက် တော်တော်ပေးဆပ်တဲ့သူပဲ"ဟူ၍ ဖြစ်သည်။

"ဘာလဲ ... ကိုကြီးက မြူ့ကို ကုန်ကြမ်းရှာတယ်လို့ ပြောချင်တာလား"

"အဲဒီလိုတော့ ဆိုလိုတာ မဟုတ်ပါဘူး"

"မြူ သိပါတယ်။ ဒါပေမဲ့နော် ကိုကြီး၊ အဲဒီကုန်ကြမ်းတွေကို မြူက တမင်ရှာဖွေတာ မဟုတ်ဘူး။ သူပေးနေတဲ့ အရာတွေကို မြူက သုံးတတ်တာ။ မြူ ပြောတာ သဘောပေါက်လား မသိဘူး"





"ပေါက်တယ် ... ပေါက်တယ်။ မြူက ဆေးစက်ကျရာ အရုပ်ထင်တာ။ အဲဒီလို ...။ ဒါပေမဲ့ မြူ့ကို တစ်ခုပြောချင်တယ်"

မြူက ကိုကြီး အဲဒီလိုပြောလျှင် သိပ်စိတ်ဝင်စားလှရှိသည်။ အရည်တဖျပ်ဖျပ်လက်နေသော မျက်ဝန်းများဖြင့် ငေးကာ ကိုကြီးစကားကို စောင့်စားတတ်သည်။ ကိုကြီးဟာ တော်တန်ရုံ မြူ့ကို ဘာမှသိပ်ဝေဖန်ပြောတတ်သူ မဟုတ်ပေ။ မြူ့ကျန်းမာရေး ကိစ္စကလွဲလို့ သူက ဘာကိုမှ မှတ်ချက်မပေးတတ်။

ကိုကြီးက မြူ့မျက်နှာကို တစ်ချက်ငေးကာ ...

"ကောင်လေးက နည်းနည်းဇွတ်တရွတ်နိုင်မယ့်ပုံစံ ရှိတယ်၊ အဲဒါကို မြူ သတိထားဖို့လိုမယ်"

"မြူ နားလည်ပါတယ် ကိုကြီး"

"နားလည်ရုံတင် မကဘူး မြူ။ လိုက်နာဖို့လည်း လိုတယ်။ သူက မိဘမရှိတော့ဘဲ အစ်မတွေကပဲ အုပ်ချုပ်တာဆိုတော့ ဒါမျိုးက ပတ်သက်ဆက်ဆံရတာ သိပ်အဆင်မပြေဘူး။ ပြေချင်ရင်လည်း အရမ်းပြေမယ်ကွာ၊ မပြေချင်ရင်လည်း အဆိုးဘက်ကို လုံးဝရောက်သွားနိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မြူ သဘောပေါက်ပါတယ် ကိုကြီး၊ စိတ်မပူပါနဲ့"

မြူရဲ့ စိတ်မပူပါနဲ့ဟူသော စကားကို ကိုကြီးက စိတ်ပူနေဟန်သာ ရှိလေသည်။ သို့သော် မြူကတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်သည်။ မြူ့မေမေသည် မြူ့ကိုပုံစံသွင်းခဲ့တာက တစ်မျိုးဖြစ်သည်။ ယဲ့ယဲ့လေးတည်းက မြူ့ကိုပဲ စဉ်းစားဆုံးဖြတ်ခိုင်းတာများသည်။ မေမေက ဆုံးဖြတ်ပေးတာမျိုး ဘယ်တော့မှမရှိ။ အသေးအဖွဲ အရာများတွင် အမှားကို ထိတွေ့စေသည်။ မြူသည် တစ်ခါမှားသွားဖူးလျှင် ထိုအမှားမျိုး နောင်တစ်သက်လုံး ထပ်မလုပ်မိတော့ချေ။

မြူ ရည်းစားထားတော့မယ် ဆိုတုန်းကလည်း မေမေ သိခဲ့သည်။ ဘာမှတော့ မပြော။ ပြောတာကတော့ တစ်ခုတည်းပင်။

"သမီး အသက် ဆယ့်ရှစ်နှစ်ပြည့်ပြီးပြီပဲ။ ရည်းစားထားချင်ရင် ထားနိုင်တယ်။ တစ်ခုတော့ ရှိတယ်နော်၊ သမီးဟာ မြန်မာမိန်းကလေးတစ်ယောက် ဆိုတာတော့ မမေ့နဲ့ ...

အဓိကအချက်က သမီးဟာ အပျိုစင်တစ်ယောက်ဖြစ်တယ်၊ အဲဒါကို စောင့်ထိန်းဖို့နဲ့ ကာကွယ်တတ်ဖို့ပဲ"





မေမေ မှာကြားချက်ကိုတော့ မြူက နားထဲစွဲနေခဲ့သည်။ ကျန်တာကတော့ ရည်းစားထားသည့် သဘာဝအတိုင်း အစပိုင်းမှာ ပျော်ရသည်။ နောက်တော့ အဆင်မပြေဖြစ်ကာ ပြတ်ကြသည်။ ဒီလိုနဲ့ပဲ နောက်ထပ် ရည်းစားနှစ်ယောက် ထပ်ထားပြီးချိန်တွင် မြူက ရည်းစားထားရခြင်းကို စိတ်ကုန်သွားတော့လေသည်။

အဲဒီနောက်မှာတော့ မြူ ရည်းစားထပ်မထားတော့ချေ။ ယောကျ်ားတွေကို နားလည်မှုတစ်မျိုးနှင့်သာ ဆက်ဆံခဲ့သည်။ မြူက ကိုယ့်ကိုယ်ကိုယ် စာတတ်သွားပြီဟု ထင်ချိန်ဝယ် သူများတွေကလည်း ဆရာကြီးဟု ထင်ကုန်ကြပြီ ဖြစ်လေသည်။ သို့သော် အဲဒီထဲတွင် ကိုကြီး မပါခဲ့ပေ။ တိမ်ယံဆိုသော ကောင်လေးကတော့ ကိုကြီး သတိပေးခဲ့သလို တကယ့်ဇွတ်တရွတ်သမားလေးပဲ ဖြစ်တော့သည်။

သူနှင့် ခင်မင်တာ အနည်းငယ်ကြာလာသောအချိန်တွင် သူက(ထုံးစံအတိုင်း) အခွင့်အရေးတချို့ကို စ,တောင်းလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မ,က week end တွေဆို ဘယ်သွားတာလဲ။ ကျွန်တော်လည်း လိုက်ချင်တယ်ဗျာ၊ ဒီတစ်ပတ် ကျွန်တော်တို့ ရှေ့ပင်းထွက်ရအောင်"

"မထွက်ချင်ပါဘူး"

"ဟာ ... ဒါဆို ဘယ်လိုလုပ်မလဲ၊ ကျွန်တော်က တွေ့ချင်တဲ့ဟာပဲဟာကို၊ မ,အိမ် လာလည်ရမှာလား၊ အိမ်လေးဘာလေး အလည်ခေါ်ဦးလေဗျာ။ သိပ်နေနိုင်တာပဲ"

"မခေါ်ချင်ပါဘူး"

"ဟား ... မ,က လျှော်ပစ်တယ်ဗျာ၊ ခက်ကုန်ပြီ၊ မ, ... မ,ကိုလေ ကျွန်တော် လက်ဆောင်တစ်ခု ပေးချင်တယ်၊ မငြင်းရဘူးနော်"

"ပိကေတစ်ခုလောက် ဆိုရင်တော့ မငြင်းပါဘူး"

"ထွတ် ... မ,ကလည်းဗျာ။ စာတွေထဲမှာသာ အပိအပြင် အနအရွတွေ ခြွေနေတာ။ ကျွန်တော့်ကိုတော့ မခြွေပါလား ..."

မ,လက်နဲ့ စာရေးနေတာ ပင်ပန်းပါတယ်။ လက်လည်း ညောင်းတယ်၊ မ,တော့ မသိဘူး။ ကျွန်တော်တော့ ကြားတည်းကနေ အရမ်းညောင်းတာပဲ။ မ,မညောင်းဘူးလားဟင်"

"သြော် ... သွေးနဲ့ သားနဲ့ လူပဲဟယ်။ ညောင်းတော့လည်း ညောင်းတာပေါ့"

"အား ... အဲဒါ ပွိုင့်ပဲ။ မ, လက်နဲ့စာမရေးနဲ့တော့"

"ဘာနဲ့ ရေးရမှာလဲ"

"Laptop နဲ့ ရေးပေါ့။ အဟဲ ... အဲဒီ Laptop ကို ကျွန်တော်က လက်ဆောင်ပေးမှာ ... နော် ... လက်ခံမယ် မဟုတ်လား"

မြူသည် ထမင်းကို ထမင်းပေါင်းအိုးထဲက ရတာဟုသာ သိထားရှာသော ကောင်လေးကို ကရုဏာအပြုံးလေး ပြုံးပြလိုက်လျှင် သူက မြူ့မျက်နှာထံ အပြည့်အဝ ပျော်ဝင်နေဟန်ဖြင့် ငေးလို့နေသည်။ မင်း ရှုံးတော့မှာပဲ။

"လက်မခံပါဘူး။ မင်းက တို့ကို Laptop မဝယ်နိုင်လို့ လက်နဲ့ပဲရေးတယ်များ ထင်နေလို့လား"

"အာ ... မထင်ပါဘူး။ ဒါပေမဲ့ Laptop က ပိုအဆင်ပြေမှာပေါ့"





www.burmeseclassic.com

www.burmeseclassic.com



“တို့အတွက်တော့ မပြေဘူး၊ တို့ ကွန်ပျူတာရော အင်တာနက်ရော သုံးပါတယ်။ ဒါပေမဲ့ လက်နဲ့ပဲ စာရေးတယ်”

“ဟား ... ဒါပေမဲ့ Laptop နဲ့ ရိုက်နေတာက ပိုစတိုင်လ် မိုက်တာပေါ့ မ,ရဲ့။ မ,နဲ့ဆို ဘယ်လောက်လိုက်မလဲ”

မြူသည် ဘာမှမပြောတော့ဘဲ ခေါင်းကိုပဲယမ်းကာနေမိသည်။ ဒီကောင်လေးနဲ့ စကားပြောကြည့်လေလေ သူဟာ မြူ့ဘဝအတွက် ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတာ သေချာလာလေလေပဲ ဖြစ်လေသည်။ ဒါကြောင့် မြူဟာ သူ့ကို အရှိန်နည်းနည်း လျှော့ပစ်လိုက်သည်။

အဲဒီအခါတွင် သူသည် ကိုကြီး သတိပေးထားသလိုပင် တစ်ဖွတ်ထိုး မိုက်ရူးရဲဆန်လာလေသည်။

သူ ဆိုးသွမ်းလာသောအခါ သူ့အစ်မတွေပါ ပါလာလျှင် ပွဲကပိုရှုပ်ကုန်တော့သည်။ နောက်ဆုံးတော့ မြူသာလျှင် လူဆိုးဖြစ်၍ ကျန်ခဲ့တော့သည်။ ကိုကြီးက ဘယ့်နဲ့ရှိစဟူသော အပြုံးမျိုးပြုံးလျှင် မြူကတော့ အသာလေး ပခုံးတွန့်ကာ ...

“မြူက နောင်တတော့ မရပါဘူး ကိုကြီး။ ဒါပေမဲ့ ဆုံးဖြတ်ချက်တစ်ခုတော့ ချပြီးသား ဖြစ်သွားတယ်။ တစ်နေ့





မြူ အိမ်ထောင်ပြုခဲ့ရင်ပဲဖြစ်ဖြစ် ချစ်သူတစ်ယောက် ထားတော့မယ် ဆိုရင်ပဲဖြစ်ဖြစ် မြူ အသက်ငယ်တဲ့လူကို လုံးဝမစဉ်းစားဘူး”

“အသက်ငယ်တဲ့ ယောကျာ်းလေးတွေတော့ ဝမ်းနည်းကုန်တော့မှာပဲ”

“ဟုတ်တယ် ကိုကြီးရ။ မြူ လေ့လာကြည့်မိသလောက် ဆိုရင်လေ မိန်းမတွေက အသက်ငယ်တဲ့ ယောကျာ်းတွေကို သိပ်မကြိုက်ကြတာ များတယ်၊ ငယ်ရင်လည်း အလွန်ဆုံး သုံးလေးနှစ်ပဲ ...

ဒါတောင် အချစ်နဲ့ဆုံးဖြတ်လို့ ဦးနှောက်နဲ့သာဆို ငယ်တဲ့ယောကျာ်းကို သူတို့ မယူဘူး”

“ဒါဆို မိန်းမတွေက အသက်ကြီးတဲ့ ယောကျာ်းကို သဘောကျကြတာပေါ့။ အားကိုးချင်တာနဲ့ တူတယ်”

“အင်း ... အဲဒါလည်း ပါကောင်းပါနိုင်တယ်။ မြူ လေ့လာနေတယ်လေ၊ ပြီးရင် ဝတ္ထုတစ်ပုဒ် ရေးမယ်”

ကိုကြီးက မြူ့ကို ငဲ့စောင်း၍ကြည့်သည်။ ပြီးလျှင် မေးခွန်းတစ်ခု မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြူ အခုရေးနေတဲ့ ဝတ္ထုကရော ဘာအကြောင်းလဲ"

"မနဲ့မောင် ဇာတ်လမ်း"

မြူက ကိုကြီးရဲ့ ဖြစ်ပျက် ပြောင်းလဲသွားသော မျက်နှာကို ကြည့်ကာ စိတ်မကောင်းဖြစ်၍ သွားလေသည်။ ကိုကြီး ဘာကိုဆိုလိုချင်တယ် ဆိုတာကို မြူ သိသည်။ သို့သော် အဲဒီအတိုင်းမဟုတ် ဆိုတာကိုတော့ မြူ ရှင်းပြမနေတော့ပါ။

ကိုကြီးက မြူ့ကို တောင်းပန်တိုးလျှိုးသော မျက်လုံးများဖြင့် ကြည့်လာလျှင် မြူ့ရင်ထဲ၌ နင့်သွားသည်။

"မြူကို ကိုကြီး တစ်ခုလောက် မေတ္တာရပ်ခံပါရစေ"

"မေတ္တာရပ်ခံတယ် ဆိုတဲ့ စကားကို မသုံးပါနဲ့လား ကိုကြီး"

"မဟုတ်ဘူး မြူ။ ဒီစကားကို မြူ လိုက်နာပေးဖို့လိုတဲ့ အတွက် မေတ္တာရပ်ခံရတာပါ။ မြူ ယောကျ်ားလေးတွေကို မတွဲပါနဲ့တော့လား ..

မြူ့ဘက်က ရိုးသားတယ် ဆိုပေမယ့် မြူ့ရဲ့အပြုံးတစ်ခုဟာ သူတို့အတွက် မျှော်လင့်ချက်တစ်ခုပဲ။ မြူရဲ့ အပြုံးများစွာဟာ သူတို့အတွက် မျှော်လင့်ခြင်းများစွာပဲ။ မြူဟာ သာမန်မိန်းမတစ်ယောက် မဟုတ်တဲ့အတွက် မြူနဲ့ပတ်သက်ခွင့်ဟာ သူတို့အတွက် ကြီးမြတ်မျှော်လင့်စရာ ဖြစ်နေတယ် ...

မြူသာ အရပ်သူတစ်ယောက်ဆိုရင် သူတို့ဒီလောက် မျှော်လင့်မိမှာ မဟုတ်ဘူး။ ဒါကြောင့် သူတို့ကို မပတ်သက်ပါနဲ့တော့လား မြူရယ်"

မြူသည် နူးညံ့သော မျက်ဝန်းတွေနှင့် ချော့မော့တောင်းဆိုနေသည့် ကိုကြီးကိုကြည့်ကာ ရင်ထဲမှာ ခါးလာသည်။ ကိုကြီးကို မြူ့အတွက်နှင့် ဝမ်းနည်းကြေကွဲရတာမျိုး မြူ မဖြစ်စေချင်ပါ။

"တစ်နေ့နေ့မှာ မြူ တကယ်ချစ်တဲ့လူကို တွေ့လာရင် အချိန်ကာလတစ်ခုကိုတောင် စောင့်ကြည့်နေစရာ မလိုပါဘူး မြူ ...

အလိုလို သိသာလာပါတယ်။ အဲဒီအချိန်ရောက်ရင် မြူ သိလာလိမ့်မယ်။ အဲဒါဟာ အချစ်ဆိုတာကို"






www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး"

မြူက ခေါ်လိုက်လျှင် ကိုကြီးက ငဲ့ကြည့်သည်။ မြူသည် အဲဒီမျက်ဝန်းတွေထဲသို့ တည့်တည့်ပြုံးပြကာ ကိုကြီးရဲ့ လက်ဖဝါးတစ်ဖက်ကို ဖျစ်ညှစ်ဆုပ်ကိုင်လျက် ..

"ဒီနေ့ကစပြီး မြူ တစ်ယောက်တည်းပဲ နေတော့မယ် နော်"

ကိုကြီးက ပြုံးသည်။ ထိုအပြုံးမှာ မြူ့ကို မယုံသေးသော အပြုံးမျိုးဖြစ်သည့်အတွက် မြူ စိတ်မကောင်းပါ။

"လာမယ့် ဖေဖော်ဝါရီ(၁၄)ရက်နေ့ဟာ မြူ့ရဲ့နှစ်ဆယ့်လေးနှစ်မြောက် မွေးနေ့လေ။ အဲဒီမွေးနေ့ကို တိုင်တည်ပြီး ကိုကြီးကို ကတိပေးတယ် ...

မြူ Boyfriend တွေ မထားတော့ဘူး၊ တကယ်ပြောတာ"

"ကိုကြီး မြူ့ကို ယုံတယ်"

မြူသည် အဲဒီစကားလေးတစ်ခွန်းနဲ့တင် ကျေနပ်ပျော်ရွှင်သွားရကာ ကိုကြီးရဲ့ပခုံးစွန်းကို ခေါင်းလေးငဲ့ကာ တိုက်ပစ်လိုက်လေသည်။ မြူ့ကို ကိုကြီးက သိပ်ချစ်သည်။ မြူကလည်း





ချစ်တာပဲ ဖြစ်သည်။ သို့သော် မြူတို့ကြားထဲက ချစ်ခြင်းမှာ စေတနာစစ်စစ်တွေ ပါနေသော အဖြူရောင်ချစ်ခြင်းတစ်ခုသာ ဖြစ်သည်။

ဒါကို မြူတို့နှစ်ဦးတည်းသာ နားလည်နိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



# Part (II)

# မြူနှင့်ဖေဖော်ဝါရီလ(၁၄)



မြူရဲ့မွေးသက္ကရာဇ်မှာ (၁၄–၂–၁၉၈၃) ဖြစ်လေသည်။ ငယ်ငယ်လေးတုန်းကတော့ မြူသည် မွေးနေ့ရောက်လျှင် ပျော်ရွှင်ရတာကလွဲ၍ သိပ်ထူးထူးခြားခြား မရှိပေ။ မှတ်မှတ်ရရ မြူ ရှစ်တန်းနှစ်တွင် မြူရဲ့မွေးနေ့ဖေဖော်ဝါရီ(၁၄)နှင့် ပတ်သက်ပြီး ခံစားတတ်လာသည်။ ဖေဖော်ဝါရီ(၁၄)သည် မြူတို့လို ဆယ်ကျော်သက်တွေကိုသာမက နှစ်ဆယ်ကျော်သက်တို့ အထိပါ ဖမ်းစားထားနိုင်ခဲ့သည်။

အဲဒီအချိန်က ထွက်ခဲ့သော စည်သူလွင်၏ ချစ်သူများနေ့ စီးရီးစ်၊ အဲလက်စ်နှင့် ထွန်းအိန္ဒြာဗိုတို့၏ ဆုံနိုင်ခွင့်တေးစီးရီးစ်များသည် ဖေဖော်ဝါရီ(၁၄)ရက်အတွက် ချစ်သူအချင်းချင်း ပေးစရာ လက်ဆောင်များ ဖြစ်ခဲ့သည်ကို မှတ်မိနေသေးသည်။ တစ်စ တစ်စနှင့် ဖေဖော်ဝါရီ(၁၄)ရက်သည် လူငယ်များကြားထဲ၌



www.burmeseclassic.com

www.burmeseclassic.com



ဗိုင်းရပ်စ်ပိုးတစ်မျိုးလို ကပ်ငြိတွယ်ရောက်လာသည်။ ဒီမှာတင် မက တစ်ကမ္ဘာလုံး၌ ဖေဖော်ဝါရီ(၁၄)ရက်ကို စိတ်ဝင်စားကြသည်။

ဖေဖော်ဝါရီ(၁၄)ရက်အတွက် ရည်ရွယ်သော ထုတ်ကုန်များသည် အမြတ်အစွန်းများစွာကို ပေးစွမ်းနိုင်စွမ်းရှိလာသည်။ အဲဒီနေ့သည် တစ်ယောက်တည်းသမားများအတွက်တော့ ဘာမှအဓိပ္ပာယ်မရှိလှပေ။

တခြားအချိန်မှာ ချစ်သူရည်းစားမရှိတာက ဘာမှမသိသာပေမယ့် အဲဒီအချိန်မှာ မရှိတာတော့ တကယ်ကို ငေါ်စရာကောင်းလှသည်။

တစ်ခုထူးခြားတာက မြူသည် ဖေဖော်ဝါရီ(၁၄)ရက် ရောက်တိုင်း အနားမှာ ချစ်သူရည်းစားတစ်ယောက်မှ မရှိခြင်းပဲ ဖြစ်လေသည်။ ထူးဆန်းစွာပင် တိုက်ဆိုင်သည်။ သို့သော် မြူ့အတွက် အထီးကျန်တော့ မဖြစ်ပေ။

အဲဒီနေ့က မြူ့ရဲ့မွေးနေ့ ဖြစ်သည့်အတွက် မြူသည် ကိုကြီးထံက မွေးနေ့လက်ဆောင်နှင့် အချိန်တော်တော်များများကို ရလေ့ရှိသည်။





အခုလည်း မြူ့ရဲ့မွေးနေ့တွင် ကိုကြီးသာ အနားမှာရှိတော့သည်။ အဲဒီအခါမျိုးတွင် မြူက ဆုန်သင်းပါရဲ၏ "အနီးဆုံး မင်းလေးတစ်ယောက်သာ ကျန်ရစ်တယ်"ဟူသော သီချင်းစာသားလေးကို အမြဲဆိုလျှင် ကိုကြီးကလည်း ကြည်ကြည်နူးနူးပဲ ပြုံးနေတတ်ပါသည်။ တစ်ခါတလေတော့လည်း မြူ စဉ်းစားကြည့်မိသည်။ ကိုကြီးဟာ မြူ့ကို ဘာလို့ အဲဒီလောက်တောင် နားလည်နိုင်စွမ်း ရှိရတာလဲ။ ဂရုစိုက်နိုင်ရတာလဲ၊ ဒီလို လူတစ်ယောက်ထံက အချစ်ကို မြူ ရရင် ဘယ်လိုနေလိမ့်မလဲ။

မြူသည် မွေးနေ့မတိုင်ခင် တစ်ပတ်လောက်အလိုမှာ ကိုကြီးကို မေးကြည့်ခဲ့ဖူးသည်။

"ကိုကြီး အသက်လည်း မငယ်တော့ဘူးနော်။ မိန်းမယူဖို့ မစဉ်းစားတော့ဘူးလား"

ကိုကြီးက မြူ့စကားကို ပြုံးသည်။ ပြီးလျှင် မြူ့ကို အသာငဲ့ကြည့်ကာ ...

"ကိုယ့်အသက် သုံးဆယ်ပဲ ရှိပါသေးတယ် မြူရဲ့"

"အင်းလေ ... ဒါ ယောကျ်ားတစ်ယောက်အဖို့ အိမ်ထောင်ပြုသင့်တဲ့ အရွယ်ရောက်နေပြီပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ကတော့ ဒီလို မထင်မိပါဘူး"

"ဟုတ်လား။ ကိုကြီး ဒီအချိန်ထိ ရည်းစားလည်း မထားခဲ့ဖူးဘူးနော်။ ပျင်းစရာကြီး။ အချစ်ဆိုတာလည်း မရှိပါဘူး။ ဟွန်း ... ပျင်းရိဖွယ်ရာ"

မြူ့ရဲ့ နှာခေါင်းတရှုံ့ရှုံ့ အပြောကို ကိုကြီးကို အသာရယ်နေလေသည်။ မြူသည် ကြိမ်ဆက်တီထိုင်ခုံဝိုင်းကြီးပေါ်၌ ခြေထောက်ချိတ်ကာ ထိုင်နေသော ဆရာဝန်လူရည်သန့်ကိုကြည့်ကာ မိန်းမပေးစားချင်စိတ် ပေါ်လာလေသည်။

အိမ်နေရင်းဝတ်သည့် ရှပ်လက်တိုတစ်ထည်နှင့် ပုဆိုးနက်ပြာရောင်ကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသော ကိုကြီးသည် တကယ့်ကို handsome ဖြစ်သူတစ်ယောက်ပင်ဖြစ်သည်။ ဒီလိုလူအနားမှာ အိမ်သူသက်ထားလေး တစ်ယောက်လောက်တော့ ရှိသင့်ပေသည်ပဲ။

"ကိုကြီး မိန်းမယူပါတော့လား။ မြူ ရှာပေးမယ်လေ၊ ဘယ်သူ့ကိုကြိုက်လဲ၊ မြူ ဖန်ပေးမယ်၊ ရုပ်ရှင်မင်းသမီး မြဒါလီကို ကြိုက်လား"

"နေပါ မြူရယ်"





"မနေပါဘူး၊ အန်တီနန္ဒာလည်း မြေးချီချင်ရောပေါ့ ... ပြောပါ၊ မြူ ရှာပေးမယ်"

ကိုကြီးက ခေါင်းတယမ်းယမ်းပဲ ရှိနေလျှင် မြူက မျက်စောင်းချိကာ ...

"ကိုကြီးက အချစ်တောင် မရှာနိုင်ဘဲနဲ့များ ငြင်းနေရသေးလား"

ဒီတစ်ခါတော့ ကိုကြီးက မြူ့ကို တည်ငြိမ်စွာကြည့်လာကာ ...

"အချစ်ဆိုတာ ဘာကိုခေါ်တာလဲ မြူ"

"မြူလည်း အဲဒါကို သိချင်နေတာပဲ"

မြူက မဆိုင်းမတွ ပြန်ဖြေလျှင် ကိုကြီးက ခေါင်းတစ်ချက်ညိတ်ကာ ...

"အချစ်နဲ့ ပတ်သက်ပြီး လူတွေက အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုကြတာ၊ ဒဿနတွေ ထုတ်ကြတာ မြူလည်း သိမှာပါ။ တကယ်တော့ ကိုယ့်ရဲ့ဒဿနအစစ်မှ မဟုတ်ဘဲ ...

တစ်စုံတစ်ယောက်က ပေးအပ်လာတဲ့ ချစ်ခြင်းပေါ်မှာ မူတည်ပြီး အဓိပ္ပာယ်ဖွင့်ဆိုကြတာ၊ ဥပမာ ... ကိုယ်



www.burmeseclassic.com

www.burmeseclassic.com

ချစ်ရတဲ့ အချိန်မျိုးက ပေးဆပ်ရတဲ့ ချစ်ခြင်းဆိုရင် သေချာပြီ။ ဘယ်သူကမေးမေး အဲဒီလူဟာ ဖြေမှာပဲ။ အချစ်ဆိုတာ ပေးဆပ်ခြင်းပါလို့။ တချို့ကျတော့လည်း ခွင့်လွှတ်ပေးနေရတော့ အချစ်ဆိုတာ ခွင့်လွှတ်ခြင်းပေါ့ ...

အဲဒီတော့ မြူလည်း တွေးကြည့်ပေါ့"

"ကိုကြီးရဲ့ ကိုယ်ပိုင်အချစ်ဒဿနက ဘာလဲ"

ကိုကြီးက မဖြေချေ။ မြူကလည်း ဖွတ်အတင်း မမေးပါ။ မြူရဲ့အကျင့်တစ်ခုကား သူများမသိစေချင်သော ကိစ္စတို့ကို မမေးတတ်၊ စိတ်မဝင်စားတတ်ခြင်းပဲ ဖြစ်လေသည်။ မြူသည် ကိုကြီးရဲ့ အချစ်ဒဿနကို ကြားမှပဲ ကိုယ့်စိတ်ထဲကတစ်ခုကို ထုတ်ဖော်မိသွားသည်။

"မြူကတော့ လူတစ်ယောက်ရဲ့ မျက်နှာကိုမြင်ဖူးမှ သူ့အတွက် အချစ်ဒဿနကို ထုတ်ပေးနိုင်မယ် ထင်တယ်"

အဲဒီစကားပြောလိုက်လျှင် ကိုကြီးက မြူ့ကို ငေးကြည့်လာသည်။

ဟုတ်တယ် ... ဒီကမ္ဘာပေါ်မှာ မြူ သိပ်ချစ်ရမယ့် လူတစ်ယောက် ပေါ်လာခဲ့ရင် သူ့အတွက် မြူ့နှလုံးသားကိုပေးဖို့





အဆင်သင့်ပဲ။ အဲဒီလူကို မတွေ့သေးသရွေ့တော့ မြူ ငြိမ်ငြိမ်လေးပဲနေဖို့ ဆုံးဖြတ်ထားခဲ့သည်။

ရှင်တို့ ခဏလေး တွေးပေးကြစမ်းပါ။ ကိုယ့်ချစ်သူဖြစ်လာမယ့် လူတစ်ယောက်ရဲ့ မျက်နှာဟာ ပထမဆုံးအကြိမ်စတွေ့တည်းက နှလုံးသားထဲမှာ နေရာယူပြီးသားတဲ့။ ဒါဟာ ဘယ်လိုအချစ်မျိုး ဖြစ်နိုင်မယ်ထင်လဲ။

❤ ❧ ❤


www.burmeseclassic.com

www.burmeseclassic.com



# မြူနှင့် ဖေဖော်ဝါရီမှဆိုး



"ဟား ... ထင်ရှား ... ထင်ရှား ... ကားဝင်လာပြီ၊ အား ... ငြိပြီ"

ဝေလင်းရဲ့ အပြောစကားတို့နှင့်ထပ်တူ အဖြစ်အပျက်တို့က အတိအကျ ဖြစ်လို့သွားတာဖြစ်လျှင် သူက စိတ်မညစ်သည့်အပြင် ပြုံးတောင် ပြုံးလိုက်သေးလေသည်။ ဖြစ်ပုံမှာ သူတို့က ဒဂုံစင်တာရှိ ကားပါကင်မှ တရကြမ်း မောင်းထွက်တာဖြစ်ပြီး အခုမှ ဒဂုံစင်တာထဲကို ဝင်လာသော ကားတစ်စင်းနှင့် ထိပ်ပိုင်းချင်း တိုးမိသွားတာဖြစ်သည်။ သူက တစ်ဖက်ကားသမားကို ခေါင်းထွက်ကာ ကြည့်လိုက်သည်။ မှားတာကတော့ သူမှားတာပဲ ဖြစ်သည်။

အဲဒီမှာ သူ မြင်တွေ့လိုက်ရတာက ကားမောင်းသူနေရာမှ ထွက်လာသော လက်တစ်ဖက်ဖြစ်သည်။ သူ့ကိုလက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ထောင်ပြကာ ရတယ် ကိစ္စမရှိဘူးဟူသော သဘောဖြင့် အဲဒီကားက လွတ်နေသော သုံးစီးကျော်နေရာမှာ ပါကင်ဝင်ထိုးသည်။

ဝေလင်းက သူ့ကို လက်တို့ကာ ...

"ဟော့ကောင် ... မိန်းကလေးထင်တယ်၊ အေးဆေးပဲလား မသိဘူး။ ပါကင်ပြန်ထိုးလိုက်ဦး"

သူက ဝေလင်းကို ငါ သိပါတယ်ဟူသော ပုံစံဖြင့် ကြည့်ကာ ပါကင်ပြန်ထိုးလိုက်သည်။ ဝေလင်း ဆိုတာက မိန်းမချောမှန်သမျှကို မလွတ်တမ်း စိတ်ဝင်စားတတ်သူတစ်ယောက် ဖြစ်သည်။ မိန်းမချောမှန်သမျှ ရာဇဝင်ကိုပါ ထုံးလိုကျေသူပင်။

သူတို့နှစ်ယောက်က ပါကင်ပြန်ထိုးပြီးတာနှင့် ကားပေါ်မှဆင်းကာ တစ်ဖက်ကားထံသို့ မျှော်ကြည့်လိုက်လျှင် ကားပေါ်မှဆင်းကာ ကားတံခါးကို ရီမုတ်ဖြင့် လှမ်းပိတ်နေသော မိန်းကလေးတစ်ယောက်ကို မြင်သည်။ သူမရဲ့ဆံပင်တွေက ခါးထိလုအောင် ရှည်လျားဖြောင့်စင်းနေသော ပိတုန်းရောင်နွယ်များဖြစ်သည်မို့ သော့ပိတ်ပြီး လှည့်အထွက်တွင် ဝဲခနဲ ဖြာသွားကြသည်။





သူ့ခြေလှမ်းများသည် အဲဒီအနားသို့ လျှောက်သွားဖို့ရာမှာ ဘာကြောင့် ရပ်တန့်သွားသလဲဆိုတာ သူ့ကိုယ်သူတောင် မသိနိုင်ချေ။ သူသည် အဲဒီမိန်းကလေးကို အမြင်မှာ တကယ်ပဲ အရာအားလုံးကို မေ့လျော့သွားခဲ့သည်ဆိုတာ ရှုံးခံပါသည်။ သူမပုံစံသည် တကယ့်ကို ကဗျာတစ်ပုဒ်ဖြစ်သည်။ စက်စက်ယိုအောင် လှပနေတာတော့ မဟုတ်။ ဒါပေမဲ့ မြင်လိုက်တာနှင့်ကို မျက်နှာမလွှဲချင်အောင် လှသောသူတစ်ယောက် ဖြစ်တော့သည်။

သူမဝတ်ဆင်ထားသော အဝတ်အစားများမှာ ပုရိသများ၏ စိတ်ဝင်စားမှုကို ညှို့ယူထားသော အဝတ်အစားပုံစံမျိုးလည်း မဟုတ်ရပါ။ သို့သော် သူ မြင်ဖူးနေကျ မိန်းကလေးတို့ရဲ့ ဝတ်ပုံစားပုံမျိုးလည်း မဟုတ်။ ခရမ်းရောင်နှင့် အနက်ရောင် တွဲစပ်ထားသော ဝတ်စုံသည် ကိုယ်တိုင်ဒီဇိုင်းထွင် ချုပ်ဝတ်ထားသလို တစ်မျိုးဆန်းကာ တော်တော်လှသည်။ လမ်းလျှောက်တိုင်း အနားသတ်တွေ ဝဲခနဲဖြာသွားသော စကတ်ကြားမှ ထွက်လာသော ခြေသလုံးအောက်ခြေပိုင်းလေးများက ကို တော်တော် ရင်ဖိုစရာကောင်းနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူမမျက်နှာကိုသာ ငေးစိုက်ရလျှင်တော့ သူတို့ကို သူမက ကျော်သွားပေတော့မည်။ သူသည် အနားရောက်လာသော သူမကို စကားပြောဖို့ အတော့်ကို အားယူလိုက်ရသည်။ ဖြစ်ချင်တာကတော့ သူမကို စကားတောင် မပြောချင်ပါ။

ဖိုးကာသီချင်းထဲကလို နဖူးကနေ ခြေဖျားထိ တစ်နေကုန်ထိုင်ပြီး တစိမ့်စိမ့် ကြည့်ချင်နေတော့တာပဲ ဖြစ်သည်။

"ဒီ ... ဒီမှာ ... အခုနက ကားနဲ့တိုးမိသွားတာ၊ အဲဒါ ခင်ဗျားရဲ့ကား ဘာဖြစ်သွားလဲ မသိဘူး"

သူမက သူ့ကို ပြုံးပြသည်။ သူသည် အခုမှပဲ အဲဒီအပြုံး၌ တကယ်အသက်ရှုရပ်တော့တာ ဖြစ်လေသည်။ သာမန်အားဖြင့် လှပသည်ဟုသာ ဆိုနိုင်သော ထူးထူးခြားခြား မရှိသည့် နှုတ်ခမ်းများသည် ပြုံးလိုက်တော့မှ တကယ့်ကို အသက်ဝင်လှုပ်ရှားသွားတာဖြစ်သည်။ ဟင့်အင်း ... နှုတ်ခမ်းက လှတာမဟုတ်ဘူး။ နှုတ်ခမ်းက နှုတ်ခမ်းသက်သက် အပြုံးက အပြုံးသက်သက်ပဲ ဖြစ်လေသည်။

ပြောရလျှင် သူမရဲ့အပြုံးက ဘာနဲ့မှ မရောသော အပြုံးဖြစ်သည်။





"ဘာမှမဖြစ်ပါဘူး"

သူမက အဲဒါပဲ ပြောပြီးနောက် ခေါင်းတစ်ချက်ညိတ်ပြကာ ဆက်လက်ထွက်ခွာသွားသည်။ ဘယ်လိုမိန်းကလေးပါလိမ့်။ သူက နောက်မှလိုက်ဖို့ ရုတ်တရက်ခြေလှမ်းပြင်လိုက်လျှင် ဇေလင်းက သူ့ကို ဆွဲထားသည်။

သူက ဇေလင်းကို ဘာလဲဟဟူသောပုံစံဖြင့် ကြည့်လိုက်လျှင် ...

"သူ့ကို ငါ သိတယ်"

"ဟုတ်လား"

"ဟုတ်တယ်၊ မင်း ဆက်မလိုက်နဲ့"

"အာ ... မင်း သိတာနဲ့ပဲ ငါက ဆက်မလိုက်ရတော့ဘူးလား"

"ကျွတ် ... ငါပြောတာကို အရင်နားထောင်ပြီးမှ လိုက်စမ်းပါကွာ၊ မင်း သူ့ကို အချိန်မရွေး လိုက်လို့ရတယ်၊ သဘောပေါက်လား"

"ဟာ ... မင်းကလည်းကွာ"



www.burmeseclassic.com

www.burmeseclassic.com



သူသည် ဝေလင်း ပြောပုံကို မကြိုက်သဖြင့် မျက်မှောင်ကုတ်ပြီး ရေရွတ်လိုက်လျှင် ဝေလင်းက သူ့ကို မျက်လုံးတွေမှေးစင်းပြီးကြည့်ကာ ...

"ငါ သူ့ရဲ့ biography ကို အကုန်သိတယ်။ နောက်ထပ်ပိုပြီး သူ့ရဲ့နှလုံးသားရေးရာအကြောင်းပါ သိတယ်ကွာ... ကဲ ..."

ဝေလင်းက အတိအကျနှင့် အပိုင်ပြောနေလျှင် သူက ထပ်မပြောတော့ဘဲ ကားပေါ်တက်၍ မောင်းထွက်လာခဲ့သည်။ ထမင်းစားချိန် ရောက်နေပြီမို့ သူက ကားကို အေးအေးဆေးဆေး စားသောက်နိုင်မည့် တရုတ်စားသောက်ဆိုင် တစ်ဆိုင်သို့ မောင်းဝင် လာခဲ့သည်။

ထမင်းဟင်း မှာထားစဉ်မှာပင် ဝေလင်းကပဲ စတင်၍ ...

"မင်း သူ့ကို ငြိသွားပြီလား"

သူက ဝေလင်းရဲ့စကားကို ချက်ချင်းမဖြေချေ။ မျက်လုံးထဲတွင် ရှခင်းစိမ်းစိမ်းတစ်ခု လွင့်လာသလို သဘာဝဆန်သော သူမပုံစံကို ပြန်မြင်ယောင်လာသည်။ ဒီကြားထဲ အပြုံးတစ်ခု





ကို ခြွေချပေးသွားပုံမှာ ဘယ်တော့မှ မမေ့ချင်စရာ။ သိပ်နှစ်သက်ဖို့ကောင်းတဲ့ အပြုံးမျိုးပဲ။

"ငါမေးတာတောင် မဖြေနိုင်တော့ပါလား"

ဝေလင်းက စိတ်ပျက်လက်ပျက်ဟန်ဖြင့် ညည်းညူလျှင် သူက ခေါင်းကိုဖြည်းဖြည်းချင်း ပုမိကာ ...

"တစ်မျိုးပဲကွာ။ သူက စိတ်ဝင်စားဖို့ ကောင်းတယ်"

"ဟုတ်တယ်၊ အဲဒါတော့ အမှန်ပဲ"

"ငါက လူတစ်မျိုးကွ။ သာမန်အဖြစ်အပျက်ကို သိပ်စိတ်မဝင်စားတတ်ဘူး။ သူ့ကြည့်ရတာ ထူးခြားတဲ့ မိန်းမတစ်ယောက်လို့ ငါ ထင်တယ်။ ကြည့်လေ ... သူ့ကားကို ငါ တိုးမိတာကို လုံးဝအေးဆေးဆိုတဲ့ ဒီဇိုင်းနဲ့ပဲ ... ၁၁

နားလည်မှု တော်တော်ရှိမယ့် မိန်းမလို့ ထင်တယ်...

နောက်ပြီး သူ့အပြုံး၊ သိချင်းတွေထဲမှာ တင်စားတဲ့ အပြုံးမျိုး ငါ အခုမှမြင်ဖူးတာပဲကွာ၊ ဒီနေ့က တကယ်ထူးခြားတယ်။ နှစ်လပိုင်း(၁၄)ရက်နေ့တဲ့ကွာ၊ ဒီလိုအချိန်မှာ အတွဲမရှိတဲ့ ငါ့အတွက် သူလိုမိန်းမတစ်ယောက်ကို တွေ့ရတာ တကယ်ထူးခြား တိုက်ဆိုင်တယ် ...



www.burmeseclassic.com

www.burmeseclassic.com



သူကို ချောကလက် ကျွေးချင်တယ်၊ အချစ်စိတ်တွေ နိုးကြားလာအောင်"

သူ့စကားကို ဝေလင်းက တဟင်းဟင်းနှင့် ရယ်နေလေသည်။ မှာထားသော ဟင်းပွဲတွေ ရောက်လာပြီမို့ သူက ထမင်းစ,စားရင်းမှ ...

"ကဲ ... မင်း သိထားတဲ့ သူ့အကြောင်းတွေ ပြောပါဦး"

"မင်း ထမင်းစားတော့ မပျက်နဲ့နော်"

သူက စားလက်စ ဇွန်းခက်ရင်းကို လွှတ်ချရင်း ဝေလင်းကို မော့ကြည့်လိုက်လျှင် ဝေလင်းက သူ့ကိုညင်သာစွာ ပြုံးပြကာ ...

"တစ်မျိုးတော့ မထင်ပါနဲ့။ ဘာပြဿနာမှ မရှိဘူး။ သူ့နာမည်က မြူတဲ့"

"မြူ"

သူက တိုးတိုးလေး ရေရွတ်ကြည့်လိုက်သည်။ တစ်မျိုးလေးပဲ၊ ရိုးရိုးလေးနှင့် ဆန်းသော်လည်း သိပ်မှည့်လှေ မှည့်ထမရှိသော နာမည်မျိုးပင်။





"မြူတဲ့လား။ ကဗျာဆန်တဲ့ နာမည်ပဲ၊ သူနဲ့လည်း လိုက်တယ်"

"အင်း ... သူက Best seller စာရေးဆရာမတစ်ယောက်လည်း ဖြစ်တယ်"

ဒီတစ်ခါတော့ သူက မျက်ခုံးပင့်သွားကာ ...

"စာရေးဆရာမ !။ ဟုတ်လား။ သူက စာရေးဆရာမ... ဩော် ..."

"သူ့မှာ မိဘတွေတော့ မရှိတော့ဘူး၊ တစ်ဦးတည်းသော သမီးပဲ"

"ဩော် ... ဩော် ... ဒါပဲလား"

"အင်း ... သူ့အကြောင်း သူ့မိသားစုအကြောင်းကတော့ အဲဒါပဲ။ သိပ်စိတ်ဝင်စားစရာ မရှိပါဘူး"

"ဒါဆို ဒီကိစ္စကတော့ စိတ်ဝင်စားဖို့ ကောင်းတယ်ပေါ့"

သူက ရင်ဘတ်ကို လက်နှင့်ပုတ်ကာ ပြောလိုက်လျှင် ဝေလင်းက ပြုံးရင်းခေါင်းညိတ်ပြသည်။

"သူက အသည်းကြီးတယ် ထင်ရား"

"အသည်းကြီးတယ် ! "



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... မင်းလည်း သူ့ကို မြင်သားပဲ၊ ဘယ်လောက် Attrection ရှိတဲ့ မိန်းမလဲဆိုတာ။ ဒါက အမြင်ပဲရှိသေးတယ်၊ သူနဲ့ သွားငြိလိုက်တာနဲ့ သူ့ကို ပိုစွဲစေတယ်။ လုံးဝဖြတ်မရတော့ဘူး"

"ဘာလဲ သူက ယောကျ်ားတွေကို ကစားတတ်တာလား၊ ဟာ ... ဒါပေမဲ့ သူ့ပုံစံက ..."

သူ့စကား မဆုံးသေးခင် ဝေလင်းက လက်ကာပြကာ ...

"ဟုတ်တယ်၊ သူ့ပုံစံက မင်း မြင်တဲ့အတိုင်း အေးဆေးဆိုတဲ့ ဒီဇိုင်းပဲ။ ကစားတတ်တဲ့ပုံစံ မရှိဘူး။ လုံးဝ clear ဖြစ်နေတယ် ...

ဒါပေမဲ့ သူ့ကိုလိုက်တဲ့ ဘဲတိုင်းကိုကြည်တယ်၊ သူ့စိတ်ထဲ တွေ့တဲ့လူဆိုရင် တွဲတယ်။ ဒါပေမဲ့ လုံးဝအုံးမစားဘူး။ စိတ်မထင်တဲ့ အချိန်မှာ ခေါက်ပစ်လိုက်တယ်၊ အဲဒါ မြူပဲ"

"မင်းက ဘယ်လိုသိတာလဲ"



www.burmeseclassic.com



"ငါ့အစ်ကိုဝမ်းကွဲတစ်ယောက်က သူနဲ့ တွဲဖူးတယ်ကွ။ သူ ပြောပြတာ၊ အဲဒီမိန်းမက သိပ်စိတ်ဝင်စားဖို့ ကောင်းတယ်တဲ့။ ပုံစံတင်မဟုတ်ဘူး သူ့ရဲ့စိတ်နေစိတ်ထားနဲ့ နေပုံထိုင်ပုံကလည်း သိပ်စိတ်ဝင်စားစရာ ကောင်းတယ်တဲ့ ...

ကိုမင်းက သူ့ကို ရေလည်ငြိတာ၊ ပြောရရင် သူ့ကို လက်ထပ်ချင်တဲ့အထိပဲ၊ ဒါပေမဲ့ သူက ကိုမင်းကို ငြင်းပစ်လိုက်တယ်။ သူက ဘာမဆို ပြုံးပြုံးလေးနဲ့ပဲ လုပ်တတ်တဲ့ အကျင့်ရှိတယ်။ ပြီးတော့ ပြောသေးတယ်။ ဒီကမ္ဘာပေါ်မှာ သူ ဂရုစိုက်တဲ့ယောကျ်ားက တစ်ယောက်ပဲ ရှိတယ်တဲ့ ...

ကိုမင်းကလည်း အဲဒါကို စိတ်နာတာပဲ"

"ဘယ်သူလဲ ... သူ့ချစ်သူလား"

အဲဒီလိုမေးစဉ်မှာ သူ့အသံတွေ တုန်ခါနေသည်ဟု ထင်သည်။ ဝေလင်းက ရေတစ်ခွက်ကို မော့သောက်ပြီးမှ ဆက်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ့မှာ ချစ်သူမှမရှိတာ၊ သူက ပြောသေးတယ်တဲ့၊ သူက ယောက်ျားလေးတွေကို စိတ်ဝင်စားတဲ့ အဆင့်မှာပဲ ရှိတယ်တဲ့၊ ချစ်တဲ့အဆင့်တော့ မရှိဘူးဆိုပဲ"

သူ့သွေးတွေထဲတွင် ဖျင်းခနဲ ဖြစ်လို့သွားသည်။ မင်း ဘယ်လိုမိန်းကလေးလဲ မြူ။ ဘာကြောင့် ယောက်ျားတွေကို စိန်ခေါ်တဲ့စကားတွေ ထုတ်ပြောရတာလဲ။

"သူ ဂရုစိုက်တဲ့ ယောက်ျားက ဘယ်သူတဲ့လဲ"

"စစ်လင်းတဲ့။ ဆရာဝန်တစ်ယောက်ပဲ၊ မင်းတို့ ငါတို့ထက်တော့ လေးငါးနှစ်လောက်ကြီးမယ်"

"သူနဲ့က ဘယ်လိုပတ်သက်နေလို့လဲ"

"ဘယ်လိုပတ်သက်နေလဲ ဆိုတော့ ..."

ဝေလင်းက စားလက်စ ဖွန်းခက်ရင်းကိုပင် ချကာ မေးစေ့ကို လက်နဲ့ပွတ်လျက် သူ့ကိုပြောမည့် စကားလုံးကို စဉ်းစားရွေးချယ်နေသည်။ သူဟာ တစ်ခဏလေး ဆုံတွေ့ခဲ့ရသည့် ထိုမိန်းကလေးကို ဘာကြောင့်များ ဒီလောက် စိတ်ဝင်စားသွားသလဲဆိုတာတော့ မပြောတတ်ပါ။





သေချာတာကတော့ သူမက စိတ်ဝင်စားဖို့ ကောင်းနေတာပဲ ဖြစ်တော့သည်။

"သူတို့နှစ်ယောက်က ခြံချင်းကပ်ရပ်၊ ငယ်ငယ်လေးတည်းကလည်း ရင်းနှီးခဲ့ကြတယ်တဲ့။ ဒါပေမဲ့ သူတို့ပုံစံက တစ်မျိုးပဲ"

"ဘယ်လိုတစ်မျိုးလဲ"

သူ့ရဲ့ ခပ်လောလော လေသံကို ဝေလင်းက နားလည်သလိုဖြင့် ...

"မင်း သူ့ကို ထပ်တွေ့ဖို့ စဉ်းစားထားတယ် မဟုတ်လား။ ဒါဆိုရင် တစ်မျိုးပဲဆိုတဲ့ အတွေးတွေ မင်း မကြာခဏ တွေးဖြစ်လာလိမ့်မယ် ...

သူ့ရဲ့တချို့သော တစ်မျိုးပဲတွေဟာ မင်းအတွက် ကြည်နူးစရာ ဖြစ်ကောင်းဖြစ်မယ်၊ တချို့တစ်မျိုးပဲတွေကျပြန်တော့လည်း နင်စရာကြီး ဖြစ်ချင်ဖြစ်နေလိမ့်မယ် ...

အဲဒါပဲ ..."

"အဲဒီ စစ်လင်း ဆိုတဲ့ ပုဂ္ဂိုလ်နဲ့ကတော့ ဘာမှမဆိုင်ဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... တချို့က ပြောတော့လည်း မိဘချင်းပဲ သဘော တူထား့သလိုလိုပေါ့ကွာ။ မြူ့ဟာ ဘယ်လောက်ပဲ ကုန်ကြမ်း တွေရှာရှာ နောက်ဆုံးတော့ ဒေါက်တာစစ်လင်းကိုပဲ လက် ထပ်မှာပဲ ဆိုပြီးတော့ပေါ့"

"အင်း ..."

သူက အင်းတစ်လုံးလိုက်ပြီး ခေါင်းညိတ်နေသော် လည်း သူမပုံရိပ်တို့က မျက်လုံးထဲမှ ဖျောက်ဖျက်လို့ကို မရတော့ ပေ။ အထူးသဖြင့် သူ့ကိုပြုံးပြသွားသော အပြုံးကို သူ အင်မတန် ပဲ မက်မောလှသည်။ ပြီးတော့ သူနဲ့ သူမတို့ရဲ့ တွေ့ဆုံပုံကလည်း ဆန်းကြယ်သေးသည်။ ဖေဖော်ဝါရီ(၁၄)ရက်၌ အနားမှာ ဘယ်သူ မှမရှိဘဲ ရှော့ပင်းထွက်လာသော သူမကို သူ သဘောကျသည်။

သူမကို သူ သိပ်စိတ်ဝင်စားသွားခဲ့ပါသည်။

"ဘယ်လိုလဲ၊ မင်း ရှေ့ဆက်မတိုးတော့ဘူး မဟုတ်လား"

သူက ဝေလင်းကို မျက်လုံးလှန်ကြည့်ရင်းမှ မျက်ခုံ တစ်ချက်ပင့်လျက် နှုတ်ခမ်းကိုစုကာ ပြုံးပြလိုက်သည်။ အဲဒီလို ပြုံးလျှင် သူ တစ်ခုခုကို အင်မတန်သဘောကျ၍ပြုံးမှန်း ဝေလင်း က သိသဖြင့် သူ့ကို အလန့်တကြား မျက်လုံးပြူးကြည့်လာသည်





"ဘာ ... လဲ ... မင်း ... က ..."

"အင်း ... ဒီနေ့မှာ အချစ်ဓာတ်တွေ ပျံ့နေလားတော့ မသိဘူးကွာ။ ဒီလိုနေ့မျိုးမှာ သူနဲ့ ဆုံတွေ့ခွင့်ရတာဟာ ငါ့နှလုံးသားကို အရမ်းလှုပ်ရှားစေတယ် ...

မင်းပြောပြတဲ့ အကြောင်းအရာတွေကလည်း စိတ် ဝင်စားဖို့ ကောင်းတယ်"

"မင်း သူ့ကို လိုက်တော့မလို့လား"

"အဲဒီ လိုက်တယ်ဆိုတဲ့ စကားကို မသုံးနှုန်းစမ်းပါနဲ့ကွာ၊ သူ့ပုံစံကို အဲဒီစကား မသုံးချင်ဘူး၊ သူနဲ့ ရင်းနှီးအောင် လုပ်မယ်"

"ဘယ်လိုလုပ်မှာလဲ Romance လား"

"အဲဒါက ပြောဖို့စောပါသေးတယ်"

သူက မေးစေ့ကို လက်နှစ်ဖက်နှင့် ထောက်ရင်း တစ်ယောက်ကည်းပဲ အတွေးထဲမှာ နစ်မြောနေလိုက်သည်။ သူ ဟာ ဒီအသက်အရွယ်အထိ အချစ်ကို မမြည်းစမ်းဖူးခဲ့သေးချေ။ သူ့နှလုံးသားကို လှုပ်ခတ်စေသော မိန်းကလေးမျိုးကို မတွေ့ ချင်း သူက အေးအေးဆေးဆေးပဲ နေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ခတ်စေသော မိန်းကလေးနဲ့ တွေ့တဲ့အခါမှာတော့ သူဟာ ဘာအကြောင်းကြောင့်မှ နောက်ဆုတ်စရာ မလိုဘူးဟု ထင်သည်။ အနည်းဆုံးတော့ သူမရဲ့နှလုံးသားဟာ ဘယ်လိုရင်ခုန်ယုံကြည်မှုမျိုးနှင့် ရှင်သန်နေသလဲ ဆိုတာတော့ သိချင်ပါသေးသည်။

အိုး ... ထူးခြားလွန်းတဲ့ ဖေဖော်ဝါရီ ကောင်မလေးရယ် ...။





မြူသည် ဖေဖော်ဝါရီ(၁၄)ရက်နေ့တွင် ဘယ်ချစ်သူတစ်ယောက်ထံမှ လက်ဆောင်မရခဲ့သော်လည်း မြူ့မွေးနေ့ဖြစ်သည့်အတွက် ကိုကြီးထံမှ လက်ဆောင်တော့ ရခဲ့သည်။ ချစ်သူချင်းကျွေးသော ချောကလက်မဟုတ်သော်လည်း မြူ ဖယောင်းတိုင်မီးမှုတ်ရသော ဘတ်ဒေးကိတ်မှာ ချောကလက်ကိတ်မုန့်ဖြစ်သည်။

မြူ့ခြံထဲတွင် ကျင်းပသော မွေးနေ့ပွဲလေး၏ တစ်ဦးတည်းသော ဧည့်သည်မှာ ကိုကြီးသာလျှင် ဖြစ်သည်။ မြူသည် ဖယောင်းတိုင်လေးများ စိုက်နေသော ကိုကြီးရဲ့ လက်ချောင်းဖြူဖြူသန့်သန့်များကို ငေးကာ ...

"နောက်နှစ်ကျရင်တော့ မြူ ဘတ်ဒေးကိတ် မလိုတော့ဘူး ကိုကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ မြူရဲ့"

ကိုကြီး မေးပုံက ကလေးတစ်ယောက်ကို ချစ်စနိုး မေးပုံမျိုး။ မြူသည် အောက်နှုတ်ခမ်းကို ရှေ့သို့ အသာတွန်းထုတ်လျက် ...

"အသက်ကြီးလာပြီလေ၊ မွေးနေ့ကို မေ့ထားချင်ပြီ"

"မိန်းကလေးတွေက ဇရာကို တော်တော်ကြောက်ကြတယ်နော်"

"ဂျာနယ်ကျော်မမလေး ပြောတဲ့ စကားတစ်ခွန်းကို မြူဖတ်ဖူးတယ်၊ သူက သေရမှာကို မကြောက်ဘူး၊ ဇရာနဲ့ဗျာဓိကိုတော့ ကြောက်တယ်တဲ့၊ ဆရာမြသန်းတင့်ရေးတဲ့ စာအုပ်ထဲမှာ ဖတ်ဖူးတာ"

ကိုကြီးက ပြုံးရုံသာပြုံးရင်း ဘာမှပြန်မပြောပေ။ မြူက ကိုကြီးကို ငေးကြည့်နေမိသည်။ ကိုကြီးဟာ စကားနည်းသလောက် အေးချမ်းနူးညံ့သူ ဖြစ်သည်။ ဒီလိုလူမျိုးဟာ သွက်သွက်လက်လက် မိန်းကလေးနဲ့သာ လိုက်ဖက်လေသည်။

"မြူ ဒီနေ့ တစ်နေ့လုံး အိမ်မှာပဲလား"

"ဟင့်အင်း ... မနက်က ဒဂုံစင်တာကို သွားသေးတယ်"

"ဟုတ်လား ... ဘာတွေ ထူးခြားလို့လဲ"

ကိုကြီးက ဖယောင်းတိုင်မီးတွေကို လိုက်ညှိရင်းမေးလျှင် မြူက အင်ခနဲ သံရှည်ဆွဲကာ စဉ်းစားရသည်။ မနက်ပိုင်းက မြူ့ကားကို လူတစ်ယောက်က ဝင်တိုးသေးသည်။ သူကဆောင်းပန်ဖို့ ကြိုးစားသော်လည်း မြူက အပြုံးတစ်ခုနဲ့ပဲ နားလည်ခွင့်လွှတ်ပေးခဲ့တာကို ပြန်သတိရမိသည်။ တစ်လက်စတည်းမှာပဲ မြူက သူ့ပုံစံကို ပြန်မြင်ယောင်လို့လာသည်။

မြူသည် လူတစ်ယောက်ကို တစ်ခါတွေ့ဖူးထားလျှင် မှတ်မိတတ်သည့် အကျင့်ရှိသူဖြစ်သည်။ သူကတော့ မြူဘင်သာမက မိန်းကလေးတော်တော်များများ မှတ်မိလောက်သည့် ရုပ်ရည်မျိုးဖြစ်၍ မြူ့မှတ်ဉာဏ်ထဲတွင် သူ့ပုံစံကို အလိုလိုပြန်မြင်ယောင်လာသည်။

သူ့အရပ်က ခပ်မြင့်မြင့်ဖြစ်ကာ ယောက်ျားပီသသော ခန္ဓာကိုယ်ကို ပိုင်ဆိုင်ထားသူဖြစ်သည်။ မျက်နှာကတော့ ချောတယ်ဆိုတာထက် တည်ကြည်ဖြောင့်မတ်တာက ပိုသည်။ ကိုကြီးရဲ့ မျက်နှာလိုတော့ နူးညံ့၍မနေ။







www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ မျက်လုံးတွေကတော့ နွေးနွေးထွေးထွေး ရှိတာကို အမှတ်ရမိလေသည်။ ဩော် ... ငါနှင့် ပြန်တွေ့မှာ မဟုတ်တဲ့ လူတစ်ယောက်ကိုများ ...

"မြူ့ကားကို အမျိုးသားတစ်ယောက်က ဝင်တိုးသေးတယ်၊ ကျန်တာတော့ ထူးထူးခြားခြား မရှိပါဘူး ကိုကြီးရာ။ နှစ်လပိုင်း ဆယ့်လေးရက်နေ့ရဲ့ ထုံးစံအတိုင်းပဲပေါ့"

"ကဲ ... မြူ မီးမှုတ်တော့"

မြူက ခပ်တိုးတိုး ဖွင့်ပေးထားသော မွေးနေ့သီချင်းသံအဆုံး၌ ဖယောင်းတိုင်မီးလေးတွေကို မှုတ်ပစ်လိုက်လေသည်။ ဘတ်ဒေးကိတ်ကို လှီးလျက်သားမှ ...

"မြူ ဓာတ်ပုံသင်တန်းတစ်ခု တက်မလို့"

"ဘာလဲ ... လိုင်းပြောင်းတော့မလို့လား"

"မြူ ဓာတ်ပုံပညာကို စိတ်ဝင်စားတယ် ကိုကြီးရဲ့၊ မြူ ခရီးတွေသွားပြီး ခရီးသွားဆောင်းပါးတွေရေးဖို့ စိတ်ကူးထားတယ်။ အဲဒီအခါမှာ ဓာတ်ပုံရိုက်ဖို့ လိုအပ်လာပြီလေ၊ ဒီလို အဖြစ်ရိုက်တာမျိုး မဟုတ်ဘဲ Lighting ရဲ့သဘောသဘာဝကို နားလည်ပြီး ရိုက်တတ်တာမျိုး ဖြစ်ချင်တယ် ...





နောက်တစ်ခုက angle ပေါ့။ angle (ထောင့်)ကိုလည်း ရွေးတတ်ချင်တယ်"

"ကောင်းပါတယ်၊ ကိုကြီးလည်း စိတ်ဝင်စားတယ်၊ ပြီးရင် မြူ့ဆီက ပြန်သင်တာပေါ့"

"ဟုတ်တယ် သင်ပေးမယ်၊ အခုလေ မြူ အေးအေးဆေးဆေးပဲနေဖို့ ဆုံးဖြတ်ထားတယ် သိလား၊ အချစ်ကိုလည်း ရှာဖွေမကြည့်ချင်တော့ဘူး ...

အချစ်ဆိုတာ ရှာဖွေနေရတာမျိုးလည်း မဟုတ်ပါဘူး။ ရင်ကိုတိုးလာရင် သူ့ဟာသူ သိသာလာတဲ့ အရာမျိုးပဲ"

"ကိုကြီး ဝမ်းသာပါတယ်"

မြူသည် တကယ့်ကို စိတ်ချမ်းသာ ပျော်ရွှင်သွားဟန်ရှိသော ကိုကြီးကိုကြည့်ကာ ရင်ထဲမှာ နင့်လာသည်။ ကိုကြီးရယ် ... ကိုကြီးရယ်ဟုသာ တဖွဖွ တ,နေမိတော့သည်။ ကိုကြီးကို သာယာချမ်းမြေ့သော မိသားစုဘဝလေးနှင့် မြူ မြင်တွေ့ချင်နေလှသည်မှာ ကြာခဲ့ချေပြီ။ မြူ့အတွက် အဆင်သင့်ဖြစ်နေသော နှလုံးသားတစ်ခုကို မြူ အလိုမရှိတော့ပေ။ မြူ တစ်ကိုယ်ကောင်းလည်း ဆန်ချင်တော့။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို ဖွင့်ဟပြောရအောင်လည်း ကိုကြီးရဲ့မေတ္တာတွေကို မြူက အားနာလေသည်။ မပြောကို မပြောရက်။ မြူသည် မျက်လုံးကို စုံမှိတ်ကာ သက်ပြင်းတစ်ခုကို ခိုးချလျက် ကြိုးစားမေ့ပျောက်လိုက်ရတော့သည်။

❤ ❤





သူ့အတွက် မြူ ဆိုသော မိန်းကလေးတစ်ယောက်၏အကြောင်းကို စုံစမ်းရသည်မှာ ခက်ခက်ခဲခဲ မရှိခဲ့ပါ။ မြူသည် ထင်ထားတာထက်ကို ပို၍ စိတ်ဝင်စားဖို့ ကောင်းသည်ဆိုတာတော့ အဝေးက ချောင်းကြည့်ရုံနှင့်ပင် သိသာပါသည်။

သူမက အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ခိမ်းလန်းစိုပြည်ဥယျာဉ်တွင် စာသွားရေးတတ်သူဖြစ်သည်။ ဒါကိုလည်း သူက တိတ်တဆိတ် ချောင်းကြည့်ပြီးပြီ။

တစ်လောကလုံးမှာ သူမတစ်ယောက်တည်း ရှိသလိုတွေးလိုက် ရေးလိုက် လုပ်နေပုံမှာ တကယ့်ကို ငေးကြည့်နေချင်စရာပဲ ကောင်းပါသည်။ သူမဟာ စာရေးကောင်းရုံတင်သာမကဘဲ ဝတ်စားပြင်ဆင်တတ်ပုံမှာလည်း သူ့မတူအောင် စတိုင်လ်ရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ပူအိုက်သောနေ့များတွင် ဆံနွယ်တွေကို ချမလာဘဲ ထိပ်နားမကျတကျမှာ ဆံထုံးပုံ့ပုံ့ ပုံစံတစ်မျိုး (ဘာဆံထုံးဆိုတာ တော့ သူလည်း အသေအချာမသိ) ထုံးထားတတ်ကာ ဆံထိုးလေး ပါ ထိုးစိုက်ထားသဖြင့် သူမ ခေါင်းလှုပ်တိုင်း အဲဒီဆံထိုးလေး လှုပ်ခါသွားပုံကို ကဗျာတစ်ပုဒ်လိုပဲ ဖြစ်လေသည်။

အဲဒီဆံထုံးလေးနှင့်အတူ ခြေသလုံးတစ်ဝက်ထိရှည်သော ဂါဝန်ဒီဇိုင်းမျိုးစုံကို ဝတ်တတ်တာကိုကလည်း စိတ်ဝင်စားချင်စရာ ကောင်းသေးသည်။ ဒီ့ထက် စိတ်ဝင်စားဖို့ ကောင်းတာက သူမရဲ့မျက်နှာသွင်ပြင် အမူအရာပဲ ဖြစ်တော့သည်။ လုံးဝကိုသောကမရှိ ကြင်လင်အေးချမ်းသော မျက်နှာမျိုး။ ရှင်းသန့်ဖူးစင်နေသော မျက်နှာမျိုးသာဖြစ်သည်။ သူသည် ဒီမျက်နှာကိုငေးကာ အသည်းကစားသူတစ်ယောက်ဟု မထင်တောင် မထင်ရက်လေချေ။

တစ်နေ့မှာတော့ သူမနှင့် နီးစပ်ဖို့ အခွင့်အရေးတစ်ခုက ပေါ်လာခဲ့ပါသည်။ အဲဒီသတင်းက အမှတ်တမဲ့ သိခွင့်ရခဲ့သော်လည်း သူ့အတွက်တော့ တန်ဖိုးမဖြတ်နိုင်သည့် သတင်းတစ်ခုပဲ ဖြစ်သည်။ သူမအကြောင်းကို ပြောပြပေးသော သူ့မိတ်ဆွေ အယ်ဒီတာတစ်ယောက်ထံက သိရခြင်းဖြစ်သည်။





"ကိုရှားရေ ... မြူက မြန်မာနိုင်ငံဓာတ်ပုံအဖွဲ့ချုပ်ကဖွင့်တဲ့ ဓာတ်ပုံသင်တန်းမှာ သင်တန်းတက်မလို့တဲ့နော်"

"ဟာ ... တကယ်လား။ သေချာလို့လား။ သူက ဘာလို့ ဓာတ်ပုံသင်တန်း တက်မှာတဲ့လဲ"

"အဲဒါတော့ မသိဘူး။ တစ်နေ့က သူ့ဆီ စာမူတောင်းဖို့ ဖုန်းဆက်တော့ စကားစပ်မိတာနဲ့ သူက ပြောပြတာ။ ဟင်း ... ကိုရှားနော်၊ မင်း ဒီလောက်မေးနေတာ ရိုးတော့ မရိုးဘူးနဲ့တူတယ်"

သူက ဘာမှပြန်မပြောဘဲ ပြုံးရုံသာ ပြုံးနေလျှင် သူ့မိတ်ဆွေက မျက်မှန်ကြီးပင့်ကြည့်ကာ "တကယ်လား"ဟု ထပ်မေးသည်။

"အင်း ... ဒီလိုပါပဲ"

"အား ... ဒီလိုပါပဲ မလုပ်နဲ့ ဆရာ။ မြူက မိတ်ဆွေကတ္တာကတော့ ရေလည်ခင်ဖို့ကောင်းတယ်၊ ပြည့်တယ်၊ အဲ ..."

ကိုယ့်ဆရာက ဆက်မပြောနိုင်တော့ဟန်ဖြင့် အဲခနဲဖြစ်သွားလျှင် သူက မဲ့ပြုံးပြုံးကာ "ဆက်ပြောပါဗျာ"ဟု ထောက်ပေးလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မြူက ... အင်း ... တစ်မျိုးပဲဗျ"

"ရည်းစားများတာလား"

"ရည်းစားရယ်လို့တော့ သူ့မှာ တိတိကျကျ ပြစရာတော့ မရှိဘူး။ ဘယ်လိုပြောရမလဲ၊ ကိုယ်တို့ကတော့ သူ့မနောကို နားလည်ပါတယ် ...

သူက သူ့ကိုချဉ်းကပ်လာတဲ့ ယောကျ်ားတိုင်းတော့ မဟုတ်ဘူးပေါ့ကွာ၊ တော်တော်များများပဲ ပြောပါတော့၊ ယဉ်ကျေးမှု ရှိတယ်၊ စကားပြောတာ လိမ္မာပါးနပ်တယ်၊ ဒါကို ဟိုဘဲတွေက ကြာတော့ ငြိသထက် ငြိလာရော၊ နောက်တော့ ဟိုအမျိုးသမီးရဲ့ type က တစ်မျိုးဗျ ...

ဘယ်လိုပြောမလဲ၊ လွတ်လွတ်လပ်လပ် နေတတ်တဲ့ ပုံစံရှိတယ်၊ တစ်မျိုးတော့ တစ်မျိုးပဲ"

ဟော ... လုပ်ပြန်ပြီ။ သူမကိုသိသော လူတော်တော်များများက အဲဒီတစ်မျိုးပဲဆိုသော စကားကို သိပ်သုံးကြသည်။ သို့သော် ဘာတစ်မျိုးပဲ ဆိုတာကိုတော့ ရေလည်အောင် ရှင်းမပြနိုင်ကြ။ သူ့အလှည့်ကျရင်တော့ ရှင်းပြနိုင်မည်ဟု မျှော်လင့်ပါသည်။





"ယောကျ်ားတွေကို အရူးလုပ်တာ၊ ကစားတာ၊ ကုန်ကြမ်းရှာတာ၊ အဲဒီလိုပုံစံမျိုးတော့ မရှိဘူးပေါ့"

"ဟာ ... အဲဒီလို မထင်ရအောင်ကို သူ့မျက်နှာက အလင်းတစ်မျိုး ဖြာထွက်နေတယ်၊ အဲ ... ဒါပေမဲ့ ကုန်ကြမ်းဆိုတာကိုတော့ အာမ,မခံရဲဘူး။ သူ့စာတွေထဲမှာ ယောကျ်ားတွေနဲ့ ပတ်သက်တဲ့ ဒဿနတစ်ခု အမြဲပါတယ် ...

ဝတ္ထုတွေ စတိုင်လ်သွက်တယ်၊ ခေတ်နဲ့လိုက်လျောညီထွေမှုရှိတယ်၊ နောက်တစ်ခုက ရိုးသားတာကွ၊ အနုပညာသမားတစ်ယောက် တကယ်ပီသတဲ့ မိန်းကလေး။ သူ့အနုပညာနဲ့ ပတ်သက်လာရင် ရိုးသားတယ်။ စိတ်ထားဖြောင့်မတ်တယ်။ ဒါကြောင့်လည်း လူချစ်လူခင် ပေါတယ်၊ အောင်မြင်တယ်။ သူ့ဝတ္ထုမှန်သမျှဟာ ရုပ်ရှင်၊ ဗီဒီယို၊ ဒီဗီဒီတွေချည်းပဲ ...

ကိုရှားကို စိုးရိမ်တာ တစ်ခုက သူနဲ့ပတ်သက်ပြီး တစ်ခုခု ခံစားသွားရမှာကို စိုးတာပါ"

သူက မိတ်ဆွေ၏စကားကို မဲပြုံးတစ်ခုသာပြုံးရင်း ငြိမ်သက်နေမိလေသည်။ ဘယ်လိုလဲ ... အခြေသတင်းကြီးတဲ့ ရှမင်းသမီးရေ ...။



www.burmeseclassic.com

www.burmeseclassic.com



တွေ့တဲ့လူတိုင်းကတော့ မင်းကို အတော်ပဲ ရှိန်ကြပါလား၊ ဘယ်လိုပဲဖြစ်ဖြစ်ပါလေ။

သူက တစ်ချက်ပြုံးလိုက်သည်။ အဲဒီအပြုံးရဲ့နောက်မှာတော့ ... ...။







- မြူရယ်
  အနားလာပါကွယ်
  အရိုးသားဆုံး ပြောရရင်
  ချစ်ခဲ့တဲ့ တို့အဖြစ်ဟာ
  ဒဏ္ဍာရီလို မဟုတ်ဘူး
  တကယ် ချစ်ခဲ့တာနော် _ စသဖြင့်
  အဲဒီလို သီချင်းမျိုး
  မင်းအတွက် စပ်ဆိုပေးချင်တယ် မြူ _

- ဖေဖော်ဝါရီ(၁၄)ရဲ့
  အမှတ်တရ နတ်သမီးအဖြစ်
  မင်းနေလုံးသားရဲ့ဘုရင်
  ကိုယ်ဖြစ်ချင်တယ်



www.burmeseclassic.com

www.burmeseclassic.com



ခက်နေတာက

မြို့နှလုံးသားဟာ

ဘာနဲ့ လုပ်ထားတာလဲ ..။ ။

(ထင်ရှားသူရိန်)







ဓာတ်ပုံသင်တန်းမှာ သူ တွေ့ချင်နေခဲ့သော မြို့ကို တွေ့ခွင့်ရခဲ့ပါသည်။ သူက သင်တန်းကို အရင်ရောက်နေခဲ့တာမို့ မြို့ ရောက်လာတာကို အစအဆုံး ခံစားခွင့်ရခဲ့သည်။ မြို့သည် ဓာတ်ပုံသင်တန်းသို့ သူမစတိုင်လ်အတိုင်း ပေါ့ပါးလွတ်လပ်စွာပဲ ဝတ်စားဆင်ယင်လာသည်။ ဆံပင်များကို ထုံးဖွဲ့ခြင်းမရှိဘဲ လွတ်လပ်စွာ ချထားလေသည်။ အနက်ရောင်ဘလောက်စ်တစ်ထည်ကို အစိမ်းရောင်စကတ်အတိုတစ်ထည်ဖြင့် စမတ်ကျစွာ တွဲဖက်ဝတ်ဆင်ထားသည်။

သူမ လှမ်းလာရာ လမ်းတစ်လျှောက်တွင် ပန်းတွေ ပွင့်လာသလို မြို့ လမ်းလျှောက်လာပုံက စမတ်ကျလှပါသည်။ သင်တန်းတွေ လျှောက်တက်ရတာ ဝါသနာပါပုံရတယ်ဟူသော



www.burmeseclassic.com

www.burmeseclassic.com



ထင်မြင်ချက် အပေးခံရသည့် သူမဟာ မိုဒယ်လ်သင်တန်းရော တက်ဖူးသေးလား မသိပေ။ (နောက်မှ မေးကြည့်ရမည်။)

သူဟာ တခြားမိန်းကလေးတွေ စကတ်ဝတ်တာ ဘောင်းဘီဝတ်တာ သိပ်စိတ်မဝင်စားသော်လည်း မြူ စကတ်ဝတ်တာကိုတော့ ဘာကြောင့်မှန်းမသိ စိတ်ဝင်စားနေသည်။

မြူ့ရဲ့စကတ်တွေ ဂါဝန်တွေဟာ ခေတ်မီတယ်ဆိုသော အဆင့်မှာပဲရှိသည်။ ခေတ်လွန် ခေတ်ကျော်ပြီး မျက်စိရိုင်းစရာ မရှိတာကိုတော့ သူက တကယ်ပဲ သဘောကျမိတော့သည်။ စကတ်များသည် ခြေသလုံးတစ်ဝက်မှာပဲရှိကာ ခြေသလုံးရဲ့အထက်သို့ ဘယ်တော့မှမရောက်။ သူသည် မြူ လမ်းလျှောက်လာပုံကို ငေးကာ စိုင်းစိုင်းခမ်းလှိုင်ရဲ့ သီချင်းတစ်ပုဒ်ကို သွားပြီးသတိရမိသွားသည်။

“၃၄၊ ၂၄၊ ၃၆ ... အလှအပ အရပ်အမြင့်က ၅ ပေ ၆ ... ကြွကြွရွရွနဲ့ လမ်းတွေလျှောက် ... ရှုးဆို ငါ့မှာဂေါက် ... ဖိနပ်အမြင့်က သုံးလက်မထူသည် ... ပခုံးအထက်မှာ အိတ်တစ်အိတ် ဂုချီ ... ခြေသလုံးသားက ဝင်းလဲ့လို့ဖြူသည် ...





အတွေးထဲမှာ Queen of beauty အနားနားမှာ တဖြည်းဖြည်းတိုး ... အချစ်သီချင်း တစ်ပုဒ်ပေါ့ nice & slow နှင့်အသုံးချပါ ကြိုက်သလို ... ဒီရင်ဘတ်ကြီးက လှိုက်ကာဖို ... ဖုတ် ဖုတ် ဖုတ် ... ဖုတ်လှိုက် ... ဖုတ်လှိုက် ...”

တကယ်ပဲ အဲဒီသီချင်းဟာ သူမကို စပ်ဆိုထားသလိုပါပဲလား။ သူ တွေးနေတုန်းမှာပင် သူမက သူ့အနားမှ ဖြတ်ကျော်သွားသည်။ တကယ်ပါ ... ကျွန်တော် မညာပါဘူး။ သူမရဲ့ ခြေသလုံးသားလေးတွေကို ခိုးကြည့်မိတာကိုပေါ့။

အစိမ်းနုရောင်စကတ်ဟာ ခြေသလုံးသားကို လာဆပ်နေတာမို့ ခြေသလုံးသားဟာ ဖြူတာထက် စိမ်းညို့ရောင်သမ်းနေတယ်။ စီးထားတဲ့ဖိနပ်ကလည်း သီချင်းထဲကလို သုံးလက်မလောက်ပါပဲ။ အဖြူရောင် ကြိုးရှင်းရှင်းလေးနဲ့ ဖိနပ်ဟာ သူမခြေထောက်မှာမို့လို့လားတော့ မသိဘူး။ အရမ်းလှပြီး ကြွရွနေတာပဲ။

သူမက သူနှင့် ခြေလှမ်းသုံးလေးလှမ်းစာလောက်ဆားကွာသွားသည်။ သူသည် ထိုင်ရာမှ ထရပ်လိုက်ကာ ...

“ဒီမှာခင်ဗျ”



www.burmeseclassic.com

www.burmeseclassic.com

သူမခြေလှမ်းတွေက မသိမသာ တုံ့လို့သွားသည်။ အဲဒီနောက်မှာတော့ အသာရပ်တန့်သွားလျှင် သူကလည်း သူမဘေးမှာ ဝင်ရပ်ပြီးသား ဖြစ်လို့သွားလေသည်။ သူမက သူ့ဘက်သို့ ငဲ့စောင်းကာကြည့်လျှင် ဆံပင်တချို့က ဖြာခနဲ ဝဲဆင်းလာသည်။ ဒါကို ပြန်သပ်တင်ရင်း ခေါင်းတစ်ချက်ငဲ့ပြပုံက "ဘာများပါလိမ့်" ဟု သူ့ကို မေးပုံမျိုးပဲဖြစ်သည်။

သူက မျက်နှာထားကို တည်ကြည်ရှိုသာသော အနေအထားသို့ ပြောင်းယူရင်း ...

"ကျွန်တော်တို့ ဆုံဖူးကြသလိုပဲနော်"

သူမက သူ့မျက်နှာကို နှစ်စက္ကန့်လောက် စိုက်ကြည့်သည်။ ပြီးတော့ လှစ်ခနဲ ပြုံးလိုက်လျှင် သူ့ရင်ထဲမှာ တကယ့်ကိုပဲ ငြိမ့်ခနဲ ဖြစ်လို့သွားပါသည်။ သူမ ...

သိပ်ချစ်ဖို့ကောင်းသောသူပေပဲ။

"ဟုတ်တယ် ... ဒဂုံစင်တာမှာလေ"

သူမက အဲဒီလို ပြန်ဖြေလိုက်လျှင် သူ့တစ်ကိုယ်လုံး မြောက်ခနဲ ဖြစ်သွားသည်။ ကြည့်ပေဦး ... ဒါ နိုင်ငံကျော် Best seller အချောအလှတဲ့။





တစ်စက်မှ မှုယာမာယာမရှိ။ ပဲမများတတ်ပေ။ အဲဒီအချိန်မှာပဲ သူ့အတွေးထဲ ဖျတ်ခနဲ ဝင်ရောက်လာတာက ဒီနေရာမှာ သူ မဟုတ်ဘဲ တခြားယောကျ်ားတစ်ယောက်ဆိုလျှင်ကော သူမ ဒီလိုပဲ တုံ့ပြန်မှာပဲလား။

အဲဒီလို တွေးမိလိုက်တော့ အခုနက ပျော်ရွှင်မှုတွေက ရုတ်ခြည်း ဆိတ်သုဉ်းသလို ဖြစ်သွားတော့သည်။

"ဟုတ် ... အဲဒီတော့ ဘာကိစ္စများ ..."

သူအသံတိတ်သွားသဖြင့် သူမထံမှ စကားသံထွက်ပေါ်လို့လာလျှင် သူက ကိုယ့်ကိုယ်ကိုယ် အမြန်သတိပေးရလေသည်။

"သြော် ... အဲဒီနေ့ကလေ ခင်ဗျားကို သေချာလည်း မတောင်းပန်လိုက်ရလို့ပါ။ ပြီးတော့ ကားဘာဖြစ်သွားသလဲ ဆိုတာကိုလဲ ..."

သူမက အဲဒီနေရာအရောက်တွင် ပြုံးလိုက်သဖြင့် သူက စကားမဆက်နိုင်တော့ချေ။ နာမည်ကြီးလှတဲ့ ဒီအပြုံးကို ကိုယ်တိုင်မြင်ဖူးတော့မှပဲ သူဟာ ပြောတာတောင်နည်းသေးဟု ထင်မှတ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

"ကားက ဘာမှမဖြစ်ပါဘူး"

"ဪ ... တော်သေးတာပေါ့"

သူက ခေါင်းတညိတ်ညိတ်နှင့် ဘာဆက်ပြောရမှန်း မသိပေ။ သူ့အကျပ်အတည်းကို သူမက သိသည့်အလား ခေါင်း တစ်ချက်ညိတ်ကာ ...

"ဒီမှာ သင်တန်းလာတက်တာနဲ့ တူတယ်"

ကြည့်စမ်း ... ဒါ သူ ပြောရမယ့်စကားပါ။ ဒါပေမဲ့ သူကမပြောနိုင်တော့ သူမထံကပဲ ထွက်လာသည်။ သူမနေရာမှာ တခြားမိန်းကလေးတစ်ယောက်သာ ဆိုလျှင်တော့ ဒီလိုပြောလိုက်တာနှင့် ဒါ ငါ့ကိုလာရောတာပဲဟု ထင်နိုင်စရာ ကောင်းသော်လည်း သူမကတော့ ဒီလိုကို ထင်ရက်စရာ မရှိပါ။

ဪ ... ငါ့ကိုသာများဆို အမှုးရှာသမှုနဲ့ မော်ရွေ လိုက်လျောတာပဲဟုသော အထင်မျိုးသာ ရောက်ရမည့် အခြေအနေ တစ်ခု ဖြစ်လေသည်။ ဘာကြောင့်များ သူမဟာ ဒီလောက်ထိ ကြည်လင်နူးစ်လိုဖွယ်ကောင်းတဲ့ ပုံစံမျိုး ရှိနေရတာပါလိမ့်။

"ဟုတ်ကဲ့ ... ဒီကရော"

"ဪ ... ကျွန်မလည်း သင်တန်းလာတက်တာပါပဲ"





"ဟုတ်လား ... မာတ်ပုံကို ဝါသနာပါတယ်နဲ့တူတယ်။ ပရော်ဖက်ရှင်နယ်လ်အဖြစ်ထိ ဝါသနာပါတာလား"

သူမက ဟာက်ခနဲရယ်ကာ ခေါင်းကိုခါယမ်းပြသည်။ လှုပ်ခတ်သွားသော နားဆွဲလေးမှာ သူ့နှလုံးသားတစ်ခုလုံး ချိတ် ပါသွားသလို ခံစားရပါသည်။ သူမက လက်ကနားရိုကို မြှောက် ကြည့်လျှက် "ဝင်ကြရအောင်လေ"ဟုပြောသည်။ သူသည် သူမ ရဲ့နံဘေးမှာ ယှဉ်တွဲလျှောက်လာရင်းမှ ထပ်၍စကားဆက်မိသည်။

"ကျွန်တော်က ထင်ရှားသူရိန်ပါ၊ ဒီက နာမည်ဘယ်လို ခေါ်လဲ မသိဘူး"

"ကျွန်မနာမည် မြူ ပါ"

"မြူ ! ... ဟုတ်လား။ အင်း ... ဒီနာမည်ကို ကျွန်တော် ကြားဖူးသလိုပဲ"

"ဖြစ်နိုင်ပါတယ်။ သကြီန်သီချင်းထဲမှာတောင် ပါသေး တယ်လေ၊ မြူမှောင်ဝေကင်း ... ဆိုတာလေ"

သူက ရုတ်တရက် ကြောင်သွားပြီးမှ ဟာဗျာ ... ဆိုကာ ရယ်မိလေသည်။ သူမဟာ ထင်ထားတာထက်တောင် flexible (ပျော့ပျောင်းသော)ဖြစ်တဲ့ မိန်းကလေးပါလား။ တကယ်



www.burmeseclassic.com

www.burmeseclassic.com


ကို စိတ်ဝင်စားဖို့ ကောင်းတယ် ဆိုတာကို ဘယ်လိုမှ ငြင်းချက် မထုတ်နိုင်တော့ချေ။

သူမနှုတ်ဖျားမှ လွင့်ကျလာသော စကားတိုင်းဟာ တစ်ဖက်လူကို အသိအမှတ်ပြုသော စကားမျိုးတွေဖြစ်သည်။ သူမကို သူ မြင်မြင်ချင်း သဘောကျမိသော အချက်တစ်ချက်မှာ လုံးဝဟန်ပန်မှုယာမရှိ၊ မာန်မာနမရှိ၊ နောက်ဆုံး သူတို့ယောက်ျား လေးတွေအားလုံး မကြိုက်တတ်သည့် ပဲများခြင်း လုံးဝ လုံးဝမရှိ သော မိန်းမချောလေးတစ်ယောက်ပဲ ဖြစ်သည်။

သူသည် တရိပ်ရိပ်ခုန်လာသော ရင်အစုံဖြင့် ...

"ဒီသင်တန်းမှာ အတူတူတက်မယ့် အဖော်မရှိဘူး မဟုတ် လား။ ကျွန်တော် မြို့ကို အဖော်လုပ်လို့ ရမလားဟင်"

"နှစ်ဆယ့်တစ်ရာစုမှာ ယောက်ျားတွေက ပိုပြီးအသည်းငယ် သလိုပဲနော်။ အင်း ... ရပါတယ်လေ"

အဲဒီစကားကို ကြားရတဲ့အခိုက်မှာ သူ့ခန္ဓာကိုယ် တစ်ခုလုံး မတ်ခနဲ ဖြစ်လို့သွားသည်။ သူမရဲ့ပါးစပ်မှ ပထမဆုံး တွေ့တဲ့အချိန်မှာပဲ "ယောက်ျားတွေ"ဟု သုံးနှုန်းလိုက်တာကို သူ့နှလုံးသားက ဆူလောင်စွာ လက်မခံလိုပေ။



မင်း ယောက်ျားတွေကို တကယ်ပဲ အထင်သေးနေ တာလား။ ကစားချင်တာလား မြို့။

သူက စိတ်ထဲမှ တွေးချင်နေသော အကြောင်းအရာ များကို အမြန်ဖယ်ရှားပစ်ရကာ သူမရဲ့ ခွင့်ပြုချက်အတွက် ဝမ်း ပန်းတသာ ခေါင်းညိတ်ပြရသည်။ ဒီတစ်ခါတော့ သူမက မပြုံး တော့ဘဲ သူ့ကို တစ်မျိုးသော မျက်ဝန်းတွေဖြင့် အကဲခတ်သလို ကြည့်လာလျှင် သူ့မှာ နောက်ကျောမလုံချေ။

သို့သော် ဘာပဲဖြစ်ဖြစ် သူဟာ မြို့နှင့် ခင်မင်ခွင့် ရခဲ့ပြီ။ သူမရဲ့ ပိုင်နက်နယ်မြေထဲသို့ ခြေတစ်လှမ်း ချခဲ့ပြီဟု ထင်ပါသည်။

(တကယ်တမ်းတော့ သူ့နယ်မြေထဲသို့သာ သူမက ခြေလှမ်းပေါင်းများစွာ ချထားခဲ့မှန်း နောက်များမှ သူ သိခွင့်ရ ခဲ့တာ ဖြစ်တော့သည်။)


www.burmeseclassic.com

www.burmeseclassic.com



သူက သူမနှင့် နီးစပ်ခွင့်ရရှိအောင် ဓာတ်ပုံသင်တန်း တက်ခဲ့တာဖြစ်သော်လည်း သူမကတော့ ဓာတ်ပုံပညာကို တကယ် စိတ်ဝင်စားစွာ၊ တတ်မြောက်ချင်စွာဖြင့် စိတ်ပါလက်ပါ လာတက်တယ်ဆိုတာကို အနီးကပ်ကြည့်တော့မှပဲ သိခွင့်ရခဲ့တော့တာဖြစ်သည်။ သင်တန်း၏ ပထမတစ်ပတ်မှာတော့ သူနှင့် မေးထူးခေါ်ပြော နှုတ်ဆက်သည့် အဆင့်မှာပဲ ရှိခဲ့သော်လည်း ဒုတိယအပတ်သို့ ရောက်သောအခါတွင် တစ်နေ့သော သင်တန်းဆင်းချိန်၌ သူက သူမကို ကော်ဖီသောက်ဖို့ ယဉ်ကျေးစွာပဲ ဖိတ်ခေါ်ခဲ့သည်။

သင်တန်းဆင်းသွား၍ ပြန်ဖို့အတွက် ကားတံခါးဖွင့်နေသော သူမအနားသို့ သူက ရောက်သွားကာ ...

"မြို"



သူ့ခေါ်သံကြောင့် သူမက လှည့်ကြည့်သည်။ ဒီနေ့တော့ သူမက ခရမ်းရောင် ဘလောက်စ်လှလှတစ်ထည်ကို ခရမ်းနှင့်အဖြူ ရောစပ်မွေထားသည့် စကတ်အတိုတစ်ထည်ဖြင့် လှပစွာ ဝတ်စားဆင်ယင်ထားလေသည်။ ဆံနွယ်ရှည်တွေကို အားလုံး စုစည်းထားကာ အပြောင်သိမ်းစည်းထားသောကြောင့် မျက်နှာမှာ မဟာဆန်စွာ ရှင်းလင်းလှပလို့ နေသည်။

"ဪ ... ကိုထင်ရှားသူရိန်"

"ကျွန်တော့်နာမည် ခေါ်ရတာ မမောဘူးလား မြို့ရယ်"

"ဒါဖြင့်လည်း ကျွန်မလို တစ်လုံးတည်းပဲ မှည့်ပေါ့"

ကြည့် ...။ သူမဟာ ဘယ်လိုပေါင်းသင်းရကောင်းမှန်းကို မသိ။ နှလုံးသားထဲသို့ ရောက်လွယ်သော မိန်းကလေးတစ်ဦးပဲဖြစ်သည်။ ဘယ်အချိန်ပဲ ကြည့်လိုက် ကြည့်လိုက် လန်းဆန်းတက်ကြွကာ စမတ်ဖြစ်နေတတ်သည်။

"ဟုတ်တယ် ... အဲဒီလိုပဲမှည့်ဖို့ စိတ်ကူးထားတယ်။ အဲဒါ နာမည်အသစ် ကင်ပွန်းတပ်ပွဲကို ဒီနားလေးက ကော်ဖီဆိုင်လေးမှာ ကျင်းပမှာမို့ မြို့က တက်ရောက်ချီးမြှင့်ပေးပါလား"

www.burmeseclassic.com

www.burmeseclassic.com



သူမက မျက်ခုံးတစ်ဖက်ကို လှပစွာပင့်ကာ ...

"ဒီကင်ပွန်းတပ်ပွဲကလည်း ကောက်ကာငင်ကာ ထလုပ်လိုက်ရတဲ့ ကင်ပွန်းတပ်မွဲနဲ့ တူတယ်နော်"

"မဟုတ်ဘူး။ ပွဲကတော့ နဂိုတည်းက စီစဉ်ထားတာ၊ ခေါင်းစဉ်ကသာ အခုမှ ကောက်တပ်လိုက်ရတာပါ"

"ဩော် ... ဩော် ... ဩော်"

"ဘယ်လိုလဲ မြူ။ ကျွန်တော့်ပွဲလေးကို တက်ရောက်ပေးနိုင်မလား"

သူမက နာရီကို တစ်ချက်မြှောက်ကြည့်ကာ ...

"ကင်ပွန်းတပ်ပွဲက ဘာကျွေးမှာလဲရှင့်။ ဒီအချိန်က နေ့လယ်စာစားတဲ့အချိန် ရောက်နေပြီ။ ကော်ဖီတစ်ခွက်တည်း ဆိုရင်တော့ ကျွန်မက ငြင်းရလိမ့်မယ်"

သူသည် ထိုမိန်းကလေးကို တကယ်ပင် ဖျားသွားလေသည်။ သူမရဲ့ပုံစံက သူ့ကို စနောက်သည့်ပုံစံဖြင့် ပြောနေသောပုံ မဟုတ်ပေ။ တကယ်ကို အတည်အကြည် ပြောနေတာဖြစ်ပါသည်။ မြူသည် ထင်ထားတာထက် ပွင့်လင်းရိုးသားကာ သဘာဝဆန်လေသည်။





"ဘာလဲ ... ကော်ဖီတစ်ခွက်ထက်ပိုပြီး မကုန်ကျနိုင်လို့ စဉ်းစားနေရတာလား၊ ဒါဆိုရင်တော့ ကျွန်မကပဲ ထမင်းစားဖို့ ဖိတ်ပါတယ် ...

ကျွန်မ ကြက်ဆီထမင်း သွားစားမလို့ရှင့်၊ လိုက်စားပါဦးလား"

"အာ ... အဲဒီလိုသဘော မဟုတ်ပါဘူး။ မြူ စားချင်တာ ကျွန်တော်က ကျွေးမှာပါ။ ဟုတ်ပါတယ် ဒီအချိန်က နေ့လယ်စာစားဖို့ သင့်နေပါပြီ"

"အိုကေ ... ဒါဆို Let's go ။ Follow me ! "

သူသည် တကယ်ကို လက်တခါခါနှင့်ပင် သူမ မောင်းသော ကားနောက်မှ မောင်း၍လိုက်လာရသည်။ သူမက အေးချမ်းတိတ်ဆိတ်သော စားသောက်ဆိုင်လေးတစ်ဆိုင်ကို ရွေးချယ်လိုက်ပါသည်။ ခြံဝင်းထဲတွင် သီးသန့်ဖွင့်ထားသော စားသောက်ဆိုင်လေးကို သူတောင် နာမည်သာ ကြားဖူးလျက် တစ်ခါမှ မရောက်ခဲ့ဘူးပေ။

သူမ ဝင်လာတာ မြင်တာနှင့် စားပွဲထိုးသည့် ဝိတ်တာက နှုတ်ဆက်စကား လာပြောသဖြင့် သူမဟာ ဒီဆိုင်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ကက်စတန်မှာ ဖြစ်ပုံရသည်ဟု သူက ခန့်မှန်းမိလေသည်။ သူမက စားပွဲဝိုင်းတစ်ခုတွင် သက်သောင့်သက်သာ ဝင်ထိုင်ရင်း သူ့ကို ပြုံးပြသည်။

သူမပုံစံဟာ သူနှင့်တွဲလာရသည့်အတွက် ဘယ်လိုပုံစံမျိုးမှ ရှိမနေပေ။ ရှက်ကိုးရှက်ကန်း ရှိုးတိုးရှန့်တန့် မရှိသော မိန်းကလေးတစ်ယောက်သည် တခြားယောက်ျားတစ်ယောက်ကို ဘယ်လိုဝန်ထုပ်ဝန်ပိုးကိုမှ မပေးတတ်ပေ။ ဒါကိုလည်း သူက သဘောကျသည်။

ဒါပေမဲ့ တစ်ဖက်မှာလည်း သူမဟာ ဒီဆိုင်လေးကို သူ့အရင် တခြားယောက်ျားလေး ဘယ်နှယောက်နှင့် နေ့လယ်စာ စားဖူးပြီးခဲ့ပါပြီလဲ။ သူက ဘယ်နှယောက်မြောက်လဲ။ ဒီလိုတွေးမိသွားလျှင် သူ့နှလုံးသားမှာ ဖျဉ်းခနဲ ဖြစ်လို့သွားသည်။

"ကဲ ... ရှင် ဘာစားမလဲ။ ကျွန်မကတော့ ကြက်ဆီထမင်း စားမယ်။ ဒီဆိုင်က ကြက်ဆီထမင်းက သိပ်ကောင်းတယ်"

"အင်း ... ကိုယ်ရောပဲ"

"ဟုတ်ပြီ။ ဂျူ့စ်သောက်ဦးလေ၊ ကမ္ဘလာ ကြိုက်သလား"

"ကြိုက်ပါတယ်"





"အိုကေ ...။ ဒီမှာ ဘွိုင်၊ ကြက်ဆီထမင်းနှစ်ပွဲနဲ့ ကမ္ဘလာဂျူ့စ်နှစ်ခွက်"

သူမရဲ့ မှာကြားချက်ကို ဝိတ်တာလေးက ရိုသေစွာ မှတ်ယူကာ အနားမှ ထွက်ခွာသွားသည်။ သူက သူမရဲ့ပြောပုံဆိုပုံ လှုပ်ရှားပုံတို့ကို သေချာစွာ အကဲခတ်ရင်းမှ တစ်လုံးချင်း ပြောလိုက်လေသည်။

"ခင်ဗျားက တစ်မျိုးပဲနော်"

ဘယ်လိုတစ်မျိုးပဲနော်လဲဟု ပြန်မေးမည် ထင်သော်လည်း သူမက ပြန်မမေးချေ။ သူ့စိတ်ကို နားလည်နေသည့်အလား ဖြေရှင်းချက် တစ်ခုကိုတောင် ထုတ်ပေးလိုက်သေးလေသည်။

"ကျွန်မက သူများကို မထိခိုက်တဲ့ ကိစ္စမျိုးမှာ ကိုယ့်စိတ်ထဲကရှိတဲ့အတိုင်းပဲ နေတတ်တယ်ရှင့်။ ဥပမာ ... အခုနက ရှင့် ကျွန်မကို ဖိတ်ခေါ်တာက ကော်ဖီသောက်ဖို့ပဲ၊ ဒါကလည်း ဖြစ်သင့်ပါတယ်။ ပထမဦးဆုံး ဖိတ်ခေါ်မှုဆိုတော့ ဒီလောက်အတိုင်းအတာပဲ ကောင်းတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ အချိန်က နေ့လယ်စာစားတဲ့အချိန် ဖြစ်နေပြီလေ။ ဒါကို ကျွန်မက အားနာနာနဲ့ ကော်ဖီပဲသောက်၊ စကားတွေကပြော ဗိုက်ကဆာနဲ့၊ နောက် ထမင်းစားချိန်ကျတော့ အစာလွန်ပြီး မစားနိုင်ဘဲနေရော၊ ရှင်လည်း ဆာနေမှာပဲလေ၊ မဟုတ်ဘူးလား"

သူမက ရေဖန်ခွက်ကို မော့သောက်ရင်းမှမေးလျှင် သူသည် သူမရေသောက်နေပုံကို ငေးမောမိသွားသည်။ ရှေးတုန်းက စာဆိုတော်တွေ ဖွဲ့ဆိုထားတာ လွန်တယ်ဟု ထင်မိခဲ့သမျှ သူမ ရေသောက်နေပုံကိုတွေ့လျှင် မထင်မိတော့ချေ။

လည်ချောင်းထဲသို့ စီးဆင်းသွားသော ရေကြည်တွေကို ထွင်းဖောက်မြင်ရမတတ် ဖြူကြည်ရှင်းသန့်နေသော လည်တိုင်ရှင်းရှင်းသည် စာဖွဲ့လို့တောင် မညွှန်းဆိုနိုင်ပေ။

"ဟုတ်ပါတယ်၊ ကျွန်တော်လည်း ဆာနေပါပြီ၊ ဒါပေမဲ့ ထမင်းအတူ သွားစားရအောင် ဆိုတာမျိုးကျတော့ ..."

"အဲဒါပဲနော်။ လူတွေက ထုံးစံတွေကို ထည့်တွက်ကြတာကိုး။ တကယ်တမ်းကျတော့ အတူစားတာဟာ စားတာပဲ၊ ကိုယ့်ကိုယ်ကိုယ်[illegible]ညာနေကြတာပဲလေ"



သူက ထရုပ်မိမတတ် ဖြစ်သွားသည်။ သူမကတော့ ဘာမှဖြစ်ပုံမပေါ်ပါ။ ဖုန်းမက်ဆေ့ချ် ဝင်လာတာကို ဖွင့်ကြည့်လျက် နှုတ်ခမ်းများက ကော့ညွှတ်ပြုံးလာကြသည်။ သူသည်တစ်ဖက်က ပို့ထားသော မက်ဆေ့ချ်ကို ဆွဲယူဖတ်ပစ်ချင်စိတ်ဟာဆော့ထုးကို ချုံးနှိမ်ထားရလေသည်။ ဘယ်သူ့ဆီက မက်ဆေ့ချ်မို့ သူမမျက်နှာက ပြုံးပြုံးလေး ဖြစ်နေရတာလဲ။ ဟော ... ဟော ... သူမက ပြန်ပို့နေပြန်ပြီ။

အဲဒီအချိန်မှာပဲ သူမက ဖုန်းခလုတ်တွေကိုနှိပ်ရင်း သူ့ထံသို့ ဖျတ်ခနဲပဲ မျက်လုံးလှန်ပြီး ကြည့်လာလျှင် သူမကို စိတ်ဝင်တစား ငေးစိုက်နေသော သူ့ကိုယ်သူ ဘယ်လိုမှ ရှောင်ခွဲပစ်လို့ မရတော့ချေ။ သူ ဖရိုဖရဲ ဖြစ်သွားပုံကို သူမက နှစ်ထွန့်လောက် စိုက်ကြည့်ကာ ဖုန်းထံသို့ မျက်လုံးအကြည့်ရွှေ့သွားသည်။ သို့သော် နှုတ်ခမ်းများကတော့ သူ့ကို စကားစလာခဲ့လေသည်။

"ရှင် ဘာရည်ရွယ်ချက်နဲ့ ကျွန်မအနားကို ရောက်လာခဲ့တာလဲ"

"ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"မဗျာပါနဲ့။ ရှင် ကျွန်မ မေးတာကိုလည်း ညာဖို့မစဉ်းစားနဲ့"

သူမက သူ့ကိုသာ စွဲချက်တင်နေသော်လည်း မျက်လုံးကတော့ ဖုန်းပေါ်ကိုကြည့်ဆဲ။ လက်ချောင်းတွေကလည်း ခလုတ်တွေကို ပြေးလွှားနှိပ်ဆဲ။ သူက ဒီယောက် သွေးအေးငြိမ်သက်သော မိန်းမကို ခပ်တည်တည်ပဲ စိုက်ကြည့်နေလိုက်သည်။ ကြည့်စမ်း ... ဒီမိန်းမဟာ ဘယ်ဘက်လက်နဲ့ ကျွမ်းကျွမ်းကျင်ကျင်ကို မက်ဆေ့ချ်ပို့နေတာပါလား။

စာရေးတော့ ညာဘက်လက်၊ အခု သုံးနေတာက ဘယ်ဘက်လက်၊ တတ်လည်း တတ်နိုင်တဲ့ မိန်းမပေ။

"အံ့ဩမနေနဲ့။ အလေ့အကျင့်ဆိုတာ လုပ်ယူရင် ရတာပဲ။ practise makes perfect တဲ့ မကြားဖူးဘူးလား"

သူသည် အားခနဲ အော်ပစ်ချင်စိတ်ပင် ပေါက်သွားလေသည်။ ဒီမိန်းမ အကြားအမြင်တွေများ ရနေလား။ သူက အံ့ဩတွေဝေနေတုန်းမှာပဲ မရွှေချောက မက်ဆေ့ချ်ပို့တာ ပြီးသွားသည်။ ဖုန်းကိုပိတ်ရင်း သူ့ကို တည့်တည့်မတ်မတ်ပဲ ပြုံးကြည့်လာကာ ...





"ကျွန်မကို ဆက်ဆံတဲ့အခါမှာ ပွင့်ပွင့်လင်းလင်းနဲ့ ရိုးရိုးသားသားပဲ ဆက်ဆံပါ ကိုထင်ရှားသူရိန်။ မဟုတ်ရင် ရှင်ပဲ စိတ်အနှောင့်အယှက် ဖြစ်ရလိမ့်မယ် ...

ကျွန်မက အကြားအမြင် ရနေတဲ့ မိန်းမတစ်ယောက် မဟုတ်ပါဘူး။ ဒါပေမဲ့ လူတွေရဲ့စိတ်ကို အကဲခတ်တတ်ရင် တော်တန်ရုံလောက်ကတော့ အကြားအမြင်ရသလိုပဲ သိနိုင်ပါတယ်လေ"

သူက တစ်ခုခု ပြန်ပြောဖို့ ဟန်ပြင်နေစဉ်မှာပဲ မင်းပန်းကန်တွေ လာချသည်မို့ ဘာမှမပြောသာတော့ချေ။ သူမကပဲ ဇွန်း ခက်ရင်းတွေကို ကမ်းပေးရင်း ...

"သက်သောင့်သက်သာနဲ့ပဲ စားပါ။ စားရင်း စကားပြောကြတာပေါ့"

ကွာ ... ဒီမိန်းကလေးတော့။ သူသည် သူမကို ညာ မရတော့မည့် အတူတူ စိတ်ထဲရှိတာတွေချည်းပဲ ထုတ်ပြောဖို့ ဖြတ်လိုက်လေသည်။ ဒီလိုကျတော့လည်း နေလို့ထိုင်လို့ ောင်းသွားသည်။ သူမနှင့် တစ်တန်းတည်းလို ခံစားသွားရသည် ဟန်ဆောင်ဝတ်ရုံကို ချွတ်ချလိုက်သောကြောင့်ဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက ဘာဖြစ်လို့ ကျွန်တော့်ကို ဒီလိုထင်ရတာလဲ"

သူမက ရင်အုပ်သားတစ်တုံးကို ဓွန်းနှင့်ဖဲ့ရင်း

အသာယူဝါးကာ ...

"ရှင့်ကို ကျွန်မ ပထမဆုံး စရတွေ့တာ ဒဂုံစင်တာမှာလေ

နောက်တော့ သင်တန်းမှာ ထပ်တွေ့တယ်။ ရှင်က ကျွန်

ကို လာနှုတ်ဆက်တယ်။ ကားအကြောင်း မေးတယ်

တကယ်တမ်း ရှင့်မှာသာ သိတတ်ချင်တဲ့စိတ်ရှိရင် ဒဂုံ

စင်တာမှာတည်းက မေးလို့ရတာပဲလေ ...

ဓာတ်ပုံသင်တန်းမှာ လာဆုံတာ တိုက်ဆိုင်မှု

ပြောရင်လည်း ရပါတယ်။ ဒါပေမဲ့ ရှင်က ဓာတ်ပုံပညာ

တကယ် စိတ်ဝင်စားလို့ လာတက်တာမှ မဟုတ်တာ

အကြောင်းတစ်ခုခုကြောင့်ပေါ့ ...

အဲဒီအကြောင်းလည်း ကျွန်မနဲ့ပဲ ပတ်သက်တယ

လို့ ထင်တယ်။ ဒါကို ရှင် ငြင်းမလား"

"ကျွန်တော်က ဝန်မခံဘူး ဆိုရင်ကော"

သူမက သူ့ကို တစ်ချက်စိုက်ကြည့်သည်။ အနည်

ငယ်မျှဆိုရုံ ပြုံးကာ ...





"ဒါက ရှင့်ကိစ္စပါ။ လောကမှာ ညာလို့မရတဲ့သူ နှစ်မျိုး ပဲရှိတယ်၊ ဘုရားကို ညာလို့မရဘူး၊ ကိုယ့်ကိုယ်ကိုယ် ညာ လို့မရဘူး"

သူက ဘာမှပြန်မပြောမိဘဲ ပန်းကို အသာတွန့်မိ သည်။ အဲဒီနောက် စကားသိပ်မဆိုဖြစ်တော့ဘဲ ထမင်းကိုသာ ဆက်စားဖြစ်နေရင်းမှ သူမကို မသိမသာ ငုံစောင်းကြည့်လျှင် သူမ မျက်နှာ မတင်းမမာ မစူပုပ်ဘဲ ပုံမှန်အတိုင်းသာ ရှိနေတာ ကို တွေ့ရသည်။

ဒါကြောင့် ပြောကြတာနေမှာ၊ တစ်မျိုးပဲတဲ့။

"ခင်ဗျားက ဒီဆိုင်မှာ အမြဲစားနေကျလား"

သူက တခြားခေါင်းစဉ် ပြောင်းလိုက်သော်လည်း သူမက ဂရုတစိုက်ပဲ ဖြေပေးလေသည်။

"အမြဲတမ်းလိုလိုပေါ့လေ"

"တစ်ယောက်တည်းပဲ လာစားတတ်တာလား"

ဒီစကားကိုတော့ သူမက ဟက်ခနဲ ရယ်သည်။ ပြီးလျှင် အဓိပ္ပာယ်တစ်မျိုး ပါနေသော အဖြေစကားကို ဖြေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ သူ သိချင်သော အဖြေထက်ပိုပြီး ဖြေပေးထားတာလည်း ဖြစ်သေးသည်။

"တစ်နေ့နေ့ကျရင်တော့ ရှင် သိလာမှာပေါ့"

သူသည် လှို့ဝှက်နက်ရှိုင်းလွန်းသော ထိုမိန်းကလေးကို အချိန်အတော်ကြာ ငေးစိုက်ကြည့်နေမိပြီးလျှင် သက်ပြင်းတစ်ချက်ကို အသာရှိုက်မိသွားလေသည်။ အများပြောတဲ့ စကားတွေဟာ မမှားဘူး မြူ။ မင်းဟာ ပတ်သက်ကြည့်လေ စွဲငြိစေတတ်လေဆိုတာ တကယ်မှန်နေခဲ့ပြီပဲ။

"မြူ ဘယ်သူလဲဆိုတာ ကျွန်တော် သိနေတယ်၊ ဒါနဲ့များ တောင် ဒီနာမည်ကို ကြားဖူးတယ်လို့ ပြောတော့ သကြိန် သီချင်းတစ်ပုဒ်တည်းမှာပါတဲ့ ...

ဘာဖြစ်လို့ စာရေးဆရာမဆိုတာ ဖွင့်မပြောခဲ့တာလဲ"

"အဲဒါ ကျွန်မစတိုင်လ်ပဲ၊ ကျွန်မ အဲဒီလို မပြောတတ်ဘူး"

"ဟင် ... ကိုယ့် ပရော်ဖက်ရှင်နယ်လ် အလုပ်ကို ဂုဏ်ယူပြီး ထုတ်မပြောပြဘူးလား"





"ရှင်က အဲလိုမြင်တယ်လား။ ကျွန်မရဲ့အလုပ်အပေါ်မှာ ကျွန်မ အတိုင်းထက်အလွန် ဂုဏ်ယူမြတ်နိုးတယ်၊ ဒါပေမဲ့ ဒီအလုပ်နဲ့ ကျွန်မ ကြွားဝါမပြောတတ်ဘူး။ ကျွန်မကိုယ် ကျွန်မ သတ်မှတ်ထားတာကတော့ ...

I'm not superstar but creater (ဖန်တီးသူ) ...

အနုပညာတွေကို ဖန်တီးတဲ့သူ တစ်ယောက်ပါ။ အောင်မြင်တာတွေ ကျော်ကြားတာတွေကို သိပ်စိတ်မဝင်စားဘူး"

ဒီအကြောင်းအရာတွေကို ပြောနေစဉ်မှာတော့ သူမရဲ့ အညိုရောင်မျက်ဝန်းတွေက ရင်သပ်ရှုမောဖွယ်ကောင်းအောင် လက်လက်ဖြာလို့ နေလေသည်။ သူသည် ဒီမိန်းကလေးကို စိတ်ဝင်စားမှု တစ်ခုတည်းကြောင့် ဒီလောက် ရင်းနှီးပတ်သက်ခဲ့ရသည်။ ဒီလို တစ်ထိုင်တည်းနဲ့တော့ အသည်းစွဲချစ်သွားဖို့ မမျှော်လင့်ခဲ့ပေ။

သို့သော် အချစ်ဆိုတာ မမျှော်လင့်တာတွေကိုပဲ ဆက်တိုက်ဖြစ်စေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက စိတ်မဝင်စားပေမယ့် ခင်ဗျားကိုတော့ အဲဒီအရာတွေက စိတ်ဝင်စားကြတာပဲလေ"

သူမက ပြုံးပြုံးလေးပဲ ခေါင်းခါသည်။

"ဟင့်အင်း ... လူတွေက အဲဒါတွေကို စိတ်ဝင်စားကြတာ။ လူတွေက အောင်မြင်မှုတွေ ကျော်ကြားမှုတွေကို စိတ်ဝင်စားတယ်၊ တပ်မက်ကြတယ်၊ လိုချင်ကြတယ်၊ လူတစ်ယောက် အောင်မြင်တယ် မအောင်မြင်ဘူးဆိုတာ သူကိုယ်တိုင် သတ်မှတ်တာထက် လူတွေက သတ်မှတ်ပေးလိုက်ကြတာပါ ...

တကယ်တမ်း အဲဒီ သတ်မှတ်ချက်တွေကရော ခိုင်မြဲလို့လား။ အောင်မြင်မှုဆိုတာ ဘာလဲ၊ လူ့ဘဝဆိုတာ တိုတိုလေးပါ ကိုထင်ရှား ...

အဲဒီ ဘဝတိုတိုလေးထဲမှ ရလာတဲ့ အောင်မြင်မှုဆိုတာကတော့ တကယ့်ကို ရေပွက်ပမာလေးပါ။ ခဏလေးပါ။ snat shot (လျှပ်တစ်ပြက်)လေးပါပဲ။ ဒီ့အတွက်နဲ့ ကျွန်မဘဝမှာ သာယာဖို့ အချိန်မပေးနိုင်ပါဘူး ...





ဒါကြောင့် ကျွန်မ နေထိုင်တဲ့ life style ဟာ သူများနဲ့တော့ သိပ်မတူဘူး"

သူဟာ သူမ ပြောတာတွေကို နားထောင်ကောင်းကောင်းနဲ့ နားထောင်နေကာ ဘာပြန်ပြောရမှန်းကို မသိချေ။ သူမပြောသော စကားတွေက သူ တစ်ခါမှမကြားဖူးသော စကားလုံးအဆန်းတွေ ဖြစ်သည်။

သူကလည်း ငြိမ်သက်နေ၊ သူမထံမှလည်း အတွေးတွေ ထပ်ပေါ်လာသဖြင့် နောက်ထပ် ထပ်ပြောသော စကားတွေကတော့ ပိုပြီး မှတ်သားစရာ ကောင်းပါသည်။

"လူတွေကလေ အောင်မြင်ကျော်ကြားတဲ့ အနုပညာရှင်တွေကို အရမ်းအားကျ ချစ်ခင်ကြတယ်။ ဟီးရိုးပဲပေါ့နော်။ အပြစ်အနာအဆာကင်းတဲ့ စင်းလုံးချောပဲ ဖြစ်စေချင်ကြတယ်။ တယ်တမ်းကျတော့ ဒီလူတွေဟာလည်း လူထဲက လူတွေပဲလေ ...

သာမန်လူတွေလိုပဲ မှားနိုင်တယ်၊ မှားခွင့်လည်းရှိတယ်။ ဒါပေမဲ့ လူတွေက သူတို့ကို ရုပ်ဝတ္ထုတွေအဖြစ် သတ်မှတ်ထားကြတော့ ဒါကြီးရဲ့ side effect က စိတ်



www.burmeseclassic.com

www.burmeseclassic.com



ဖိစီးတဲ့ဒဏ်ကို အရှိမ်းဖြစ်စေတာ၊ သိပ်ကြောက်စရာကောင်းတယ် ...

ထွက်ပေါက်ရှာတဲ့ နေရာမှာလည်း တချို့ထွက်ပေါက်တွေက အထဲမှာ ပိတ်မိသွားပြီး ပြန်ထွက်မရတော့တဲ့အခါ သိပ်ဝမ်းနည်းစရာ ကောင်းကြရတယ်ရှင် ...

ဒါကြောင့် ကျွန်မကတော့ ကိုယ့်ခံယူချက်ကို ရဲရဲလက်ကိုင်ထားတယ်၊ ကျွန်မဟာ အောင်မြင်နေသူတစ်ယောက် မဟုတ်ဘူး။ အနုပညာတွေကို ဖန်တီးသူတစ်ယောက်ပဲ။ အောင်မြင်မှုဆိုတာ အဆုံးရှိတယ်။ ဖန်တီးမှုမှာအဆုံးမရှိဘူး။ ကိုယ့်စိတ်မှာ အောင်မြင်တာတွေ ကျုံးတာတွေ မရှိတော့တဲ့အတွက် stress တွေ Depression တွေလည်း ကင်းသင့်သလောက် ကင်းတယ်"

သူက ဒီခံယူချက်တွေနှင့် ရှင်သန်နေထိုင်နေသော သူမကို တကယ်ပဲ ဖျားသွားခဲ့လေသည်။ ဒီလောက် ရိုးဖြောင့်သော နှလုံးသားနှင့် မိန်းမကို သူ အထင်မကြီးဘဲ မနေနိုင်တော့ပါ။ တစ်လက်စတည်းမှာပဲ သူက ခံဝန်ချက်တစ်ခုကို ရဲရဲတောက်ပစွာ ထုတ်ဖော်ပေးလိုက်သည်။





ရှက်သွေးဖြတ်ပြေးသွားမည့် သူမရဲ့မျက်နှာလေးကို မြင်ဖူးခွင့် ရချင်စမ်းပါရဲ့။

"မင်းက အောင်မြင်မှုတွေကို စိတ်မဝင်စားပေမယ့် ကိုယ်ကတော့ မင်းကို စိတ်ဝင်စားလို့ ချဉ်းကပ်ခဲ့တာပဲ မြို ...

ဒဂုံစင်တာမှာ စတွေ့တဲ့ အချိန်ကလွဲလို့ နောက်ပိုင်းဆုံဖြစ်ခဲ့တာတွေဟာ မင်းနဲ့ နီးစပ်ခွင့်ရချင်လို့ ဖန်တီးထားတဲ့ အရာတွေပါ ...

ကိုယ်လည်း မင်းလိုပဲ creater (ဖန်တီးသူ)တစ်ယောက်ပဲလေ။ ဟုတ်ဖူးလား"

သူမရဲ့မျက်နှာကို သူက ရွှန်းရွှန်းစားစား စိုက်ကြည့်ရင်း ပြောလိုက်သော်လည်း သူမက သူ ထင်သလို ခေါင်းငုံ့မသွားဘဲ သူ့မျက်လုံးတွေကိုပင် တည့်တည့်စိုက်ကြည့်ကာ ...

"အစတည်းက ရှင် ဒီလို ပွင့်ပွင့်လင်းလင်း ဖွင့်ပြောပြသင့်ခဲ့တာ"တဲ့။

သူသည် တစ်မျိုးပဲဆိုတဲ့ စကားကိုတောင် မပြောနိုင်တော့ဘဲ သူမကိုသာ မချင့်မရဲ ကြည့်နေမိတော့တာ ဖြစ်လေသည်။

❤ ❤



www.burmeseclassic.com

www.burmeseclassic.com



မြူသည် နောက်ဆုံးစာလုံးကို အဆုံးသတ်ပြီးတာနှင့် ပုဒ်မချလိုက်ကာ ဒီနေ့အဖို့ ဝတ္ထုရေးခြင်းကို အဆုံးသတ်လိုက်သည်။ နာရီကိုကြည့်လိုက်သောအခါ ညဆယ့်နှစ်နာရီခွဲဖို့ ငါးမိနစ်မျှသာ လိုတော့သည်။ မရပ်မနား ဆက်တိုက်အသုံးချလာသော ဦးနှောက်နှင့် ခန္ဓာကိုယ်တစ်ခုလုံးကို ခြေချိုး ခေါင်းချိုး ဖြေလျော့ပြီးလျှင် မြူ့အခန်းမှ ထုတ်ထားသော ဝရန်တာဆီသို့ ထွက်လာခဲ့သည်။

ညသည် မှောင်မိုက်တိတ်ဆိတ်မှုကို အပိုင်စားယူထားကာ ဣန္ဒြေရရ ငြိမ်သက်နေသည်။ မြူတို့ ခြံထဲတွင် စိုက်ယှဉ်ထားသော မီးရောင်တွေက ဖြာကျနေသည်မို့ အားလုံးကို ရှင်းလင်းပြတ်သားစွာ မြင်တွေ့နေရသည်။ တစ်ဖက်ခြံက ကိုကြီးရဲ့အခန်းရှိရာသို့ လှမ်းကြည့်လိုက်လျှင် မှောင်မည်းတိတ်ဆိတ်နေသည်။ အင်းပေါ့





ကျန်မာရေးလိုက်စားတဲ့ ဆရာဝန်တစ်ယောက်ဟာ ဒီအချိန်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေလောက်ပြီပေါ့။

"ကိုကြီး အိပ်မက်လှလှ မက်ပါစေ"

မြူက ခပ်တိုးတိုးဆုတောင်းပေးလိုက်ပြီးလျှင် တစ်ယောက်တည်း ကျေနပ်စွာပြုံးလိုက်သည်။ အခါတိုင်း မြူ စာရေးပြီးသော ညတွေမှာ ဒီလိုပဲ ဝရန်တာသို့ထွက်ပြီး ညရဲ့အလှကို ငေးမောနေကျဖြစ်သည်။ အဲဒီလိုငေးမောတိုင်းမှာလည်း ငေးမောတွေးတောရုံကလွဲ၍ မြူဟာဘယ်သူ့အကြောင်းမှမစဉ်းစားတတ်ပါ။

ဒီညတော့ ... ...။

မြူသည် လူတစ်ယောက်ကို အလိုလိုနေရင်း သတိရမိလာသည်။ အံ့ဩဖွယ် ကောင်းလေစွ။ သူ့ကို မြူ စဉ်းစား၍လည်း မနေပါ။ ဒါပေမဲ့ ဒီအချိန်မှာ ဘာကြောင့် သတိရနေရလဲဆိုတာတော့ မြူ မတွေးတတ်။ အခါတိုင်းတုန်းက မြူနှင့်သိကျွမ်းရင်းနှီးခဲ့ဖူးသော ယောကျ်ားတို့ကိုပင် မြူရဲ့တစ်ကိုယ်ရေညများစွာတို့မှာ အမှတ်တရအားဖြင့် သတိတရမျှ ရှိမနေခဲ့ပါ။ ပြောရလျှင် မြူသည် ဘယ်ယောကျ်ားတစ်ယောက်ရဲ့ အကြောင်းကိုမှ ခေါင်းထဲထည့်ထားခြင်း မရှိခဲ့ချေ။



www.burmeseclassic.com

www.burmeseclassic.com



(ကိုကြီးက လွဲလို့ပေါ့)။ ကိုကြီးကိုလည်း မေတ္တာ အရင်းခံသော စိတ်မျိုးနှင့်သာ အလေးထားခြင်း ဖြစ်သော်လည်း သမုဒယစိတ်နှင့် တမ်းတရတာမျိုး ဘယ်တုန်းမှ မရှိခဲ့ဖူးဘူးဟု ထင်သည်။ ပြောရလျှင် မြူသည် ယောကျ်ားတစ်ယောက်ကို လိုအပ်ချက်ဖြင့် ဘယ်တုန်းကမှ မစဉ်းစားခဲ့ဖူးချေ။ လိုအပ်ချက် အနေနှင့်သာ စဉ်းစားခဲ့ပါက မေမေ ရှိစဉ်တည်းကပင် မြူဟာ ကိုကြီးရဲ့အိမ်ရှင်မ ဖြစ်နေလောက်ပြီ။

မြူဟာ မြူ့အနားသို့ ပရိယာယ်တစ်မျိုးဖြင့် ချဉ်းကပ်လာသည့် ယောကျ်ားတစ်ယောက်ကို သတိရမိကာ ကြည်နူးစွာ ပြုံးမိလေသည်။ ဧကန္တ သူဟာ မြူ့အကြောင်းတွေကို ကြားသိထားပြီးသား တူပါရဲ့။ ကြားတာတောင် လူ့လောကသဘာဝ အရ ချဲ့ကားထားတဲ့ စကားတွေကိုပဲ ကြားဖူးတာ နေမှာပါ။

သူ ဘာရည်ရွယ်ချက်နဲ့ပဲ ချဉ်းကပ်လာ ချဉ်းကပ်လာ မြူကတော့ သူ့ကို သဘောကျမိလေသည်။ သဘောကျတယ် ဆိုတာက သူ့ရဲ့ လည်မလိုလိုနှင့် ဘူးပေါ်သလို ပေါ်နေသော သူ့ရဲ့ ဟာ့တ်လုပြီထင်နေသော အိုက်တင်တွေကိုသာ ဖြစ်သည်။





မြူသည် သူ့အကြောင်းကို တွေးနေရင်းမှ နားထဲမှာ အသံသဲ့သဲ့တစ်ခု ကြားလိုက်လျှင် မျက်မှောင်ကြုတ်မိသွားသည်။ သေချာနားထောင်ကြည့်တော့မှ မြူ့ဖုန်းက မြည်နေတာ ဖြစ်လေသည်။ မြူသည် အခန်းထဲသို့ ဝင်လာရင်း ဖုန်းကိုကောက်ကြည့်လိုက်လျှင် မြူ မသိသော နံပါတ်တစ်ခုကို တွေ့လိုက်ရသည်။

ပထမတော့ မြူက ဖုန်းပိတ်ပစ်ဦးမလို့ပင်။ နောက်တော့မှ စိတ်ကူးတစ်မျိုးပြောင်းလျက် ဝရန်တာဆီသို့ ပြန်လှမ်းလာရင်း ဖုန်းကိုဖွင့်လိုက်သည်။

"ဟယ်လို"

တစ်ဖက်မှ အသက်ရှူသံသဲ့သဲ့ကိုသာ ကြားရပြီး ဘာမှမပြောပေ။ မြူသည် ဒီလိုအဖြစ်မျိုးတွေ ရိုးနေပြီမို့ စိတ်လျှော့လိုက်ရင်း ...

"ဘာမှမပြောဘူးဆိုရင် ကျွန်မ ဖုန်းပိတ်ပါမယ်"

မြူက ဖုန်းကို နားမှခွဲတော့မည့်ဆဲဆဲတွင် တစ်ဖက်မှ အသံထွက်လာသည်။

"မအိပ်သေးဘူးဆိုရင် ဖုန်းပြောချင်တယ်"

"ဟုတ်ကဲ့ ... အခုပြောနေတာ ဘယ်သူများပါလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အသံကို မမှတ်မိဘူးလား၊ နည်းနည်းလောက် စဉ်းစား ကြည့်လိုက်လေ"

မြူသည် ဒီစကားကြောင့် အသာပြုံးမိသွားကာ ဘယ်သူလဲဆိုတာပါ တန်း၍သဘောပေါက်သွားလေသည်။ မြူ့ကို ချဉ်းကပ်လာသော ယောကျ်ားများစွာတို့ထဲတွင် သူကစိတ်ဝင်စားဖို့ အကောင်းဆုံး ယောကျ်ားတစ်ယောက် ဖြစ်သည်ဟု မြူ ထင်သည်။

သူ့မျက်နှာပေါ်တွင် မြူ့အတွက် ခံစားချက်နှစ်မျိုးကို အမြဲတွေ့ရလေ့ရှိသည်။ တစ်မျိုးက သူ့ရဲ့နွေးထွေးကြင်နာရိပ်တွေဖြစ်ပြီး တစ်မျိုးကတော့ မြူ့အပေါ် မကျေနပ်သလိုလို ရန်လိုချင်သလိုလို အရိပ်အရောင်တွေ ဖြစ်သည်။ ဒီအစွန်းမလွတ်သော ခံစားမှုတွေရဲ့ လွန်ဆွဲမှုကို ခံနေရသော သူ့မျက်နှာပေါ်က ဖြတ်ပြေးနေသည့် ခံစားချက် အရိပ်အယောင်တွေသည် သိပ်စိတ်ဝင်စားဖို့ ကောင်းသည်ဟု မြူ ထင်၏။

သူကတော့ သူ့ကိုယ်သူတောင် မသိရှာ။ မြူကတော့ မျက်နှာတွေကို ဖတ်တတ်နေသူ၊ မျက်နှာတွေကို စိတ်ဝင်စားတတ်သူမို့ သိနေတာ ဖြစ်လေသည်။ မြူသည် သူ့အတွက် "နှစ်မျက်နှာ"





ဆိုသော ဝတ္ထုတိုလေးတစ်ပုဒ်တောင် ရေးဖို့စိတ်ကူးနေပြီဖြစ်သည်။ အဲဒီလိုပဲ မြူ့အတွက် ဘယ်အရာမဆို ကုန်ကြမ်း(သို့)စာရေးဖို့ အကြောင်းအရာတစ်ခု ဖြစ်နိုင်ပါသည်။

"အဲဒီလောက်တောင် စဉ်းစားနေရရင်တော့ စာရေးဆရာမ လုပ်စားဖို့ စိတ်ကူးမနေနဲ့တော့"

ဒီလို ဘုတောသံကိုလည်း မြူက သဘောကျသေးသည်။ သူ မြူ့ကို ချဉ်းကပ်လာပုံမှာ ပရိယာယ်တစ်မျိုး ပါသော်လည်း ရိုးသားမှုတော့ အပြည့်ရှိသည် ဆိုတာကို မြူက လက်ခံကျေနပ်လေသည်။

"ဒေါ်မြူ ... တိတ်လုချည်လား၊ အဲဒီလောက်လည်း စဉ်းစား မနေပါနဲ့ဗျာ၊ ကျုပ် ထင်ရှားသူရိန်ပါ"

"ဪ ... ဟုတ်ကဲ့။ ဒီအချိန်ကြီး ဆက်တော့ ဘာကိစ္စများ"

"ဘာကိစ္စမှ မရှိပါဘူး။ ခင်ဗျားနဲ့ ဖုန်းပြောချင်ရုံ သက်သက်ပါပဲ"

သူ ဒီလို ပွင့်လင်းတော့လည်း မြူ သဘောကျရသည်ပင်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အိပ်မပျော်လို့ ခင်ဗျားဆီ ဆက်လိုက်တာဗျ။ ခင်ဗျားတော့ စာရေးနေရင် ရေးနေမှာပဲ မအိပ်သေးဘူး ထင်ပြီးတော့လေ ...

စာရေးနေတာလား"

"ရေးလို့ ပြီးသွားပြီ"

"ဩော် ... နေ့တိုင်း ဒီလိုအချိန်ထိ ရေးတတ်တယ်ပေါ့"

"အရင်တုန်းကတော့ မရေးပါဘူး။ မရေးသာ မရေးတာ ဒီအချိန်လောက်မှပဲ အိပ်ဖြစ်တော့တာပါပဲ။ စာဖတ်နေတတ်တာ များတယ်လေ"

"ခုတလော မနက်ပိုင်း စာရေးတာ ပျက်နေမှာပေါ့"

သူက မြူ တစ်ယောက် စိမ်းလန်းစိုပြေမှာ စာသွားရေးတတ်တာကိုလည်း သိနေတဲ့ပုံပင်။ မြူသည် တိတ်တခိုးလေး ပြုံးလိုက်ရင်းမှ ...

"အင်းပေါ့ ... ဒါကြောင့် ညဘက်မှာ ပိုအားစိုက်ရေးဖြစ်တယ်"

မြူသည် သူ့ကို ဘာကြောင့်များ စိတ်ရှည်လက်ရှည်ဖြင့် အရေးတယူ ဖြေနေမိမှန်းတော့ မသိချေ။ အမှန်တော့





မြူ မသိတာ မဟုတ်။ မြူသည် ကိုယ့်ကိုယ်ကိုယ် အမြဲသိနေတတ်သော သိအောင်လည်း ကြိုးစားတတ်သောသူ ဖြစ်သည်။ အခုချိန်မှာတော့ မြူက မသိချင်ဟန်ပဲ ဆောင်နေလိုက်သည်။

"မြူ"

သူ့ရဲ့ ခပ်တိုးတိုးရှရှ အသံကို မြူက ပါးစပ်မဖွင့်ဘဲ ထူးမိသည်။ သူက ခေတ္တမျှ တိတ်ဆိတ်နေပြီးမှ ...

"ခင်ဗျားက နာမည်ကြီး အချစ်ဝတ္ထုတွေရေးတဲ့ စာရေးဆရာမဆိုတော့ အချစ်အကြောင်း တော်တော်သိမှာပေါ့နော်"

မြူသည် ဒီတစ်ခါတော့ စိတ်ကုန်စွာဖြင့် တစ်ချက်ပြုံးမိသွားသည်။ သူ ထင်သလို မြူက ဖြေရှင်းချက် ပေးလိမ့်မည် မဟုတ်ပါ။

"သိတယ်ဆိုတော့ ရှင်ကဘာလုပ်မလို့လဲ။ ကျွန်မ ခပ်ငယ်ငယ် တီးန်အေ့ချ် အရွယ်တုန်းကတော့ ကျွန်မရဲ့ကောင်လေး သူငယ်ချင်းတွေကို ရည်းစားစာ ကိုယ်စားရေးပေးဖူးတယ် ...

အဲဒီလို ရေးခိုင်းချင်လို့လား"

"ခင်ဗျား ... စကားကို အဲဒီလို ဟာသမလုပ်ပစ်နဲ့ဗျာ။ ကျွန်တော် တကယ်မေးချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ပြောကြည့်"

"ခင်ဗျား သေချာစဉ်းစားပြီးမှ ဖြေရမှာနော်"

"ဒါကတော့ ရှင့်မေးခွန်းအပေါ်မှာ မူတည်ပါတယ်"

သူ့ဘက်မှ အသံတိတ်သွားသည်။ ပြီးလျှင် တစ်စုံတစ်ခုကို ဆုံးဖြတ်ချက် ချထားသော အသံမျိုးဖြင့် ...

"ယောက်ျားလေးတစ်ယောက်က မိန်းကလေးတစ်ယောက်ကို တကယ်ချစ်၊မချစ် ဘာကိုကြည့်ပြီး သိနိုင်လဲ"

မြူသည် မဆိုင်းမတွပင် ...

"ရှင်က ဘယ်သူ့ကို ကိုယ်စားပြု မေးတာလဲ"

"ကျွန်တော်ကိုယ် ကျွန်တော် ကိုယ်စားပြုပြီး မေးတာ။ ကျွန်တော် မိန်းကလေးတစ်ယောက်ကို စိတ်ထဲမှာ ရှိတယ်။ ဒါပေမဲ့ သူ့ကို ချစ်၊မချစ်ဆိုတာ ကျွန်တော့်ကိုယ် ကျွန်တော် မသိဘူး။ မသေချာဘူး ...

ခင်ဗျားကတော့ ဇာတ်ကောင်တွေ အများကြီးကို မွေးဖွားဖူးတာဆိုတော့ အဲဒီစိတ်တွေကို ဖမ်းတတ်မှာပါ။ အဲဒါ ကျေးဇူးပြုပြီး ကျွန်တော့်ကို ပြောပြပေးလို့ ရမလား"





မြူသည် မဲ့ပြုံးတစ်ခုကို ပြုံးမိလေသည်။ သူ ဘာကို ရည်ရွယ်ပြီးပြောတယ်၊ မြူက ဘယ်လိုဖြေလိုက်လျှင် သူက ဘယ်စကားကိုနင်းကာ လိုက်တော့မယ်ဆိုတာ သိပြီးသားဖြစ်သည်။

ထင်ရှားသူရိန်ရေ ... ကျွန်မ အဲဒီလောက်မှ အကွက်မမြင်တတ်ရင် စာရေးဆရာမ မလုပ်စားတော့ဘူး။

"ရှင့်အသက် ဘယ်လောက်ရှိပြီလဲ"

"တွမ်တီဖိုက်"

"ဒီအရွယ်ထိတောင် ကိုယ့်နှလုံးသားကိုယ် ပြန်မဖတ်တတ်တဲ့သူဆိုတော့ တော်တော်ပိန်းတာပဲ"

"ဝန်ခံပါတယ်။ ဒါကြောင့်လည်း ဆရာမကို ဆရာတင်နေရတာပေါ့"

မြူသည် ခါတိုင်းလို ဟားတိုက်မရယ်မိအောင် အတော်သတိထားလိုက်ရသည်။

"ဆရာ မတင်ပါနဲ့၊ ကျွန်မလည်း သိပ်နားမလည်ပါဘူး။ ရှင်တောင် ကိုယ့်ကိုယ်ကိုယ် မတတ်နိုင်တဲ့ကိစ္စမှာ ကျွန်မက ဘယ်လိုလုပ် တတ်နိုင်ပါ့မလဲရှင်"



www.burmeseclassic.com

www.burmeseclassic.com



သူက မြူရဲ့အဖြေကို ကျေနပ်ဟန် မတူသေးဘဲ ခပ်ဆတ်ဆတ်လေသံဖြင့် ...

"ဒါဖြင့် အချစ်အကြောင်းကိုရော သိလား"

"ကျွန်မ သိတဲ့ အချစ်ပုံစံတွေက အများကြီးပဲရှိတယ်။ တစ်ခုတည်းကို ထုတ်ပြောပြလို့ မရဘူး။ ပြီးတော့ ကျွန်မ အနေနဲ့ ရှင်နဲ့လည်း အချစ်အကြောင်း မဆွေးနွေးချင်ပါဘူး"

"ဘာဖြစ်လို့"

"မဆွေးနွေးချင်တာဟာ မဆွေးနွေးချင်လို့ပဲပေါ့။ တချို့ ကိစ္စတွေဟာ အကြောင်းပြချက် မလိုဘူး ကိုထင်ရှားသူရိန်"

"ဒီမှာ ... ခင်ဗျား ကျွန်တော့်ကို တခြားတစ်ခုခုပြောင်း ခေါ်လို့ မရဘူးလား၊ ထင်ရှားလို့ ခေါ်လည်း ဖြစ်တယ်။ ခင်ဗျားအစား ကျွန်တော် မောလွန်းလို့ပါ"

"ကျွန်မ မောတဲ့အချိန်မှပဲ အဲဒီလို ခေါ်ပါ့မယ်။ အခုတော့ မမောသေးလို့ ဆက်ခေါ်ဦးမယ်"

"ခင်ဗျားက တကယ့်ကို တစ်မျိုးပဲ"

"ဖြစ်နိုင်ပါတယ်၊ ကျွန်မကို တော်တော်များများက အဲဒီ လိုပဲပြောကြတယ်"





BURMESE CLASSIC .com

သူ့ဘက်က ချက်ချင်းပဲ တိတ်ဆိတ်လို့ သွားလေသည်။ ပြီးလျှင် မြူ့ကို ကောက်ကာငင်ကာနှင့်ပင် "ဒါပဲဗျာ"ဟု ပြောကာ ဖုန်းချသွားလျှင် မြူဟာ ကြောင်တောင်တောင်ဖြစ်၍ ကျန်ခဲ့သည်။ ဘယ်လိုလူပါလိမ့်။

သို့သော် မြူဟာ သူ့ကို စိတ်မဆိုးမိဘဲ သဘောကျ၍သာ နေတော့သည်။ တကယ်တော့ သူဟာ မြူ တွေ့ဖူးသော ယောကျ်ားတွေနှင့် ဆန့်ကျင်ဘက်ဗျာဖြင့် မြူ့ကို စိတ်ထဲရှိသည့်အတိုင်း ဆက်ဆံတတ်သော ယောကျ်ားတစ်ယောက်ဆိုတာ မြူ နားလည်လာရပြီဖြစ်သည်။

ရှင် သိချင်တဲ့ အချစ်အကြောင်းကို ကျွန်မ ပြောပြဖို့ စောပါသေးတယ် ထင်ရှားသူရိန်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ကားထဲမှ ထွက်ပေါ်နေသော သီချင်းသံကို နားထောင်ရင်းမှ ကားရဲ့ဘေးမှန်ကို တစ်ချက်လှည့်ကြည့်ရင်း နာရီကိုပါ တစ်လက်စတည်း ကြည့်လိုက်သည်။ သိပ်မကြာသောအချိန်မှာ သူမ ရောက်လာတော့မည်။ သူ့ဘဝတွင် မိန်းကလေးတစ်ယောက် လာရာလမ်းကို ရင်တခုန်ခုန်ဖြင့် စောင့်မျှော်နေရသည်ဆိုတာ ဘယ်တုန်းကမှ မရှိခဲ့ဘူးချေ။

အခုတော့ သူမ လာရာလမ်းကို မျှော်နေရသော အဖြစ်သည် သစ်ပင်ပေါ်က ကြွေကျလာမည့် သစ်သီးတစ်လုံးကို စောင့်မျှော်နေရခြင်းနှင့် တူလေသည်။

"ဒီရင်မှာ မခံနိုင် ... စိတ်တွေက မခိုင်တခိုင် ... တိမ်စိုင်တွေကိုငေး ... ငေးမောပြီးထိုင် ... သူ လာမယ့်ဒီလမ်း စိတ်ကသိသည့်တိုင် ... မျှော်ကာမှိုင် ... မထနိုင် မနားနိုင် ..."





ဆောင်းဘောက်စ်က လာနေသော သီချင်းသံမှာ သူ့ကို စောင့်ဆိုနေသလိုတောင် ရှိလေသည်။ သူက အသာပြုံးလိုက်ရင်းမှ သူ့ကို အမြဲတစေ နူးညံ့ချိုသာစွာ ပြုံးပြတတ်သော သူမရဲ့ရုပ်ပုံလွှာကို မျက်လုံးထဲတွင် မြင်ယောင်လို့လာသည်။ အဲဒီအပြုံးတွေကို သူ တစ်ယောက်ပဲ မှုပိုင်ရယူချင်နေမိသည်မှာ ဘာကြောင့်များပါလိမ့်။

ဒီအချိန်မှာပဲ သူ့မျက်လုံးက နောက်ကြည့်မှန်သို့ တစ်ချက်ရောက်သွားလျှင် သူမ မောင်းလာသောကားလေးက မြင်ကွင်းထဲသို့ ရွေ့လျားရောက်ရှိလို့လာသည်။

အဲဒီနောက် သူ့ကားနံဘေးမှ ဖြတ်ကျော်သွားရင်း သူမကို လှမ်းငေးနေသော သူ့ကိုတောင် ဟွန်းတစ်ချက်တီးကာ နှုတ်ဆက်သွားသေးလေသည်။ သူသည် ထိုမိန်းကလေးရဲ့စတိုင်လ်ကို သဘောကျစွာဖြင့်ပြုံးကာ ကက်ဆက်ကိုပိတ်၊ ကားတံခါးတွေကိုပါ ပိတ်တင်လျက် သူမအနားသို့ လျှောက်လာခဲ့သည်။

ဒီအချိန်မှာ ပါကင်ဝင်ပြီးသွားဖြင့် သော့ပိတ်ကာ ဆင်းလာသော သူမကလည်း ပိတုန်းရောင်ဆံနွယ်တွေကို သင်း



www.burmeseclassic.com

www.burmeseclassic.com



တင်ရင်း ထုံးစံအတိုင်းပဲ သူ့ကို ပြုံးပြလို့လာသည်။ ပြီးလျှင် ရှင်လန်းသော နှုတ်ဆက်စကားကို ဆိုပါသည်။

"မောနင်း"

ဒီနေ့တော့ အဖြူရောင် တီရှပ်အကျပ်တစ်ထည်ကို ဂျင်းမှိုတက်စကတ်မှိုင်းမှိုင်း တစ်ထည်ဖြင့် တွဲဖက်ဝင်ဆင်ထားကာ ခါးမှာ ခါးပတ်တစ်ခုကို ခပ်လျော့လျော့ ပတ်ထားသော သူမသည် စာရေးဆရာမတစ်ယောက် လုပ်ဖို့ထက် မော်ဒယ်တစ်ယောက် လုပ်ဖို့သာ ပိုသင့်တော်သည်ဟု သူ ထင်လေသည်။

"ဂွတ်ဒ်မောနင်းပါဗျာ၊ ဒါပေမဲ့ ခင်ဗျားရောက်လာတဲ့ မနက်ခင်းကတော့ ရှယ်မောနင်း ဖြစ်လို့သွားပြီ"

သူ့စကားကို သူမက တစ်စုံတစ်ရာ ပြန်လည်ချေပခြင်း မပြုဘဲ အသာရယ်မောလို့သာ နေသည်။ သူသည် ဒီအရယ်မျက်နှာကို ငေးကာ သူ့ရင်ထဲသို့ တစ်စုံတစ်ရာက နိုင်မာစွာ တိုးဝင်လို့ လာနေပြီဆိုတာကို ခံစားနားလည်လာရသည်။ ဒါဟာ သူမ ရှင်းမပြလည်းဘဲ သူ့ဘာသာသူ ခံစားနားလည်လို့ရသည့် အချစ်များ ဖြစ်လေမလား။





သူက သူမရဲ့နံဘေးမှာ အသာကပ်လျှောက်လာရင်း...

"မြူ ဒီနေ့ သင်တန်းပြီးသွားရင် ကျွန်တော်တို့ နေ့လယ်စာ အတူစားလို့ ရမလား"

သူမက သူ့စကားကို အလေးအနက်ထား စဉ်းစားဟန်ဖြင့် နှုတ်ခမ်းကိုက်ကာ စဉ်းစားဟန်ပြုသည်။ အဲဒီ သွားလေးတွေနှင့် ကိုက်တာဟာ သူ့နှလုံးသားကို လာကိုက်နေသလိုပဲ တဆစ်ဆစ်နှင့် ခံစားရခက်စေပါသည်။

"အင်း ... ကျွန်မ ဒီနေ့ ပန်းဆိုးတန်းဘက် သွားစရာရှိသေးတယ်"

"ရတယ်လေ၊ ကျွန်တော် လိုက်လို့မဖြစ်ဘူးလား"

"မဖြစ်ပါဘူး။ ကျွန်မက မဂ္ဂဇင်းတိုက်တွေ ဝင်ရဦးမှာ"

"ဒါဆို ခင်ဗျား နေ့ခင်းစာထမင်း မစားတော့ဘူးလား"

သူ့ရဲ့ဘုတောလေမှုတ်သံကို သူမက ချစ်စနိုးအပြုံးလေးဖြင့် ပြုံးကြည့်လျှင် သူသည် နီးရာသစ်ပင်ကို ဆွဲဖက်ထားရမလို ဖြစ်သွားသည်။

"အိမ်ရောက်မှ စားမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သူက နှာခေါင်းရှုံ့ မဲ့ပြလျှင် သူမက သဘောကျစွာ ရယ်မောလေသည်။ ဘာကြောင့်မှန်းမသိဘဲ ဒီနေ့တစ်နေ့လုံး သူမအနားမှာပဲ နေချင်မိနေသည်ကို သူ့ကိုယ်သူလည်း မှမှန်းဆတတ်။ သေချာတာကတော့ သူမ မျက်နှာလေးကိုမြင်လျှင် သူစိတ်ချမ်းသာရသည်။ သူမထံမှ စကားသံများကို ကြားရလျှင်လည်း တစ်ခါမှ မရဘူးသော ပျော်ရွှင်မှုကို ခံစားရလေသည်။

သင်တန်းမှာလည်း တစ်ချိန်လုံးပဲ သူမမျက်နှာကို ခိုးငေးနေမိတော့တာဖြစ်သည်။ ဓာတ်ပုံပညာရှင်တွေက ဓာတ်ပုံအကြောင်း လက်ချာပို့ချတဲ့အချိန်မှာ စူးစူးစိုက်စိုက် ငေးမောနားထောင်တတ်ပုံ၊ တစ်ခုခု သိချင်တာရှိလျှင် Excuse me ဟူသောအသံစာစာလေးနှင့် စာမေးတတ်ပုံ၊ သူမ ရိုက်ထားသော ဓာတ်ပုံတွေကို Laptop ထဲမှာ ထည့်ယူလာကာ ဆရာကိုပြသရင်း အကြံဉာဏ် ဝေဖန်မှု တောင်းတတ်ပုံ၊ ဒါတွေဟာ သူ့နှလုံးသားထဲမှာလည်း ဓာတ်ပုံရိုက်သလို စွဲထင်၍နေလေသည်။

သူသည် သင်တန်းပြီးသွားသော်လည်း အိမ်သို့မပြန်ဖြစ်တော့ဘဲ သူမနောက်သို့သာ လျှောက်လိုက်နေမိတာ ဖြစ်တော့သည်။ သူမက ရှေ့ကသွား၊ သူက နောက်ကလိုက်နှင့် သူမက





လည်း ခပ်ပြုံးပြုံး ရှိနေတာကလွဲလို့ သူ့ကို ဘာတစ်ခုမှ မပြောပေ။ ကားကို တစ်နေရာမှာ ရပ်ထားခဲ့လျက် ကျောပိုးအိတ်ကို ပခုံးတစ်ဖက်မှာလွယ်ကာ ခန္ဓာကိုယ်ကြော့မတ်မတ်ကို ခေါင်းငုံ့ကာ လမ်းလျှောက်သော စတိုင်လ်သည် ဘယ်လိုကြည့်ကောင်းမှန်းကို မသိ။

လူတွေကြားထဲမှာ လျှောက်သွားရသော အရသာကို အခုမှ သူ ခံစားဖူးတာ ဖြစ်တော့သည်။ သူမက မဂ္ဂဇင်းတိုက်တစ်တိုက်သို့ဝင်လျှင် သူက အပြင်ဘက်က ပလက်ဖောင်းလက်ဖက်ရည်ဆိုင်မှာ ထိုင်စောင့်သည်။ သူမ ပြန်ထွက်လာလျှင် သူမသွားသော အနောက်က ဆက်လိုက်သည်။

သူမက အချိန်ကာလ ယန္တရားတွေကို နောက်သို့ဆုတ်နိုင်စွမ်းစေသောသူလည်း ဖြစ်သေးသည်။

အဘယ်ကြောင့်ဆိုသော် သူမ နောက်ကို လိုက်ရသည်မှာ သူ့ကိုယ်သူ ဆယ်ကျော်သက်တစ်ယောက်လိုလို ခံစားရင်ခုန်ရသောကြောင့်ဖြစ်သည်။

သူမရဲ့ကိစ္စဝိစ္စများ ပြီးချိန်မှာတော့ သူလည်း တော်ဘော်အီနေပြီ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ၊ တော်တော် မောသွားပြီလား"

သူမက ပြုံးစစဖြင့် မေးဆတ်ပြကာမေးလျှင် သူသည် ငါးပိဟဲ့ယောက်ျားပဲ့ဟူသော မာန်ကိုတင်းကာ ...

"ဟိုသီချင်းလေး ကြားဖူးမလား မသိဘူး။ မောတော့ မောတာပေါ့ ဒါပေမဲ့ မမောဘူး ဆိုတာလေ"

သူမက သူ့အပြောကို သဘောတကျနှင့် တဟက်ဟက် ရယ်မောလေသည်။ ပြီးလျှင် ကျောပိုးအိတ်ထဲမှ ရေသန့်ဘူးပေါက်စလေးကို ထုတ်ယူကာ ကမ်းပေးလိုက်လာသည်။ ရေက အထဲမှာ တစ်ဝက်သာကျန်တော့သော်လည်း သူ့အတွက်တော့ တာဝေးအပြေးပြိုင်ပွဲမှာ ဒိုင်းဆုကြီး ရသလိုကို ကျေနပ်သွားရတာဖြစ်သည်။

ဒီကလေးမဟာ နှလုံးသားထဲကို တကယ်ရောက်လွယ်တယ်။ သူက ရေကို တစ်ရှိန်ထိုးဖြင့် ကုန်အောင်မော့သောက်ပစ်လိုက်ကာ ...

"ကျေးဇူးပဲ။ ဒါနဲ့ ခင်ဗျား ဗိုက်မဆာသေးဘူးလား။ ဆယ့်နှစ်နာရီတောင် ခွဲပြီးပြီနော်"

"ကျွန်မ ပီဇာစားမှာလေ"





"ဟာ ... စောစောက ပြောရောပေါ့ဗျာ၊ လာ ... လာ ... စားရအောင်"

သူ့ပုံစံကို သူမက အပြုံးလဲ့လဲ့ဖြင့် တစ်ချက်သာ စိုက်ကြည့်ပြီးနောက် ခေါင်းပဲ ညိတ်ပြသည်။ ဒီလိုနှင့် သူတို့နှစ် ယောက်သည် ရွှေဘုံသာလမ်းထဲရှိ ပီဇာကော်နာဆိုင်မှာ မျက်နှာ ချင်းဆိုင် ထိုင်ဖြစ်သွားကြလေသည်။ ပီဇာမှာထားဆဲမှာပင် သူမ က သူ့ကို တစ်မျိုးသော မျက်ဝန်းများဖြင့် ကြည့်လာကာ ...

"ရှင့်မှာ အချိန်တွေ သိပ်ပိုနေသလား ထင်ရှားသူရိန်"

သူမဘက်က စကားစတင်ဖွင့်လာခဲ့ပြီမို့ သူက သတိ အနေထား ပြောင်းယူလိုက်ကာ ...

"အချိန်တွေ ပိုနေတာတော့ မဟုတ်ဘူး။ အချိန်တွေပေးနေ တာပါ"

"ကျွန်မအတွက်နဲ့ ရှင့်ရဲ့တန်ဖိုးရှိတဲ့ အချိန်တွေကို မကုန် ဆုံးပါစေနဲ့လားရှင်။ လောကမှာ ဘယ်တော့မှ ပြန်မရဘဲ ဆုံးရှုံးမှုနှစ်ခုကို ကျွန်မတို့တစ်တွေ နေ့စဉ် ရင်ဆိုင်နေရ တယ်၊ အဲဒါဟာ အရွယ်နဲ့ အချိန်ပဲ ...



www.burmeseclassic.com

www.burmeseclassic.com



ရှင်ဟာ ဓာတ်ပုံပညာကို စိတ်လည်းမဝင်စားဘဲနဲ့ သက်သက်မဲ့ အချိန်တွေ လာဖြုန်းနေတာ သိပ်နှမြောဖို့ကောင်းတာပဲ"

သူမ မျက်နှာပေါ်တွင် သူ့အတွက် တကယ့်စေတနာ အရိပ်တွေကို မြင်တွေ့နေရသဖြင့် သူဟာ ရုတ်ခြည်း ဘာပြန်ပြောရမှန်း မသိအောင်တောင် ဖြစ်သွားရသည်။

"ဒါက ခင်ဗျားဘက်က အတွေးကိုး မြူရဲ့။ ကျွန်တော့်ဘက်ကတော့ အချိန်ဖြုန်းတယ်လို့မှ မမြင်တာ ...

ခင်ဗျားကို မြင်တွေ့ခွင့်ရဖို့၊ ခင်ဗျားနဲ့ ခင်မင်ရင်းနှီးမှုရဖို့ဆိုတာ ဒီသင်တန်းကိုတက်မှ ဖြစ်မှာလေ။ ကိုယ်လိုချင်တဲ့ အရာတစ်ခုအတွက် ပေးဆပ်မှု ဆိုတာတော့ ရှိသင့်တယ် မဟုတ်လား"

သူ့ရဲ့ဒိုင်ယာလော့ခ်တွေကို ဆရာမက ပြုံးလေသည်။ ပြီးတော့ ခေါင်းကို တစ်ချက်ငဲ့ကာ ...

"ဟုတ်ပါတယ်၊ ကဲ ... အခု ရှင်နဲ့ ကျွန်မ ခင်မင်ရင်းနှီးပြီပဲ မဟုတ်လား။ လိုသေးလို့လား"





သူက ဖျားချင်စရာကောင်းသော ထိုမိန်းမကို အသည်းတယားယားဖြင့် စိုက်ကြည့်ပစ်လိုက်သည်။ အနည်းငယ် ဝိုင်းချင်သော မျက်လုံးများကို စင်ဒီကရောဖို့ဒ်၏ မျက်ခုံးမွေးများနှင့် ဆင်တူသော မျက်ခုံးများက လှပစွာ အနားသတ်ဝန်းရံထားသည်မို့ သူမရဲ့အကြည့်တွေဟာ ဘောင်ခတ်ပို့လွှတ်ထားသလို ပုရိသေသပ်စွာ ဆွဲဆောင်ထားနိုင်သည်။

"ခင်ဗျားနဲ့ ကျွန်တော် ခင်မင်ရင်းနှီးပြီဆိုရင် ကျွန်တော့်အကြောင်းတွေ ခင်ဗျားသိဖို့ လိုမှာပေါ့။ မသိချင်ဘူးလား၊ ပြောပြရမလား"

"သမားရိုးကျ ဆန်နေသလိုပဲနော်"

သူမရဲ့ အင်တင်တင်ပုံစံကို သူက မျက်စောင်းမထိုးမိအောင် အတတ်နိုင်ဆုံး ထိန်းချုပ်ထားလိုက်ရသည်။ ဒါတောင် အရွဲ့တိုက်တတ်သော သူ့ပါးစပ်ကိုတော့ ပိတ်ထားလို့ မရလိုက်ချေ။

"ဒါဖြင့် ခင်ဗျားဘာသာ စုံစမ်းချင်လို့လား"

"စုံစမ်းချင်တဲ့စိတ် ပေါ်လာရင်တော့လည်း စုံစမ်းရမှာပေါ့၊ အဲဒါကတောင် ပိုစိတ်ဝင်စားဖို့ ကောင်းဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ သူက တစ်မျိုးပဲဟူသော စကားကို စိတ်ထဲကသာ ရေရွတ်လိုက်တော့သည်။ သူသည် အင်မတန်လည်း ရိုးရှင်းပွင့်လင်းသလို အင်မတန်လည်း နားလည်ရခက်သည့် မိန်းကလေးကို ရူးနှင့်စွာ ငေးမောနေမိလေသည်။ သူမကတော့ ခပ်တည်တည်ပဲ ဖြစ်သည်။ လာချပေးသော ပီဇာတွေကို ဓားတွေ ခက်ရင်းတွေကိုင်ကာ အားပါးတရ စားနေပြီ။

သူမ စားနေပုံကိုကြည့်ကာ သူက အစားအသောက် စားလျှင် တို့ကနန်း ဆိတ်ကနန်း စားတတ်သော မိန်းကလေး တွေကို သတိသွားရမိသည်။

"ဒီမှာ ခင်ဗျားကို တစ်ခုလောက် မေးချင်တယ်၊ တချို့သော မိန်းကလေးတွေကလေ ယောကျ်ားလေးတွေနဲ့ အတူတူ အစားစားရင် စားချင်သလိုလို မစားချင်သလိုလို လုပ်တတ်ကြတယ်နော်၊ အဲဒါ ဘာလို့လဲ"

"ရှင်ကလည်းလေ၊ ကျွန်မကိုများ စွယ်စုံပုဂ္ဂိုလ်ကြီး ကျနေတာပဲ"

"ဟာ ... ခင်ဗျားက စာရေးဆရာမပဲလေ၊ နည်းနည်းပါးပါးတော့ သိရမှာပေါ့"

"တချို့ကိစ္စတွေကျတော့ အားလုံး ဘယ်လိုက်သိနိုင်မလဲရှင့်၊ နေရာတကာ စာရေးဆရာ စာရေးဆရာနဲ့ ခေါင်းစဉ်မတပ်စမ်းပါနဲ့ ...

စာရေးဆရာတွေလည်း သာမန်လူတွေပါပဲ"

"ထားပါ၊ အခုနက ကျွန်တော်မေးတာတော့ ခင်ဗျားသိမှာပါ"

သူမက ပီဇာကို ပါးစပ်ထဲ ထိုးသွင်းရင်းမှ မျက်လုံးထောင့်ကပ်ကာ စဉ်းစားပုံသည် သူ့အတွက်တော့ ရုပ်သေပြကွက်တစ်ခုလို ရသမြောက်ကာ ကဗျာဆန်လေသည်။

"ဒါကတော့ အဲဒီမိန်းကလေးပေါ်မှာ မူတည်တယ်လေ၊ တချို့ကျတော့လည်း ရှက်လို့၊ တချို့ကျတော့လည်း ပဲများတာပေါ့"

"ခင့်ဗျားကတော့ အဲဒါမျိုးတွေ တစ်ခုမှ မရှိဘူးနော်"

"အဲဒါ မကောင်းဘူးလား"

သူက အဲဒီမေးခွန်းကို ပြန်မဖြေနိုင်ချေ။ သူနဲ့အတူတူ လွတ်လွတ်လပ်လပ် အစားကို ပေါ့ပေါ့ပါးပါး စားနိုင်ခြင်းဟာ သူနဲ့ပတ်သက်ပြီး ဘာခံစားချက်မှ မရှိလို့ပဲလား။ ဝေလင်းက



www.burmeseclassic.com

www.burmeseclassic.com



ပြောမှုတာတော့ မိန်းကလေးတစ်ယောက်ရဲ့ ခံစားချက်ကို သူမနဲ့ အတူတူ အစားအသောက်တစ်ခုခု စားကြည့်ပါက သိနိုင်တယ်တဲ့။

သူ့ရှေ့မှာ ပီဇာကို အားပါးတရ စားပြနေသော သူမရဲ့ရင်ထဲမှာ သူ့အတွက် ခံစားချက် မြူတစ်မှုန်စာမျှ မရှိဘူး ထင်သည်။ သူသည် အကဲခတ်ရခက်လွန်းသော သူမကို ခေါင်းစဉ်ပြောင်းဖို့ စိတ်ကူးလိုက်သည်။

"ဒါနဲ့ ခင်ဗျားက ဘယ်လိုရည်ရွယ်ချက်နဲ့ ဓာတ်ပုံသင်တန်း တက်ဖြစ်သွားတာလဲ"

"ကျွန်မက ဓာတ်ပုံရိုက်တာကို ဝါသနာပါတယ်လေ။ အထူးသဖြင့် လူပုံမဟုတ်တဲ့ အလှဓာတ်ပုံ မဟုတ်တဲ့ သဘာဝပုံတွေ ရှုခင်းပုံတွေရိုက်ဖို့ စိတ်ဝင်စားတယ်၊ နောက်တစ်ခုက Photoshop လုပ်တတ်ချင်တယ် ...

အဲဒါကြောင့် ဒီသင်တန်းကို တက်ဖြစ်တာ"

"ဒါဆို နောက်ကျရင် ဓာတ်ပုံတွေရိုက်ဖို့ အစီအစဉ်ရှိတယ်ပေါ့"

သူမက စင်ဒီကရောဖို့ဒ် မျက်ခုံးကို လုပ်စွာ ပင့်တင်ပြကာ ...





"ဒါပေါ့ ... ကျွန်မ ဟိုးအရင်တုန်းက ခရီးတွေ တော်တော်ထွက်ဖြစ်တယ်၊ အဲဒီမှာ ဓာတ်ပုံတွေလည်း ရိုက်ပေါ့။ ကိုယ်ရိုက်တဲ့ ဓာတ်ပုံတွေကို စိတ်တိုင်းလည်း မကျပါဘူး၊ အရပ်သား ရိုက်သလိုကြီးပဲ မကြိုက်ဘူး ...

အခုလည်း တကယ့်ဝါရင့်ဓာတ်ပုံဆရာတွေလို တော်ရမယ်လို့ မှန်းထားတာ မဟုတ်ပါဘူး။ Lighting နဲ့ Angle ကို ချိန်တတ်ရုံလောက်ပါပဲ ...

အဲဒါဆိုရင်ကို တော်တော်ဟုတ်နေပြီ"

သူမက စားလက်စကို လက်စသတ်နေပြီမို့ သူက စိတ်ထဲမှဆန္ဒကို ထုတ်ဖော်လိုက်သည်။

"ခင်ဗျား ရိုက်ထားတဲ့ ဓာတ်ပုံတွေ ပြပါလားဟင်"

သူက မရဲတရဲ တောင်းဆိုလိုက်တာ ဖြစ်သော်လည်း သူမက ခေါင်းတစ်ချက်ညိတ်ကာ အိုကေဟု ရေရွတ်လျက် သူ့ကို Laptop ဖွင့်၍ ဓာတ်ပုံတွေ ပြပါသည်။ ခြေထောက်ချိတ်ထိုင်လျက်သားမှ ကော်ဖီငုံလိုက်၊ ခလုတ်နှိပ်လိုက်ဖြင့် ဓာတ်ပုံတွေအကြောင်း တစ်ပုံချင်းစီ ရှင်းပြနေသော သူမကိုငေးကာ သူက သက်ပြင်းခိုးချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို ဘယ်လိုလုပ် ရိုပ်မိသွားသလဲ မသိသော သူမက ...

"သက်ပြင်းတွေ သိပ်မချနဲ့လေ၊ အိုလွယ်တယ် သိလား"

သူက သူမကို အံ့ဩသလို ငေးလိုက်မိလျှင် သူမက သူ့ကိုမကြည့်ဘဲ Laptop screen ကိုကြည့်ကာ ပြုံးနေသည်။ အဲဒီအပြုံးမျက်နှာကို ငေးနေမိသော တစ်ခဏ၌ သူသည် သူမကို ထာဝရပိုင်ဆိုင်လိုသည်ဆိုတာ ထင်ရှားပြီးလာသည်။

"ဒါက ရွှေဟင်္သာအင်းမှာသွားရိုက်ထားတာလေ၊ Sunset (နေဝင်ချိန်)ကို သဘောကျလို့ပေါ့။ သိပ်တော့ မဟုတ်သေးပါဘူး"

"ဒါပေမဲ့ ကျွန်တော် ထင်တာက ခင်ဗျား တခြားနာမည်ကြီးဓာတ်ပုံဆရာတစ်ယောက်ရဲ့ပုံကို သဘောကျလို့ ထည့်ထားတယ် ထင်တာ"

"ဟုတ်လား။ ကျွန်မက အမြှောက်ကြိုက်တတ်ပါတယ်"

"တကယ်ပြောနေတာပါ၊ ခင်ဗျားကို မြှောက်စရာ ဘာအကြောင်းမှ မရှိဘူး"





"အင်းနော် ... ရှင်က ကျွန်မကို ကြည့်မရဘဲ ဖြစ်နေတာ နေမှာပါ"

သူမက ဒီလိုပြောတော့လည်း သူက မငြင်းချေ။ သူမလိုပဲ ပြုံးပြုံးကြီး လုပ်ပြထားလိုက်သည်။

"ဒါက ပြီးခဲ့တဲ့နှစ်က ပုဂံသွားတုန်းက ဓာတ်ပုံတွေပါ"

သူမက ပုဂံရှုခင်းပုံတွေကို တစ်ကွက်ချင်း ထုတ်ပြသည်။ ပုဂံဘုရားပျက်တွေကြားက ဆိတ်အုပ်ပုံ၊ အာနန္ဒာဘုရားနောက်က နေထွက်လာပုံ၊ ရွှေရောင်လွှမ်းနေသည့် ဧရာဝတီမြစ်ရှုခင်း စသဖြင့် သူမရဲ့ အပျော်တမ်းလက်ရာတွေကို သူပင်မျက်စုံးပင်ကာ တယ်ဟုတ်ပါလား (စိတ်ထဲက)ဟု ဆိုရသည်။

သူမဟာ ထင်ထားတာထက်ကို ဉာဏ်ရည်ဉာဏ်သွေးမြင့်သူဆိုတာ အနီးကပ်ကြည့်လေ သိမြင်လေပဲဖြစ်သည်။

"ပုဂံမှာ ရိုက်တဲ့ပုံတွေက လှသားပဲ"

"ပုဂံက အပျော်တမ်းဓာတ်ပုံဆရာတွေအတွက် အကောင်းဆုံး စမ်းသပ်ကွင်းကြီးပဲလေ။ ကင်မရာကို ကြိုက်တဲ့နေရာ ထိုးချိန်လိုက်၊ မလှတဲ့ဗျူးဆိုတာ မရှိဘူး ...



www.burmeseclassic.com

ပညာသိပ်မတတ်လည်း ရတယ်"

"ခင်ဗျားက ဘာရည်ရွယ်ချက်နဲ့ ဓာတ်ပုံရိုက်ဖို့ စိတ်ဝင်စားရတာလဲ"

သူမက မဖြေခင် လက်ညှိုးလေးနှင့် ခလုတ်ကို တစ်ချက်ဖွေ့သည်။ ဒီတစ်ခါ ထွက်ပေါ်လာပုံက ဂစ်တာတီးနေသော သူမရဲ့ဓာတ်ပုံ ဖြစ်ပါသည်။

နီညိုရောင် အကွက်သေးသေး ရုပ်အင်္ကျီကို လက်ခေါက်ဝတ်ထားကာ အရောင်လွင့်လွင့် ဂျင်းဘောင်းဘီရှည်ဖြင့် ဂစ်တာငုံ့တီးနေသော သူမဓာတ်ပုံသည် ဘယ်လိုညှို့အားတွေနဲ့မှ ဆွဲဆောင်မထားသော်လည်း သူ့ကို အသက်ရှူရပ်မတတ် ငေးမောစေသည်။

သူမ ဂျင်းဘောင်းဘီ (သို့) ဘောင်းဘီဝတ်တာကို သူ တစ်ခါမှ မမြင်ဘူးသေးချေ။ ဓာတ်ပုံထဲမှာတော့ တကယ်ပဲ ကြည့်ကောင်းပါသည်။

"ခင်ဗျား ဂစ်တာတီးတတ်သလား"

"နည်းနည်းပါးပါးပေါ့"





သူပင် ဖြူချင်သလိုလို ဖြစ်သွားရသည်။ သူက ဂစ်တာမတီးတတ်ချေ။ သူမက လက်တစ်ချက်ဖွေ့လျှင် နောက်ထပ် ဓာတ်ပုံတစ်ပုံ ထွက်လာသည်။ အဲဒါက ဓာတ်မှုံဆရာတွေ ကိုင်တတ်သော တယ်လီတပ်ထားသည့် Canon ကင်မရာအကောင်းစားကို ကိုင်မြှောက်ကာ ခေါင်းငုံ့ပြုံးနေဟန် ဖြစ်သည်။

ဒီဓာတ်ပုံမှာလည်း သူမက နက်ပြာရင့်ရင့် ဂျင်းဘောင်းဘီကိုပဲ ဝတ်ထားသည်။ ကျော်ဒန်းနီး ဂျင်းကပ်ဦးထုပ်၊ အဝါနုရောင်တီရှပ်နှင့် ဂျင်းဘောင်းဘီတိုကို လိုက်ဖက်တကျ ဆင်ယင်ထားသော သူမရဲ့ဓာတ်ပုံသည် ဘယ်လောက် အသက်ဝင်သလဲဆိုလျှင် ဓာတ်ပုံထဲကတောင် သူ့ကို ဓာတ်ပုံရိုက်တော့မည့်ဟန် ရှိလေသည်။

နောက်တစ်ပုံကတော့ စားပွဲမှာထိုင်၍ စာရေးနေသော ပုံဖြစ်သည်။ ကိုယ်တပိုင်းပုံဖြစ်၍ ဒီဓာတ်ပုံလေးကတော့ အနုပညာအမြောက်ဆုံး ဓာတ်ပုံတစ်ပုံဟု သူကတင်စားချင်ပါသည်။ စာငုံ့ရေးနေသဖြင့် ဆံစတွေကို တစ်ဖက်မှာက နားထဲသွင်းထား၍ တစ်ဖက်မှာက ဝဲဖြာကျဆင်းနေပုံ၊ မီးအလင်းပေးထားပုံက မျက်

www.burmeseclassic.com



နှာတစ်ခြမ်းနှင့် လည်တိုင်တွေပေါ် ကျနေပုံ စသဖြင့် ဓာတ်ပုံ သဘောတရားကို နားမလည်သော သူပင်လျှင် အသေအချာရိုက်ထားသော ဓာတ်ပုံဟု သိနေသည်။

အနက်ရောင် လည်ဟိုက်ဘလောက်စ်လေးသည် ရိုးရိုးရှင်းရှင်းအင်္ကျီလေး ဖြစ်သော်လည်း သူမရဲ့အလှအပကို အပြည့်အဝ ပံ့ပိုးကူညီပေးနိုင်လေသည်။ သူသည် သူမတင်သာမကဘဲ သူမရဲ့ အဝတ်အစားလေးတွေကိုပါ စိတ်ဝင်စားတတ်သူဖြစ်သည်။

"ဒါတွေက ခင်ဗျား ဝါသနာတွေနဲ့ တွဲရိုက်ထားတာပေါ့နော်"

သူမက အနည်းငယ်ဆိုရုံမျှပြုံးရင်း ခေါင်းတစ်ချက်ငုံ့ပြကာ ဒါပေါ့ဟူသော အထာဖြင့်ပြောသည်။

"ခင်ဗျားရဲ့ဝါသနာတွေက ပရော်ဖက်ရှင်နယ်လ် ဖြစ်နိုင်တာတွေချည်းပဲ။ အဆိုတော်၊ ဖိုတိုဂရပ်ဖာနဲ့ စာရေးဆရာ...

အဲဒီထဲကမှ စာရေးဆရာကို ဘာကြောင့်ရွေးဖြစ်ခဲ့တာလဲ"





ဒီတစ်ခါလည်း သူမက သူ့ကို နှစ်လိုစွာ ပြုံးပြလာသည်။

"ဒီမေးခွန်းကိုတော့ ကျွန်မ တကယ် ဖြေချင်ပါတယ်၊ အနုပညာဆိုတာ အားလုံးဆက်စပ်နေတာပဲရှင့်။ ကျွန်မ စာဖတ်တာကိုတော့ ဟိုးငယ်ငယ်လေးတည်းက ဝါသနာပါတာ၊ နောက် ရှစ်တန်းလောက်မှာ စာတွေရေးတတ်လာရော ...

စာတွေနဲ့အတူ ကဗျာတွေ သီချင်းတွေကိုပါ ခံစားတတ်လာတယ်၊ သီချင်းတွေကို ခံစားရင်း သံစဉ်တွေကိုပါ စိတ်ဝင်စားလာတယ်၊ စာသားတွေကို စိတ်ဝင်စားလာတယ်၊ ဒါနဲ့ ဂစ်တာတီးသင်ခဲ့တယ်၊ ကျွန်မနဲ့ အရမ်းရင်းနှီးတဲ့ လူတစ်ယောက်က ဂစ်တာတီး အရမ်းတော်တယ်၊ သူက သင်ပေးတာ ...

သင်တန်းကို တကူးတက သွားတက်တာမျိုးတော့ မဟုတ်ပါဘူး၊ အဲဒါနဲ့ ဂစ်တာတီးတတ်လာရော၊ ဆယ်တန်းဖြေပြီးတဲ့ အချိန်မှာ ဝတ္ထုတိုတွေ စ,ရေးနေပြီဖြစ်သလို



www.burmeseclassic.com

www.burmeseclassic.com



ဂစ်တာလည်း တီးတတ်နေပြီ၊ ဒါပေမဲ့ ကျွန်မ တကယ် ဝါသနာပါတာက စာရေးတာကိုပါ၊ talent က အဲဒီဘက်မှာ ပိုတယ် ...

ဓာတ်ပုံကတော့ အသက်နည်းနည်း ကြီးလာတော့မှ စိတ်ဝင်စားလာတာ၊ အဲဒါလည်း အနုပညာတစ်ခုပဲလေ"

နောက်ဆုံးတော့ သူမက အနုပညာဆိုသော စကားနှင့် အဆုံးသတ်သွားသည်။ သူသည် အနုပညာသွေးတွေဖြင့် တောက်ပနေသော မျက်နှာလုလုတစ်ခုကို ငေးကာ ...

"ခင်ဗျားဘဝမှာ အကြိုက်ဆုံး စာအုပ်တစ်အုပ် ခင်ဗျားရေးထားတဲ့ထဲကပေါ့နော်၊ အကြိုက်ဆုံး သီချင်းတစ်ပုဒ်နဲ့ အကြိုက်ဆုံး ခင်ဗျားလက်ရာ ဓာတ်ပုံတစ်ပုံလောက်၊ ကျွန်တော့်ကို လက်ဆောင်ပေးနိုင်မလား",

သူ့စကားကို သူမက အတန်ကြာပြုံးနေပြီးမှ ပြောသည်မှာ ...

"ကျွန်မ ပေးချင်တဲ့စိတ်ရှိတဲ့ တစ်နေ့ကျရင် ပေးပါမယ်"

"အဲဒီနေ့က ဘယ်တော့လဲ"





သူမက သူမေးတာကို မဖြေဘဲ မေးစေ့ကို လက်နှင့် ထောက်ရင်း အသည်းယားချင်စဖွယ်ကောင်းအောင် ပြုံးနေတော့လျှင် သူသည် အဲဒီအပြုံးကို မျက်မှောင်ကြုတ်ကြုတ်ဖြင့် မချင့်မရဲ စိုက်ကြည့်နေမိခဲ့တော့သည်။

သေချာသလောက် ရှိနေခဲ့ပြီ မြူ။



www.burmeseclassic.com

www.burmeseclassic.com



"ငါတော့ မြို့ကို ချစ်မိနေပြီ ထင်တယ်ကွာ"

ကားမောင်းရင်းမှ အဆက်အစပ်မရှိ ထပြောလိုက်သော သူ့စကားကြောင့် ဝေလင်းက သူ့ကို အလန့်တကြားလှည့်ကြည့်သည်။ ကားကက်ဆက်ထဲမှ ထွက်ပေါ်နေသော အငဲရဲ့သီချင်းက သူ့ကို စောင်းဆိုနေသလို တိုက်ဆိုင်လွန်းလှသည်။

"နေ့စွဲ ကြေကွဲ ... အမြဲလို ပုံမှန်လည်ပတ်ဆဲ ... မြင်ချင်တဲ့စိတ် ထိန်းမရခဲ့"

တစ်လက်စတည်းမှာပင် သူက ဂစ်တာတီးနေသော သူမရဲ့ပုံသဏ္ဍာန်ကို မျက်လုံးထဲ မြင်ယောင်လာခဲ့သည်။ ချက်ချင်းကိုပင် သူမကိုယ်တိုင် တီးခတ်ဆိုပြမည့် သီချင်းတစ်ပုဒ်ကို အပြင်းအထန် နားဆင်ချင်လာလေသည်။





"သေချာလို့လားကွ၊ ကြိုက်တာရော မဖြစ်နိုင်ဘူးလား"

"မဖြစ်နိုင်ဘူး။ ကြိုက်တာက သူ့ကို စတွေ့တဲ့ ပထမဆုံးနေ့၊ ဗယ်လင်တိုင်းဒေးမှာတည်းက ကြိုက်ပြီးသား၊ ကြိုက်လို့ လိုက်ခဲ့တာ၊ လိုက်ရင်းနဲ့ အခု ချစ်သွားပြီ။ ဟုတ်တယ်၊ ငါ သိတယ် ...

ဒါ အချစ်ပဲ ဖြစ်နိုင်တယ်"

"အချစ်လို့ မင်းက ဘာကိုကြည့်ပြီး ပြောနိုင်တာလဲ"

"သူ့မျက်နှာကိုကြည့်ပြီး ပြောနိုင်တာပေါ့။ သူ့မျက်နှာကို မြင်လိုက်ရရင် ပြီးပြည့်စုံမှုတစ်ခုကို ခံစားရသလိုပဲကွာ။ တစ်နေ့ကုန်ကိုပဲ ထိုင်ကြည့်ချင်နေတော့တာပဲ ...

နောက်တစ်ခုက သူ့အပြုံး။ သူ့အပြုံးကလည်း အရမ်းကို နှလုံးသားထဲထိ ဖြတ်စီးတယ်။ တည့်တည့်ရောက်သွားတယ်ကွာ။ သူ့နှုတ်ခမ်းလေးကို ငါ အရမ်းချစ်တယ်၊ မြတ်နိုးတယ်၊ မပြောတတ်တော့ဘူးကွာ ...

တစ်ခုကတော့ သေချာတယ်၊ သူ့ကို ချစ်နေမိပြီ ဆိုတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုတော့ ယုံပါတယ်၊ ဟင်း ... ငြိုကုန်ပြီ မရတော့ဘူး။ ဒါနဲ့ သူ့ဘက်ကရော"

"သူ့ဘက်က ... အင်း ... တစ်မျိုးပဲကွ"

"ဟော ... ဟော ... တွေ့တယ်မဟုတ်လား။ အခု မင်းပါးစပ်က ဒီစကားမျိုး ထွက်လာရပြီ မဟုတ်လား"

"မဟုတ်ဘူးကွ၊ တစ်ခါတလေကျတော့ သူက အရမ်းချစ်ဖို့ကောင်းတယ်"

"အေးပေါ့ကွာ၊ တစ်ခါတလေကျတော့လည်း ..."

မဝလင်းက ဆက်မပြောတော့ဘဲ ပခုံးနှစ်ဖက်ကို တွန့်ပြလျှင် သူက ခပ်ဟက်ဟက် ရယ်မောမိသည်။ မျက်လုံးထဲမှာ တေးဆိုနေသော ငှက်ကလေးရယ်နေသလို ရယ်တတ်သည့် သူမမျက်နှာကို မြင်ယောင်လာလျှင် သူလည်းပဲ သူမပြုံးသလို ပြုံးမိသွားသည်။

"ဟော့ကောင် ... ဒါက ဘယ်ကိုမောင်းနေတာလဲ"

"မင်းကို ထမင်းပေါင်း ကျွေးမလို့လေ"

"ဘယ်ဆိုင်လဲ၊ ဘယ်ကိုမောင်းနေတာလဲ"

"စကားမများနဲ့ ရောက်တော့ သိလိမ့်မယ်"





ဝေလင်းက သူ့ကို ပွစိ ပွစိ ရေရွတ်ကာ ဆက်မမေးတော့ပေ။ သူသည် သူမကို အမှတ်တရ လွမ်းစိတ်ဖြင့် သူမနှင့်အတူတူ ထမင်းစားခဲ့ဖူးသော စားသောက်ဆိုင်လေးသို့ သီချင်းတအေးအေးဖြင့် မောင်းလာခဲ့လေသည်။

မင်းကို စက္ကန့်နှင့်အမျှ လွမ်းနေတယ် မြူ။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး မောင်းလိုက်ပါလား၊ မြူ့ခြေထောက်တွေ နည်းနည်းထုံနေသလိုပဲ"

"ဟုတ်လား ... နေမကောင်းဘူးလား"

"နေကောင်းပါတယ်၊ ခြေထောက်တွေ ထုံနေလို့ပါ"

ကိုကြီးက မြူ့ကို တစ်ချက်အကဲခတ်ကာ ဘာမှ ဆက်မမေးတော့ဘဲ ကားသော့ကို လှမ်းယူလိုက်လေသည်။ ပြီးလျှင် မြူတို့ကားလေးဟာ ရန်ကုန်ဆေးရုံဝင်းကြီးထဲမှ ထွက်လာခဲ့ကြသည်။ ဒီနေ့ စနေနေ့ ဖြစ်သော်လည်း ကိုကြီးက မနက်ပိုင်း ဂျူတီကျသလို မြူကလည်း ခါတ်ပုံသင်တန်း တက်ကတည်းက မရောက်ဖြစ်သော စိမ်လန်းဆိုပြည်ကို စာလာရေးရင်းမှ အပြန်တွင် ကိုကြီးကို ဝင်ခေါ်ရခြင်းဖြစ်သည်။





ကိုကြီးရဲ့ကားက သူငယ်ချင်းတစ်ယောက်ကို ခဏ ငှားလိုက်သဖြင့် မြူက အသွားမှာလည်း ဆေးရုံကိုဝင်ပို့ အပြန်မှာလည်း ဆေးရုံကို ဝင်ခေါ်ရခြင်းဖြစ်လေသည်။ မြူသည် သိပ်စကားမဆိုဖြစ်ဘဲ လမ်းဘေးဝဲယာ ရှုခင်းများကို ငေးမောရင်း အသာနှုတ်ဆိတ် လိုက်ပါလာသည်။

"မြူ အရမ်းထုံနေလား၊ ဘယ်လိုဖြစ်တာလဲ"

မြူ ကိုကြီး စိုးရိမ်နေမှန်း သိသဖြင့် လှည့်ပြုံးပြလိုက်ရင်းမှ ...

"ဒီအတိုင်းပါပဲ၊ သက်သာပါတယ် ကိုကြီးရဲ့၊ တစ်ခါတလေ ဖြစ်တာပဲ"

"ဖြစ်ရဲ့လား၊ ထမင်းဝင်မစားတော့ဘဲ အိမ်ကိုပဲ တစ်ခါတည်း မောင်းလိုက်ရမလား"

"အာ ... သွားစားမှာပါ။ ကိုကြီးကလည်း။ မြူကသာ တစ်ယောက်တည်း သွား,သွားစားတတ်သေးတာ၊ ကိုကြီးက သိပ်စားဖြစ်တာမှ မဟုတ်တာ ...

မြူလည်း စားချင်နေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



မြူသည် ပြောလိုက်ရင်းမှ သိပ်မကြာခင်ကမှ တစ်ခုံတစ်ယောက်နှင့် နေ့လယ်စာ အတူစားခဲ့ဖူးတာကို သတိရမိသွားသည်။ သူကတော့ ဘယ်လိုထင်မလဲ မသိချေ။ မြူသည် အမြဲတမ်း သွားစား!တတ်သော အဲဒီဆိုင်လေးသို့ ကိုကြီးနှင့်ကလွဲ၍ ဘယ်ယောကျ်ားတစ်ယောက်နဲ့မှ အတူမစားခဲ့ဖူးချေ။

ကိုကြီး ပြီးလျှင် သူက အဲဒီဆိုင်လေး၌ ပထမဆုံး အတူစားခဲ့ဖူးသော အမျိုးသားတစ်ယောက်ပဲ ဖြစ်သည်။ သူ့ကို မြူ ဘာကြောင့် ဒီလောက်ထိ ခေါင်းထဲ ထည့်မိနေတာပါလိမ့်။ ဗုဒ္ဓေါ ဘုရား ... ဒီလူတစ်ယောက်ကို ငါ ချစ်မိတော့မှာများလား။

မြူသည် အချစ်ကို တော့တော့ဆိုင်ဆိုင် မကြုံခဲ့ရဖူးသော်လည်း ဘယ်ဟာကတော့ဖြင့် အချစ်ဖြစ်နိုင်သည် ဆိုတာကိုတော့ ရိပ်မိသလိုလို ရှိပါသည်။ မြူ့ကို လိုက်လံပတ်သက်ကြသောယောကျ်ားလေးပေါင်း များစွာတို့ကို အသက်ဆယ့်ခြောက်နှစ်မှ အခု အသက်နှစ်ဆယ့်လေးနှစ်အထိ ဆုံခဲ့ရဖူးပြီ။ စကားပြောခဲ့ဖူးပြီးပြီ။ ရည်းစားလည်း ထားခဲ့ဖူးသည်။ သို့သော် ဘယ်တစ်ယောက်ကမှ မြူ့စိတ်ထဲတွင် တစ်နာရီပြည့်အောင် မနေခဲ့ဘူးပါ။





နှလုံးသားထဲ ဆိုတာကတော့ ဝေးပြီဟု ပြောရလေမည်။ အခုကျတော့ ...

"မြူ ဘာတွေများ စဉ်းစားနေတာလဲ၊ ရောက်ပြီလေ"

ကိုကြီးက ကားရပ်ရင်း ပြောတော့မှပင် စားသောက်ဆိုင်ဝင်းထဲ ရောက်နေပြီဆိုတာ မြူ သတိထားမိတော့လေသည်။ ကိုကြီးက မြူ့ပုံစံကို အကဲခတ်ရင်း ...

"ဘာတွေ တွေးနေတာလဲ မြူ။ ကိုယ် ကားမောင်းရင်းနဲ့ မြူ့ကိုကြည့်နေတာ၊ အနှောင့်အယှက် မပေးချင်လို့ ဘာမှ မမေးတာ ...

ဘာလဲ ရေးလက်စ ဇာတ်လမ်းက ဇာတ်ရှိန်တက်နေပြီလား"

မြူသည် ကိုကြီးရဲ့စကားကို အဓိပ္ပာယ်တစ်မျိုးဖြင့် ပြုံးပြီးခေါင်းညိတ်ပြလိုက်သည်။ မြူရဲ့တကယ့်ကိုယ်ပိုင်ဇာတ်လမ်း တစ်ပုဒ်ပါ ကိုကြီးရယ်။

ဇာတ်ရှိန်ကတော့ တက်ချင်နေပါပြီ။

"တွေးတာလည်း တွေးပေါ့။ အမြဲတမ်း ခေါင်းထဲထည့်ထားတော့လည်း ပင်ပန်းတာပေါ့ မြူရယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီးက ကရုဏာသက်ဟန်ဖြင့်ဆိုလျှင် မြူက သက်သောင့်သက်သာဟန်ဖြင့် ရယ်မောရင်း စားပွဲမှာ ဝင်ထိုင်လျှက် ...

"ခံစားချက်နဲ့ အလုပ်လုပ်တဲ့ လူကျတော့လည်း တခြား အလုပ်တွေလို ပြီးတာနဲ့ ခေါင်းထဲက ရှင်းထုတ်ပစ်လို့ ရချင်မှရတာ ကိုကြီးရဲ့ ...

ခံစားချက်ဆိုတော့လည်း သိပ်မထွက်သွားတတ်ဘူး လေ။ လက်ကရေးလိုက်တာ နားပေမယ့် စိတ်ကတော့ နားမှမနားတာ"

"အင်း ... လျှော့ ... လျှော့ ...။ ဒါကြောင့် ခဏ ခဏ ခေါင်းကိုက်တယ် ဖြစ်နေတာ၊ ကဲ ... ဘာစားမှာလဲ"

"ဒီတစ်ခါတော့ ထမင်းကြော်ပဲ စားတော့မယ် ကိုကြီးရာ"

"ကိုကြီးက စပါကတီစားမှာ"

မြူက ကိုကြီးကို အပြုံးနှင့် ခေါင်းညိတ်ပြလိုက် ရင်းမှ နောက်ကျောကို မြားအစင်းစင်း လာစိုက်သလို စူးရှသော ခံစားမှုတစ်ခုကို ရနေသဖြင့် နောက်သို့လှည့်ကြည့်လိုက်သည်။





အဲဒီအခါတွင် မြူ့ကို အထူးတလည် စိုက်ကြည့်နေသော စူးရှသည့် မျက်ဝန်းတစ်စုံကို ရင်ဆိုင်တွေ့လိုက်ရလျှင် နှလုံးသားထဲမှ ဒိန်းခနဲတောင် မြည်သွားသည်ဟု ထင်သည်။

သူက မြူ့ကို မရယ်မပြုံးပြဘဲ ခပ်တည်တည်ကြီး စိုက်ကြည့်လို့နေလေသည်။ သူ့နေရာမှာ တခြားယောကျ်ားတစ် ယောက်သာဆိုလျှင် မြူသည် ပြုံးထေ့ထေ့ဖြင့် ပခုံးတွန့်ပြမည်ဖြစ် သော်လည်း သူ့ကိုတော့ အဲဒီလို မလုပ်ရက်ပါ။ သူ့မျက်လုံးထဲ က တင်းမာမှုများသည် သူ့နှလုံးသားကပေးသော ဖိအားကြောင့် ဖြစ်သည်ဟု နားလည်ခံစားပေးလို့ ရနေ၍ဖြစ်သည်။

"မြူ ... ဘယ်သူလဲ။ အသိလား"

ကိုကြီးက မြူ့မျက်နှာ အပြောင်းအလဲကို သိစွာ နှင့် မေးလာလျှင် မြူက ခေါင်းကို အနည်းငယ်ညိတ်ပြလိုက်ရ သည်။ ကိုကြီးက သူတို့ဝိုင်းကို တစ်ချက်မျှသာ ကြည့်ပြီးနောက် ဆက်မကြည့်တော့ပေ။ အဲဒီနောက်ပိုင်းမှာတော့ မြူရဲ့နံဘေးသို့ အရိပ်တစ်ခုက ကျရောက်လို့လာလျှင် မြူက အသာမော့ကြည့် မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ကို ထင်ရှားသူရိန်"

"မြူ ... နေ့လယ်စာ လာစားတာလား"

သူက လာနှုတ်ဆက်တာတောင် ခပ်တည်တည်ပုံစံနှင့်ဖြစ်သည်။ ဘောင်းဘီအိတ်ကပ်ထဲကို လက်နှစ်ဖက်နှိုက်ထည့်လျက် မျက်နှာကိုမော့ မေးပုံသည် တစ်ဖက်လူကို သိပ်မနှစ်မြို့က်မှန်း ပေါ်လွင်စေသောပုံ ဖြစ်သည်။ မြူသည် အပြုံးတစ်ချက်နှင့် ခေါင်းညိတ်ပြရင်းမှ ...

"ဟုတ်တယ် ... ထိုင်ပါဦးလား။ မိတ်ဆက်ပေးရအောင်လို့ပါ"

တစ်ချိန်တည်းမှာပင် ကိုကြီးက မြူ့မျက်နှာကို အံ့ဩသောမျက်လုံးများဖြင့် ဖျတ်ခနဲ ကြည့်လာခဲ့သလို သူကလည်း အံ့ကြေဟု တိုးတိုးရေရွတ်ကာ မြူနှင့် မျက်နှာချင်းဆိုင်၊ ကိုကြီးနှင့် ဘေးတိုက်ကျသောခုံမှာ ဝင်ထိုင်လိုက်လေသည်။

ကိုကြီးက ဘာကိုအံ့ဩသလဲဆိုတာ မြူ သိသည်။ မြူသည် ကိုကြီးကို မြူတွဲခဲ့သော ယောကျာ်းများနှင့် ဘယ်တုန်းကမှ မိတ်ဆက်မပေးခဲ့ဘူးချေ။ ကိုကြီးက မေးလျှင်တောင်





"အရေးမပါလို့ အရာမပေးတာပါ"ဟု အမြဲဖြေတတ်ခဲ့သော မြူက တစ်ဖက်က ဘာမှမတောင်းဆိုဘဲနဲ့ကို မိတ်ဆက်ပေးရအောင်ဟု ပြောခဲ့သဖြင့် ဒီနေ့အဖို့တော့ ကိုကြီးအတွက် ဒီကိစ္စဟာ အထူးတဆန်း ဖြစ်တော့မည်။

"ကိုကြီး"

မြူရဲ့တိုးတိတ်သော ခေါ်သံကို ကိုကြီးက အပြုံးနှင့် မေးဆတ်ကာ ထူးသည်။

မြူတို့ချင်း မျက်လုံးချင်း စက္ကန့်လောက် ဆုံတာနှင့်ကို ကိုကြီးက မြူ့ကို နားလည်သလို ပြုံးပြတာဖြစ်သဖြင့် မြူသည် ချမ်းမြေ့စွာပြုံးပြကာ ...

"ဒါ ဓာတ်ပုံသင်တန်းမှာခင်တဲ့ မြူ့မိတ်ဆွေပါ၊ ထင်ရှားသူရိန်လို့ ခေါ်တယ်"

ကိုကြီးက သူ့ကို အင်မတန်လှိုက်လှဲသော အပြုံးဖြင့် ခေါင်းညိတ်နှုတ်ဆက်သည်။ မြူသည် သူ့ဘက်သို့လှည့်လိုက်ရင်းမှ ...

"ကိုထင်ရှားသူရိန် ... ဒါကတော့ မြူ့ရဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာမှာ မြူရဲ့အသံက တုံ့သွားသည်။ သူ့မျက်ခုံးတွေက မသိမသာပင့်သွားသလို မျက်လုံးတွေကလည်း လက်ခနဲဖြာသွားလျက် အဓိပ္ပာယ်တစ်မျိုး ပြောင်းသွားလျှင် မြူသည် အဲဒီမျက်ဝန်းတွေရဲ့ အဓိပ္ပာယ်ကို နားလည်စွာဖြင့် ရင်ထဲ၌နွေးခနဲ ဖြစ်သွားသည်။

"မြူရဲ့ ဘယ်လိုပြောမလဲ၊ မိတ်ဆွေ ... သူငယ်ချင်း ... အိမ်နီးချင်း ... အဲဒါတွေထက်လည်း ပိုတယ်၊ Sole mate ခေါ်မှာပေါ့နော်၊ ကိုကြီး ... နော်"

မြူရဲ့ကလေးလိုလို တိုင်တည်အပြောကို ကိုကြီးက နူးညံ့စွာပြုံးရင်း ခေါင်းညိတ်ပြသည်။ မြူက သူ့ဘက်ကို ချက်ချင်းပြန်လှည့်ကာ ...

"မြူရဲ့ အရင်းနှီးဆုံး လူတစ်ယောက်လို့ပဲ ပြောရမှာပေါ့ ကိုထင်ရှား။ ဒေါက်တာစစ်လင်းလို့ ခေါ်ပါတယ်"

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ် ဒေါက်တာ"

သူက လက်ကမ်းပေးကာ နှုတ်ဆက်လျှင် ကိုကြီးကလည်း လိုက်လျောစွာ နှုတ်ဆက်ပါသည်။ သူတို့ချင်း နှုတ်ဆက်ပြီးလျှင် မြူက သူ့ကိုပြုံးကြည့်ကာ ...





"ဘယ်လိုလဲ ကိုထင်ရှား။ ဒီဆိုင်လေးက အစားအသောက်တွေကို သဘောကျသွားပြီနဲ့ တူတယ်"

သူက နှုတ်ခမ်းထောင့်စွန်းလေးတင် တွန့်ကွေးရုံပြုံးကာ ပခုံးကို တစ်ချက်တွန့်သည်။

"အစားအသောက် ဆိုတာတွေထက် အမှတ်တရတစ်ခုကို သဘောကျလို့ လာဖြစ်တာပါ"

သူ ဘာကိုဆိုလိုသလဲဆိုတာ မြူက ချက်ချင်းသဘောပေါက်လေသည်။ သူ့မျက်လုံးတွေထဲသို့ တည့်တည့်စိုက်ကြည့်မိလျှင် သူက ဆက်ပြောသည်မှာ ...

"ဒါပေမဲ့ အမှတ်တရကြီးက ခါးတယ်"

မြူသည် အနားမှာ ကိုကြီး ပါလာသဖြင့် ဘာမှပြန်မပြောသာချေ။

သူ့ကို ပြုံးထေ့ထေ့သာ စိုက်ကြည့်နေသော မြူ့ကို သူက ရှုတည်တည်ဖြင့် တစ်ချက်ပြန်ကြည့်ကာ ...

"နောက်မှ ခင်ဗျားကို ကုန်ကြမ်းပေးရဦးမယ်ဗျာ၊ တချို့အမှတ်တရတွေက ချိုမလိုလိုနဲ့ ခါးတတ်တယ်ဆိုတာ။ ကဲ ... မြူတို့ စားသောက်ကြဦးမှာ မဟုတ်လား။ သုံး



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ပါ။ ကျွန်တော့်ကြောင့် အနှောင့်အယှက် ဖြစ်သွားတယ်ဆိုရင် ဆောရီးပဲ။ ခွင့်ပြုကြပါဦး"

မြူကတောင် ဘာမှပြန်မပြောလိုက်ရချေ။ သူကားပြောလည်းပြော ထလည်းထနှင့် ချက်ချင်းပဲ အပြင်သို့ ထွက်သွားလေသည်။ သူ့ဘော်ဒါတစ်ယောက်ကလည်း မြူတို့ကို ခပ်တည်တည်နှင့် တစ်ချက် လှမ်းကြည့်ကာ သူ့နောက်မှ လိုက်ပါလို့သွားလေသည်။ မြူသည် ရှပ်အင်္ကျီလက်ရှည်ကို ခေါက်ဝတ်ထားသော သူ့နောက်ကျောပြင်ကို ငေးကာ ရင်ထဲ၌ တစ်မျိုးဖြစ်လာသည်။ မှန်းစမ်း ... ဒါ ဘာဝေဒနာဖြစ်မလဲ။

မြူ ရင်နင့်နေသလိုပဲ။

"သူက ဘယ်သူလဲ မြူ"

မြူသည် သူ ထွက်သွားရာ လမ်းတစ်လျှောက်ကို ငေးနေရင်းမှ ...

"ထင်ရှားသူရိန်တဲ့လေ"

"မဟုတ်ဘူးလေ သူ့အကြောင်း"

"မြူ မသိဘူး ကိုကြီး"

"ဒါပေမဲ့ သူ့ကို မြူ"





ကိုကြီးက ဆက်မပြောဘဲ ရပ်တန့်သွားလျှင် မြူကခေါင်းတဆတ်ဆတ် ညိတ်မိကာ ရင်ထဲမှာလည်း တစ်စုံတစ်ခုကိုနှလုံးသားက အတည်ပြုပေးလျက်ရှိသည်။ ကိုကြီးက မြူ့ကိုတစ်ချက် အကဲခတ်ကာ မေးခွန်းတစ်ခု ပြောင်းမေးသည်။

"သူ့ကို မြူ ဘယ်လိုသဘောရလဲ"

"မြူတော့ သူ့ကို ချစ်မိသွားပြီထင်တယ် ကိုကြီး"

ကိုကြီးသည် ဘာစကားမှ ဆက်မပြောနိုင်တော့ဆောင် တိတ်ဆိတ်လို့ သွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"sole mate တဲ့ကွာ၊ တောက် ... ဘာ sole mate လဲ၊ အဓိပ္ပာယ်မရှိလိုက်တာ"

"အဓိပ္ပာယ်ရှိပါတယ်ကွာ၊ ဖြူဖြူစင်စင် မိတ်ဆွေတွေလေ၊ ဘာမဆို မျှဝေခံစားပြီး နားလည်ပေးတတ်တဲ့သူ၊ သာမန်မကတဲ့ ခင်မင်ပတ်သက်မှုမျိုး ...

ဒါပေမယ့် အရမ်းဖြူစင်တဲ့ ဆက်ဆံရေးမျိုးပဲ ရှိတယ် အဲဒါ sole mate ပေါ့"

သူက တမင်ရွဲ့ကာ တရှည်တလျား လာရှင်းပြနေသော ဝေလင်းကို အံကြိတ်ကြည့်လိုက်ပြီးနောက် စိတ်လျှော့ကာ မျက်နှာလွှဲပစ်လိုက်သည်။

ဒါကို သဘောပေါက်ဟန်တူသော ဝေလင်းက သူ့ပခုံးတစ်ဖက်ကို ဖျစ်ညှစ်လာလျက် ...





"ဒါတွေကို ရင်ဆိုင်နိုင်ဖို့ မင်းကို အစောကြီးတည်းက ကြိုပြောပြထားပြီးသားပဲကွာ။ ဘာပဲပြောပြော မင်းကို မိတ်ဆက်ပေးတယ်ဆိုတော့ ဒါ အသိအမှတ်ပြုမှုတစ်ခုပဲပေါ့"

သူက ကျွတ်ခနဲ စုတ်သပ်ကာ ခေါင်းကိုခါယမ်းပစ်လိုက်သည်။ သူမနှင့် ပတ်သက်လာလျှင် ဘာမှမဆိုင်ပါဘဲနဲ့တောင် သူ့နှလုံးသားတွေ၊ သူ့စိတ်တွေက ဘာကြောင့် ကြွပ်ဆတ်မာကျောနေရတာပါလိမ့်။ သူသည် ဝေလင်း ပြောပြဖူးသော ဒေါက်တာစစ်လင်း ဆိုသူကို မျက်လုံးထဲတွင် ပြန်မြင်ယောင်လာရင်း နှုတ်ခမ်းကို ကိုက်ထားမိသည်။ မြူ ဆိုသော အမျိုးသမီးက သူ့အပေါ်ကို (ဒေါက်တာစစ်လင်းကို) ချစ်ခင်အားကိုးတွယ်တာသော အရိပ်လောင်းတွေ ဘာလို့ အဲဒီလောက်တောင် ထင်းနေရတာပါလိမ့်။

ဟိုပုဂ္ဂိုလ်ကလည်း တကယ့်ကို ဂျန်းတဲလ်မန်းပုံစံအပြည့်။ ဖြူစင်ကြည်လင်သော အသားအရေနှင့် နူးညံ့သောအပြုံးဆွဲရှိသူ ဆရာဝန်ဟာ မြူ့အပေါ်မှာလည်း အစွမ်းကုန်နားလည်ပေးလိုက်မည့်ပုံစံရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ကိုပဲ မြူဟာ တစ်နေ့နေ့မှာ အဲဒီဆရာဝန်ကိုပဲ လက်ထပ်မည့်သူလား။ သူမမှာ ချစ်တတ်တဲ့ နှလုံးသား မရှိတော့ဘူးတဲ့လား။

သူသည် ဘာကြောင့်မှန်း မသိဘဲ မြူနှင့် အဲဒီဆရာဝန်ကို မြင်ပြီးတည်းက စိတ်ဓာတ်တွေ တစ်မျိုးဖြစ်ကာ ဓာတ်ပုံသင်တန်းတောင် မသွားတော့ချေ။ တစ်ပတ်လုံးလုံး မသွားခဲ့။ သူမ မျက်နှာကို အရမ်းလွမ်းသော်လည်း သူသည် အဲဒီအလွမ်းကိုပဲ ကြိတ်မှိတ် ခံစားကာ စိတ်တိုလိုက် စိတ်ပျော့လိုက်နှင့် R ဇာနည် သီချင်းကိုပဲ အကျယ်ကြီး အော်အော်ဆိုပစ်နေတော့သည်။

"နှလုံးသားထဲမှာ မီးတောက်များ ပေါက်ကွဲတာ ... မင်းမသိဘူး ..."

ဒီသီချင်းကိုသာ ထပ်တလဲလဲ အော်ဟစ်ဆိုနေသော သူ့ကို အိမ်မှာရှိသော အမေနှင့် အစ်မတွေကလည်း ရူးရူးစမ်းစမ်းနှင့် တအံ့တသြ။

"ဟဲ့ ... ဒီကလေး ဘယ်လိုဖြစ်နေတာလဲ၊ ဘာတွေကို အလိုမကျ ဖြစ်နေတာလဲ"





သူက ဘာမှမဖြေဘဲ မှုန်တင်းတင်းလုပ်လို့နေလျှင် သူ့အစ်မက သူ့မျက်နှာကို အကဲခတ်ကြည့်ရှုလျက် ...

"မာမ့်သားက မိန်းမလိုချင်နေတာလေ။ အခုတလော ဘာဖြစ်နေမှန်းကို မသိဘူး။ တစ်အိမ်လုံးကို အလိုမကျဖြစ်နေတာ၊ မျက်သွယ်နဲ့ မြန်မြန်ပေးစားလိုက်တာပဲ နားအေးမယ်နဲ့တူတယ်"

သူ့အစ်မ လမင်းသူရိန်၏ စကားက သူ့ခေါင်းကို ဖျတ်ခနဲ လင်းသွားစေသည်။ သူသည် တစ်စုံတစ်ရာကို သတိရတာ သဘောတကျ ပြုံးလိုက်ရင်းမှ ...

"မမ ... မျက်သွယ်ရဲ့ ဖုန်းနံပါတ် ပေးစမ်းပါ"

မမက သူ့ကို မျက်လုံးပြူးကာ လှမ်းကြည့်သည်။ ပြီးလျှင် သူ့အမေနှင့် အစ်မက တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။ မျက်စတွေ ပစ်ပြကြပြီးနောက် မမက သူ့ကို မျက်သွယ်ရဲ့ဖုန်းနံပါတ် ပြောပြလိုက်လေသည်။

မျက်သွယ် ဆိုသော ကောင်မလေးမှာ သူ့မိဘတွေ၏ မိတ်ဆွေတွေ၏ သမီးဖြစ်ကာ သူနှင့် လက်ထပ်ဖို့ မျက်စိကျထားခြင်း ခံထားရသော မိန်းကလေးဖြစ်သည်။ သူနှင့်လည်း



www.burmeseclassic.com

www.burmeseclassic.com



လေးငါးခါလောက် ဆုံဖူးပေမဲ့လည်း သူက မျက်သွယ်ကိုစိတ်ဝင်စား၍ မရပါ။ အခုတော့ သူက တိုက်ရဲ့အပြင်ဘက်သို့ ထွက်လာလျက် မျက်သွယ်ရဲ့ ဖုန်းနံပါတ်တွေကို နှိပ်ခေါ်လိုက်သည်။

"ဟယ်လို ... မျက်သွယ်လား၊ အင်း ... ကိုယ်ပါ။ မျက်သွယ် အခုအားလား"

"... ... ..."

"ဪ ... ကိုယ် စိမ်းလန်းစိုပြည်ထဲက ဆိုင်မှာ သွားထိုင်ချင်လို့။ အဲဒါ မျက်သွယ်ရော လိုက်ဦးမလားလို့ လှမ်းမေးတာပါ"

"... ... ..."

"အိုကေ ... ဒါဆို နောက်ဆယ်မိနစ်လောက် ကြာရင် ကိုယ် မျက်သွယ်တို့အိမ် ရောက်လာမယ်နော်"

သူက လေတစ်ချက်ချွန်ကာ အိမ်ထဲသို့ ပြန်ဝင်ပြီး ကားသော့ကိုယူသည်။ သူ့ကို အထူးအဆန်းသဖွယ် ငေးကြည့်နေကြသော မာမီနှင့် မမကို မျက်စိတစ်ဖက်ပင် မှိတ်ပြလိုက်သေးသည်။ အဲဒီနောက်မှာတော့ မျက်သွယ်ကို ဝင်ခေါ်ကာ သူတို့အိမ်နှင့် သိပ်မဝေးသော စိမ်းလမ်းစိုပြေသို့ ရောက်ရှိလာခဲ့ကြသည်။





မျက်သွယ်သည် အိမ်ထဲမှာသာအနေများပြီး အပေါင်းအသင်းနည်းသဖြင့် အပြင်သွားရသောအခါ မျက်နှာလေးကပျော်ရွှင်ဟန်ဖြင့် လန်းဆန်းလို့နေသည်။ သို့သော် ဘာလို့မှန်းတော့မသိ။ သူ မျက်သွယ်ကို ချစ်လို့ကို မရချေ။ သူ့ရဲ့ခံစားချက်တစ်ခုက သူ့နှလုံးသားကို သိမ်းပိုက်မွေ့ယူ[illegible]ကလေးကိုသာ တစ်သက်တာလုံးအတွက် လ[illegible]တွဲသွားချင်တာ ဖြစ်လေသည်။

ထိုမိန်းကလေးသည် စိမ်းလန်းစိုပြည်ထဲရှိ Zephyr စားသောက်ဆိုင်လေးထဲ၌ တစ်ယောက်တည်း (စမတ်ကျကျ)စာထိုင်ရေးနေလေသည်။ သူမရဲ့ ဇာတ်ကောင်တွေထဲမှာ စိတ်ကိုမြှုပ်နှံထားသဖြင့် ပတ်ဝန်းကျင်ကို ဂရုထားမိပုံလည်း မရှိ။ သူတို့ဝင်လာတာကိုလည်း မမြင်ပေ။

ဒီနေ့တော့ ဆံနွယ်တွေကို ဆံထုံးပုံ့ပုံ့တစ်မျိုး ထုံးထားကာ ထုံးစံအတိုင်း ဆံထိုးလေးတစ်ခု ထိုးစိုက်ကာထားသည်။ အဖြူရောင်အင်္ကျီလက်ပြတ်ကို Hand made စကတ်ထဘီတစ်ထည်ဖြင့် တွဲဖက်ဝင်ဆင်ထားပုံမှာ တိုင်းရင်းသူတစ်ယောက်လို သဘာဝဆန်စွာ လှပနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက တစ်ပတ်စာအလွမ်းကို အကြည့်တစ်ချက်နှင့်သာ ဘိမ်းပိုက်လျက် သူမနှင့် မျက်စောင်းထိုးကျသည့် စားပွဲမှာ ဝင်ထိုင်လိုက်သည်။

"မျက်သွယ် ဘာစားမလဲ။ ဒီဆိုင်က ပြည်ကြီးငါးသုပ် ကောင်းတယ်"

မျက်သွယ်က မီနူးကို လှန်လှောရင်းမှ …

"အင်း … ကော်ဖီက Irish coffee သောက်မယ် ကိုရှားရော"

"ကိုယ်ကတော့ ဟောင်ကောင်စတိုင်လ် ခေါက်ဆွဲကြော်နဲ့ ဂျူစ်ပဲသောက်တော့မယ်၊ မျက်သွယ် တစ်ခုခုစားလေ"

"ဟင့်အင်း … မျက်သွယ် ထမင်းစားပြီးပြီ။ အဲလောက်ကြီး မစားနိုင်တော့ဘူး၊ ကိုရှားက ထမင်းမစားရသေးဘူးလား"

"အင်း … ကိုယ်က ဆယ်နာရီကမှ အိပ်ရာနိုးတာဆိုတော့ အဲဒီအချိန်မှာ ကြာဆံကြော်နဲ့ ကော်ဖီနဲ့ သောက်ထားတာ။ အခုတော့ ဆာနေပြီ"





သူတို့ရောက်လာသောအချိန်မှာ နေ့ခင်းနှစ်နာရီခန့်ရှိပြီဖြစ်၍ နေ့ခင်းဘက် စာလာရေးသော သူမနှင့် ဆုံခြင်းဖြစ်ပါသည်။ မတ်လကုန်ခါနီးပြီဖြစ်၍ နွေ၏သရုပ်ကို ဖော်ဆောင်နေသော နွေလေညင်းတို့သည် အင်းလျားရေပြင်ကို ရှပ်တိုက်ပြေးကာ သူမကို ပွတ်သပ်ကျီဆယ်သွားလျက် သူ့အနားသို့ ရောက်လာသည်ဟု ထင်သည်။

အကြောင်းမှာ ထုံးဖွဲ့ထားရာမှ လွင့်ကျနေသော နားသယ်စပ်၊ နဖူးစပ်က ဆံစလေးများမှာ လှုပ်ယမ်းလွင့်နေသောကြောင့် ဖြစ်လေသည်။ အခုချိန်ထိ သူမက သူတို့ကို မမြင်သေးပါ။ သို့သော် ဟိုဟိုဒီဒီ ဝေ့ဝဲကြည့်နေသော မျက်သွယ်ကတော့ သူမကို မြင်သွားသည်။ မျက်သွယ်သည် သူမကို သေသေချာချာ လှမ်းကြည့်ရင်းမှ …

"ကိုရှား … ဟိုမှာထိုင်ပြီး စာရေးနေတာ စာရေးဆရာမ မြူ ဆိုတာလားဟင်"

"ဟုတ်မယ် ထင်တယ်၊ ကိုယ်က စာအုပ်သိပ်မဖတ်တော့ မသိဘူး။ မျက်သွယ်က သိလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... သိတာပေါ့။ မျက်သွယ်က သူ့ဝတ္ထုတွေကို အရမ်းကြိုက်တာ၊ လူကိုလည်း ချစ်တာပဲ။ ဒါပေမဲ့ အပြင်မှာတော့ တစ်ခါမှ မမြင်ဖူးဘူး ...

ချောလိုက်တာနော်၊ ဟို ... ချောတယ်ဆိုတာထက် စမတ်ကို ဖြစ်နေတာပဲ"

"ဟား ... မိန်းကလေးချင်းတောင် ဒီလောက်ညွှန်းနေရသလား မျက်သွယ်ရယ်"

"အိုး ... မိန်းကလေးချင်းလည်း သူက သာမန်မိန်းမမှ မဟုတ်တာ။ ထားပါ ... ရုပ်ရည်လှပမှုက ကဏ္ဍတစ်ခုပါ။ ဒါပေမဲ့ သူ့စာတွေက အရမ်းရသမြောက်တာ ကိုရှားရဲ့။ ဖတ်လို့ သိပ်ကောင်းတယ် ...

ဝတ္ထုတိုလေးတွေ ဆောင်းပါးလေးတွေဆိုလည်း ဖတ်လို့အရမ်းကောင်းတယ်။ မျက်သွယ်ကတော့ သူ့ဝတ္ထုတိုစာအုပ်ထွက်ရင် အပိုင်ဝယ်ဖတ်တာပဲ"

"တော်တော်ကို crazy ပဲ"

"ဟုတ်တယ်။ သူ့ကိုတော့ crazy ပဲ။ မျက်သွယ် သွားနှုတ်ဆက်ဦးမယ်"





မျက်သွယ်က ပြောလည်းပြော ထလည်းထသွားသဖြင့် သူ့မှာ တားချိန်တောင် မရလိုက်တော့ပေ။ မျက်သွယ်သည် *သူမအနားသို့ ရောက်သွားကာ တစ်ခုခု ပြောလိုက်ဟန်တူသည်။* သူမက မော့ကြည့်ကာ မျက်သွယ်ကို ပြုံးပြသည်။ ပြုံးရင်းမှ တစ်ခုခုကို ဝန်ခံသည့်သဘောဖြင့် ခေါင်းညိတ်ပြသည်။

မြူ ပြုံးပြသည်မှာ သူ့ကို တိုက်ရိုက်ပြုံးပြခြင်းမဟုတ်ပါဘဲနှင့်ကို သူ့ရင်၌ ချမ်းမြေ့သွားခဲ့ရပါသည်။ မြူရဲ့အပြုံးသည် ဘာနဲ့မှ မထိသော အပြုံးမျိုးဖြစ်သည်။ ဆိုလိုတာသည် လူတစ်ယောက်ကို ခင်လို့၊ သနားလို့၊ ဝမ်းသာလို့ စသဖြင့်ပြုံးတဲ့ အပြုံးမျိုး မဟုတ်ပေ။

စားပွဲထိုးတစ်ယောက်ကို ပြုံးပြသော အပြုံးမျိုးနှင့် ရုပ်ရှင်မင်းသားတစ်ယောက်ကို ပြုံးပြသော အပြုံးမျိုးတို့ ထပ်တူညီသကဲ့သို့ ဘာမှခွဲခြားမထားသော အပြုံးသက်သက် အပြုံးသာ ဖြစ်လေသည်။

မြူသည် မျက်သွယ်ကို ဟက်ဟက်ပက်ပက်ပင် စကားတွေ ပြန်ပြောကာ မျက်သွယ်ကလည်း မြူ့စားပွဲမှာတောင်



www.burmeseclassic.com

www.burmeseclassic.com



ဝင်ထိုင်လိုက်သည့်အတွက် သူက မျက်ခုံးပင့်သွားရကာ အမြန်လိုက်ထလိုက်ရတော့သည်။ စားပွဲအနားသို့ ရောက်လာသောသူ့ကို မိန်းကလေးနှစ်ယောက်လုံးက ပြိုင်တူမော့ကြည့်ကြသော်လည်း သူကတော့ သူမရဲ့မျက်နှာကိုပဲ မြင်မိပါသည်။

သူ့ကိုတွေ့လိုက်သော သူမရဲ့မျက်ဝန်းများထဲတွင် အရောင်တစ်မျိုး ဖြတ်ပြေးသွားသော်လည်း ထူးထူးခြားခြား အံ့သြသွားတာမျိုးတော့ မရှိပါ။

"ကိုရှား ... ဆရာမက သိပ်သဘောကောင်းတာပဲ သိလား၊ မျက်သွယ်နဲ့ ဆရာမကို ဓာတ်ပုံတစ်ပုံလောက် ရိုက်ပေးပါလားဟင်"

"ဆရာမက ခွင့်ပြုဦးမှကိုး မျက်သွယ်ရဲ့"

သူက မျက်သွယ်ကိုသာ ပြောခြင်းဖြစ်သော်လည်း မျက်လုံးတွေကတော့ သူမ မျက်လုံးတွေထဲပဲ တည့်တည့်စိုက်ကြည့်ကာ ပြောလိုက်တာ ဖြစ်လေသည်။ သူမ မျက်လုံးထဲမှာ သူနှင့် မျက်သွယ်ကို တွေ့လိုက်ရတဲ့အတွက် ဘယ်လိုအရိပ်အယောင်တွေများ ဖြစ်နေမလဲ။





သို့သော် သူကပဲ အကဲမဖမ်းတတ်တာလား၊ သူမကပဲ ဘာခံစားချက်မှ မရှိတာလား၊ ဒီလိုကိစ္စမျိုးတွေမှာ ဆရာမကြီး ဖြစ်နေလို့လားတော့ မသိပါ။

သူမကတော့ တကယ့်ကို အေးအေးဆေးဆေးပဲ ဖြစ်ပါသည်။

"ခွင့်ပြုပါတယ်၊ ကိုထင်ရှားရဲ့ဖုန်းမှာ ကင်မရာပါတယ် မဟုတ်လား၊ ရိုက်လိုက်ပါ"

သူမရဲ့အပြောကြောင့် မျက်သွယ်က မျက်လုံးလေး ဝိုင်းသွားကာ ...

"ဟင် ... ဆရာမက ကိုထင်ရှားကို သိနေတယ်။ ကိုရှား ... ကိုရှားနဲ့ ဆရာမနဲ့က အသိတွေလားဟင်"

သူက အီလည်လည်နှင့်ပင် အင်း လုပ်လိုက်သော်လည်း သူမကတော့ နှုတ်ဖျားကနေ ထပ်မံအတည်ပြုပေးလိုက်သေးသည်။

"အသိတွေပဲ ဆိုပါတော့"

မျက်သွယ်က သူ့ကိုလှည့်ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဒါနဲ့များတောင် ကိုရှားကို မျက်သွယ်ကမေးတော့ ဟုတ်မယ် ထင်တယ်တဲ့။ သိပ်မသိဘူးတဲ့။ ကြည့်စမ်း ကိုရှားက အတည်ပေါက်နဲ့ လိမ့်လွှတ်တယ်"

သူက မျက်နှာကို ရှုံ့မဲ့မသွားအောင် ထိန်းထားရသော်လည်း သူမကတော့ ရယ်ရွှင်ရိပ်မြူးသည့် မျက်လုံးများဖြင့် သူ့ကို ရယ်ဟဟကြည့်ကာ သူမရဲ့ပစ္စည်းတွေကို အိတ်ထဲထည့်ပြီး သိမ်းဆည်းနေလေသည်။

"ဟယ် .... မျက်သွယ် စကားလာပြောလို့ ဆရာမစာရေးတာ အနှောင့်အယှက် ဖြစ်သွားပြီနဲ့ တူတယ်"

"မဖြစ်ပါဘူး၊ နှစ်နာရီထိုးပြီလေ၊ ပြီးသွားပါပြီ"

"ဩော် ... ဩော် ... တော်သေးတာပေါ့။ ကဲ ... ဒါဆိုလည်း ကိုရှား ဖုန်းနဲ့ပဲ ရိုက်ပေးလေ၊ လုလုလေးနော် ကိုရှား"

ဒီလိုနှင့်ပင် အင်းလျားရေပြင်ကို နောက်ခံထားလျက် သူမနှင့် မျက်သွယ်ကို သူက ဓာတ်ပုံရိုက်ယူလိုက်သည်။ ကင်မရာကို လှမ်းပြုံးပြနေသော သူမအပြုံးသည် လေပြည်နုနုနှင့် အပြိုင် လွှတ်လပ်သန့်စင်နေပါသည်။ ပြီးလျှင် သူမက မျက်သွယ်ကို





နှုတ်ဆက်သည်။ သူ့ကိုတော့ မျက်လုံးများနှင့်ပဲ အဓိပ္ပာယ်ပါပါ နှုတ်ဆက်ပါသည်။

နှုတ်ခမ်းများကို ချိုမြစွာပြုံးကာ ရိလဲ့စိုအိနေသည့် အကြည့်တို့ဖြင့် နူးညံ့စွာ ဖြားယောင်းနှုတ်ဆက်တတ်သော သူမကို သူက ဒီအတိုင်းတော့ ပြန်မသွားစေချင်ပေ။ ဆိုင်ထဲမှ ထွက်ခွာသွားသော သူမရဲ့ခြေလှမ်းဆယ်လှမ်းစာလောက် အရောက်မှ သူက အပြေးလိုက်သွားရင်း ...

"ဒီမှာ မြူ"

သူမက သူ လိုက်လာမှာကို ကြိုသိသည့်အလား အပြုံးနှင့် ဆီးကြိုလှည့်ကြည့်သည်။ သူသည် အမြဲတစေ အပြုံးတစ်မျိုးနှင့် ငြိမ်းချမ်းလွန်းနေသော သူမကို အနားမှ ခွဲမသွားချင်တော့လောက်အောင် မြတ်နိုးစွာ ချစ်မိလေသည်။

"ဟိုဒင်း ... လက်ချာတွေ တော်တော်များ လွတ်ကုန်ပြီလား မသိဘူး၊ အဲဒါ ပြန်ရှင်းပြပေးနိုင်မလား မသိဘူး"

သူ့ပါးစပ်က ဘာတွေထွက်သွားမှန်း သူ့ကိုယ်သူတောင် မသိချေ။ သူမက ဟာသအသစ်တစ်ပုဒ်ကို ကြားရသလိုမျိုး ဟက်ခနဲ ရယ်မောသည်။ ပြီးလျှင် သူ့ကို ရင်ခွင်ဆန်ဆန်



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းမျိုးဖြင့် ကြည့်လာလျှင် သူသည် မချင့်မရဲ ဖြစ်နေသော လေသံဖြင့် ...

"ခင်ဗျား တော်တော်နေနိုင်တဲ့ မိန်းကလေးပဲဗျာ၊ သင်တန်းကို တစ်ပတ်လောက် ပျက်ထားတဲ့ မိတ်ဆွေကို နေမကောင်းလို့လားတော့ တစ်ခွန်းတောင် မေးမော်မရဘူး"

"ရှင် နေကောင်းတယ်ဆိုတာ ကျွန်မ သိပါတယ်"

"ဘယ်လို ! "

"ရှင် မလာချင်တော့ဘူးလို့ ထင်လို့၊ ကျွန်မက တမင် မမေးတာပါ"

သူ့ရင်ထဲတွင် ဒီစကားကြောင့် လှပ်ခနဲ ဖြစ်သွားသည်။ သူမ ဘာအဓိပ္ပာယ်နှင့် ဒီစကားကို ပြောတာပါလိမ့်။ သူသည် သူမမျက်နှာကို တစ်ခါမှ မမြင်ဘူးသောလူလို ငေးကြည့်နေမိသည်။

"ဘ ... ဘယ်လိုကြောင့် ခင်ဗျားက အဲဒီလို ထင်ရတာလဲ"

"ကျွန်မကို မတွေ့ချင်တော့ဘူး ထင်လို့ပေါ့"

သူမရဲ့ တိုးတိတ်သော အပြောအောက်တွင် သူ့ခန္ဓာကိုယ်တစ်ခုလုံး လေဟာနယ်ထဲသို့ မျောသွားသလို ခံစားလိုက်ရပါသည်။ အဲဒီနောက် ငြိမ်သက်နေမိသော သူ့အနားမှ သူမက တိတ်တဆိတ် လှည့်ထွက်သွားသည်။

သူမရဲ့နောက်ကျောပြင်သည် သူ့မျက်လုံးထဲမှာ တဖြည်းဖြည်း ဝါးလာသည်။ လေကားထစ်များကို တက်နေသော သူမရဲ့ကျောပြင်လေးတွင် တစ်စုံတစ်ခု ချိတ်ပါသွားသည်ဟု သူထင်သည်။

ချက်ချင်းပဲ သူ့နှလုံးသားက သူ့ကို လက်ယပ်ခေါ်နေသလိုရှိသည်။ သူ့မျက်လုံး၊ သူ့အသိဉာဏ်ထဲတွင် သူမနှင့်စတင်ဆုံစည်းခဲ့သော ဖေဖော်ဝါရီ(၁၄)ရက်ကို ပြန်လည်မြင်ယောင်ပြီး လာသည်။ အဲဒီအချိန်တွင် သူ့ခေါင်းထဲ၌ သူမနှင့် ပတ်သက်သည့် စိုးရိမ်ကြောင့်ကြမှုတွေ၊ မယုံကြည်မှုတွေ၊ ဝေခွဲမရမှုတွေဆိုတာ ဘာတစ်ခုမှ မရှိတော့။

သူမကိုချစ်သည့် အချစ်စိတ်တစ်ခုအား ဖွင့်ဟဝန်ခံလိုစိတ်သာ ရှိနေခဲ့ပါသည်။

"မြ"

သူမရဲ့အနားသို့ ရောက်သွားကာ တိုးတိုးခေါ်လိုက်သံသည် အိပ်မက်ထဲက အသံလိုပဲ ရင်ခုန်နှုန်း တုန်ခါသွားစေ





www.burmeseclassic.com

www.burmeseclassic.com



သည်။ သူမက သူ့ဘက်သို့ မျက်နှာချင်းဆိုင် လှည့်ကြည့်သည်။ တဆတ်ဆတ်တုန်နေသော သူ့နှုတ်ခမ်းများကို သူမက အားပေးသလို ပြုံးပြလာလျှင် သူဟာ ဘယ်လိုမှ ခံနိုင်ရည်စွမ်းအား မရှိတော့ပေ။

"ခင်ဗျား ... ခင်ဗျားကို ကျွန်တော် ချစ်မိနေပြီ အဲဒါ ..."

သူက စိတ်လှုပ်ရှားလွန်းစွာဖြင့် နှုတ်ခမ်းကို လျှာနှင့် တစ်ချက်သပ်လိုက်မိသေးသည်။ ဘုရား ... ယောက်ျားတွေကို ရည်းစားတောင် မတော်ဘဲ ပညာပြလွှတ်တတ်တယ်ဆိုတဲ့ မိန်းမတစ်ယောက်ကို ငါ ချစ်စကား သွားပြောနေမိပြီ။

သူမ ... သူမ ကျွန်တော့်ကို ဘာပြန်ပြောတော့မှာလဲ။ ဒီနေရာမှာပဲ ကျွန်တော့်နှလုံးသားကို တစ်ချီတည်းနဲ့ အလဲထိုးခံတော့မှာလား။

သူက ခံစားရလွန်းသော မျက်ဝန်းများဖြင့် သူမကို အသက်မရှူစတမ်း ကြည့်မိလျှင် သူမက သက်ပြင်းတစ်ချက် ချကာ တစ်ခုခု ပြန်ပြောဖို့ပြင်သည်။

မဖြစ်နိုင်ပါဘူး ကိုထင်ရှား၊ အဲဒီလို သူမ ငြင်းတော့မယ်။ ရက်စက်တော့မယ်။





"ရှင်ဟာ ကျွန်မဘဝမှာ ပထမဆုံး သက်ပြင်းချရတဲ့ ယောက်ျားတစ်ယောက်ပါ"

သူမရဲ့စကားကို ရုတ်တရက် သူ နားမလည်ပေ။ သူမက ဘယ်လိုကဗျာဆန်တဲ့ စကားလုံးတွေနဲ့ သူ့ကို ဒဏ်ရာဆွ ပေးမလို့ပါလိမ့်။

"မြူ ... ကျွန်တော် ခင်ဗျားကို တကယ်ချစ်ခဲ့တာပါ"

"ကျွန်မလည်း အဲဒီလိုပါပဲ"

သူက ရုတ်တရက် နားထွေးသွားကာ ဝေခွဲမရဖြစ်နေဆဲမှာပဲ သူမက အသာလှည့်ထွက်သွားသည်။

"မြူ ... ခင်ဗျား ဘာပြောခဲ့တာလဲ"

သူမက သူ့ကို အသာငဲ့ကြည့်ကာ လှောင်ပြုံးတစ်ခုဖြင့် ...

"ရှင့်ကို ချစ်ရတာ တကယ်မမိုက်ဘူး"

သူသည် ဟာခနဲဖြစ်သွားကာ ပါးစပ်အဟောင်းသားကို တော်တော်နှင့် မပိတ်နိုင်ချေ။ နေရာမှာတင် ငုတ်တုတ်မေ့ကာ ကျန်ရစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မယုံနိုင် ... လုံးဝမယုံနိုင်။ ဒီနေရာမှာ သူမက ..
ကို ချစ်တယ်လို့ ပြောသွားတာကို သူ မယုံနိုင်ချေ။

သူမ သူ့ကို တကယ်ချစ်တာလား၊ ဒါမှမဟု..
နောက်သွားတာလား။ သူဟာ သူမနှလုံးသားကို ဆွဲဆောင်နိုင်..
လူတစ်ယောက် ဖြစ်နေလို့လား။

သူသည် မေးခွန်းများစွာနှင့် ရတ်တရက် ခြေဖျ..
လက်ဖျားတွေ အေးစက်လာတဲ့အထိ သူမရဲ့ အဖြေစကားတစ်ခွ..
အတွက် ရှောရနေခဲ့ရလေသည်။

ကျေးဇူးပြုပြီး တကယ်ချစ်ပေးပါ ချစ်သူရယ်။

❤ ❧ ❤





သူသည် သူမနှင့် ချစ်သူဖြစ်ခဲ့တာ တစ်လပြည့်တဲ့အထိ သူမနှင့် ချစ်သူဖြစ်လာရသော အဖြစ်အပျက်ကို မယုံနိုင်သေးချေ။ အိပ်မက်တစ်ခုလိုပဲ ခံစားရတုန်း ဖြစ်ပါသည်။ သို့သော်လည်း မယုံတာက မယုံတာသပ်သပ် ဖြစ်သလို သူမကို ချစ်တာကလည်း ချစ်တာသပ်သပ်ဖြစ်သည်။ တစ်ခါ တစ်ခါမှာ အိပ်မက်လိုပဲ ခံစားရသလို တစ်ခါ တစ်ခါမှာတော့လည်း ကိုယ့်ချစ်သူဟူသော အသိဖြင့် ကြည်နူးလှိုက်ဖြာသော အသိကိုလည်း ခံစားရပါသည်။

ဒီနေ့တော့ သူမနှင့် ချစ်သူဖြစ်တာ တစ်လပြည့်အထိမ်းအမှတ်အဖြစ် သူက ညစာစားပွဲလေးတစ်ခု လုပ်ခဲ့သည်။ သူမက ကိုယ့်အစီအစဉ်နှင့်ကိုယ် သပ်သပ်လာမည်ဖြစ်လေရာ သူက မျှော်တလင့်လင့် ဖြစ်ခဲ့သည်။ ညနေခြောက်နာရီမှာ ချိန်းထားသည့်



www.burmeseclassic.com

www.burmeseclassic.com



မို့ ခြောက်နာရီထိုးခါနီးလေလေ သူ့ရင်ခုန်နှုန်းတွေက ပို၍မြန်လာလေလေပဲ ဖြစ်လေသည်။

သူမ ဘယ်လောက်များ လှပနေမှာပါလိမ့်။ သူသည် ချစ်သူအချော့အလှကို ဂုဏ်ပြုဖို့အတွက် လှပလွန်းသော သစ်ခွပန်းစည်းကြီးကိုတောင် အဆင်သင့် ပြင်ဆင်ထားသေးလေသည်။ အဲဒီအချိန်မှာပဲ သူ့မြင်ကွင်းထဲသို့ အကျည်းတန်သော ပုံရိပ်တစ်ခုက တိုးဝင်လာခဲ့တာဖြစ်သည်။ အဲဒါကတော့ သူမနှင့်အတူ ဒေါက်တာစစ်လင်း ဆိုသောလူကိုပါ အတူတွဲဝင်လာတာကို မြင်တွေ့လိုက်ရတာ ဖြစ်လေသည်။

တစ်ချိန်လုံး ရင်ခုန်နှုန်းနှင့်အတူ ငြိမ့်ညောင်းလာသော နှလုံးသားဟာ အမြင့်တစ်နေရာမှ ပြုတ်ကျသွားသလို ဟာခနဲ ဖြစ်လို့သွားလေသည်။

သူမ ဘာသဘောနဲ့ ဒီလိုလုပ်ရတာလဲ။ ချစ်သူနှစ်ယောက်တည်း ကြည်နူးစွာ ကျင်းပမယ့် ညစာစားပွဲမှာ ဒီလူက ကန့်လန့် ကန့်လန့်နဲ့ ဘာလုပ်ဦးမှာလဲ။ သူမေးသော မေးခွန်းတွေကို သူ့ကိုယ်သူ ပြန်မဖြေနိုင်ဘဲ ရှိနေတုန်းမှာပဲ သူမကအနားသို့ ရောက်လာပါသည်။





သိပ်အကင်းပါးလွန်းသော သူမသည် သူ့မျက်နှာကို တစ်ချက်ကြည့်လိုက်တာနဲ့ သူ ဘာဖြစ်နေတယ်၊ ဘာပြောချင်တယ် ဆိုတာကို သဘောပေါက်သွားပုံရသည်။

(အဲဒီအရည်အချင်းကိုတော့ သူ တော်တော်ပဲ သဘောကျပါသည်။)

"ရောက်နေတာ ကြာပြီလား"

သူမက အပြုံးနှင့်နှုတ်ဆက်ပြီး စမေးသည်။ သူသည် ခေါင်းတစ်ချက်သာ ဆတ်ပြမိပြီး ရင်ထဲက ဒေါသအလိပ်လိုက်ကို မျိုချနေရသည်။ လောကမှာ ပွင့်ထွက်ချင်သော အရာတစ်ခုကို ချုပ်တီးထားရတာလောက် ပင်ပန်းသောကိစ္စ မရှိဘူးဟု သူ ထင်ပါသည်။

သူသည် ရိုင်းတယ်ပဲဆိုဆို သူမရဲ့အဖော် ဒေါက်တာစစ်လင်းကို အားနာပါးနာနဲ့တောင် ထိုင်ပါဟု မဖိတ်ခေါ်မိချေ။ စိတ်ထဲမှာလည်း ဒီလောက် မျက်နှာပြောင်တဲ့ ဆရာဝန်ကို မမြင်ဖူးဘူးဟု တွေးနေမိသေးသည်။

နေဦး ... မျက်နှာပြောင်တယ် ဆိုတာထက် မြူ့အပေါ်မှာ ဒီလောက်ဂရုစိုက်နိုင်တာ၊ မျက်နှာပြောင်မှန်း သိပါရက်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ကို မြူ့အတွက်နဲ့ဆို ဘာပဲဖြစ်ဖြစ် ပေးဆပ်နိုင်တဲ့ စိတ်ထားမျိုးကို သူက မနှစ်မြို့နိုင်တာပဲ ဖြစ်လေသည်။

"မြူ ဘယ်နှနာရီလောက် ပြီးမလဲ"

သူက ဆရာဝန်၏ စကားသံကြောင့် မြူ့ကို လှည့်ကြည့်မိသည်။

မြူက သူ့ကိုကြည့်မနေပါ။ လက်ကနာရီကို တစ်ချက်ကြည့်လျက် ဆရာဝန်ကို မော့ကြည့်ကာ ...

"ခုနစ်နာရီလောက်ပေါ့၊ နောက်ကျလည်း ရပါတယ်"

"အိုကေ ... အိုကေ ... အေးအေးဆေးဆေးပဲ စားကြပါ။ ကိုထင်ရှား ... ကျွန်တော့်ကို ခွင့်ပြုပါဦး"

"ဪ ... ဟုတ် ..."

သူက နားမလည်ခြင်းများစွာနှင့်အတူ ယောင်နနဖြင့် ခေါင်းညိတ်ပြလိုက်ရသည်။ ဒါပေမဲ့ ဒီလူနှင့် အတူလာတာကို သူက မကျေနပ်နိုင်တော့ပါ။

သူမ ရောက်လာတာကို လက်ကမ်းကြိုကာ ထိုင်ခိုင်းမည်။ နောက် ပန်းစည်းကြီး ပေးအပ်မည်။ သိပ်ချစ်တာပဲ မြူရယ်ဟု တိုးတိုးလေး ကပ်ပြောမည်။





ပြီးတော့ ... ကိုယ့်ကိုချစ်လားဟု မေးမည် စသဖြင့် သူ့စိတ်ကူးထဲတွင် ကြိုတင်ကြံစည်ထားသော ကိစ္စမှန်သမျှ ဘာကိုမှ အကောင်အထည် မဖော်နိုင်တော့ချေ။

"ဘာလဲ ... စိတ်ကူးယဉ်တာတွေ ပျက်စီးသွားလို့ စိတ်ကောက်နေတာလား"

သူက ပြုံးပြုံးလေး လှည့်မေးလာသော မြူ့ကို ဒေါသတကြီး စိုက်ကြည့်မိသည်။ ပြီးလျှင် သက်ပြင်းကို ဟင်းခနဲမြည်အောင် ဆောင့်အောင့်၍ ချပစ်လိုက်လေသည်။ မြူသည် သူ့ကို တစ်ချက်လောက် စိုက်ကြည့်လိုက်တာနှင့်ကို သူ ဘာဖြစ်နေသလဲဆိုတာ သိတာကိုတော့ တကယ်ပဲ ကြည်နူးသည်။ သို့သော် ကြည်နူးပြီးတော့ ကြေကွဲရလေသည်။

သူ ဘာဖြစ်နေလဲ ဆိုတာတောင် သိသောသူသည် သူ ဘယ်လိုခံစားရမလဲ ဆိုတာလည်း မ[illegible]ဲနေမှာ မဟုတ်ချေ။ ဒါနဲ့များတောင် ...

"မြူ ... မင်း ဒီလောက် လုပ်ရက်လိမ့်မယ်လို့ ကိုယ် တကယ်မထင်ဘူး၊ မင်း ဒီလိုလုပ်လာရင် ကိုယ် ခံစားရ



www.burmeseclassic.com

www.burmeseclassic.com



မှာကို သိသိကြီးနဲ့ ဒီလိုလုပ်လာတာ မင်းမှာ အပြစ်ရှိလား မရှိဘူးလား ဒါပဲဖြေ"

"အပြစ်မရှိဘူး"

သူမက ရေဖန်ခွက်ကို ယူသောက်ရင်း အေးအေးဆေးဆေးပဲ ဖြေလေသည်။ သူသည် ဆံပင်ကို ဖရန့်ချ်ရိုးထုံးထားကာ လုပသော ဂါဝန်ရှည်ကို ဝတ်ဆင်ထားသော မိန်းမကို ဒီတစ်ခါလောက် ရုပ်ဆိုးတဲ့နေ့ မရှိဘူးဟု ထင်လေသည်။

"ကျွတ် ... မင်း ဘုရားစူး မိုးကြိုးပစ် စာရေးဆရာမပဲ။ ဘာခံစားချက်မှ မရှိဘူး"

"ဘာဖြစ်လို့ ဒေါသတွေ ကြီးနေရတာလဲ ထင်ရှားရယ်။ ကိုကြီးက ကျွန်မတို့နဲ့တူ ညစာစားမှာလည်း မဟုတ်ဘူး။ အမှန်အတိုင်း ပြောရရင် ကျွန်မကတောင် သူ့ကို ညစာစားဖို့ ခေါ်သေးတယ် ...

သူက အားနာလို့ မစားတာ"

"ဩော် ... ငါကပဲ သူ့ကို ကျေးဇူးတင်ရဦးမယ့်ပုံပေါ့၊ ဟုတ်လား"





"အဲဒီလို မဆိုလိုပါဘူး။ ဒါ ကျွန်မတို့နှစ်ယောက်ရဲ့ပွဲပဲလေ၊ သူက ကျွန်မရဲ့မိတ်ဆွေပဲ၊ ကျွန်မက မကျွေးသင့်ဘူးလား ...

သူများတွေလည်း ဒီလိုနေ့မျိုးမှာ သူငယ်ချင်းတွေကို မုန့်ကျွေးတာမျိုးတွေ ရှိကြတာပဲ မဟုတ်လား။ ဖြောင့်ဖြောင့်တွေးစမ်းပါ"

"ဒီမှာ မြူ။ မင်းရဲ့ရှိရှိသမျှ မိတ်ဆွေအပေါင်းအသင်း၊ မင်းရဲ့တစ်နိုင်ငံလုံးက ပရိသတ်တွေကိုပါဖိတ်ပြီး ဆီဒိုးနားမှာ တစ်လပြည့် Anniversary အတွက် ကျွေးချင်သလား ...

ကိုယ်ကျွေးနိုင်တယ်။ ဒါပေမဲ့ ဒီလို အထူးစပါယ်ရှယ်မျိုးတော့ မင်း လုပ်စရာမလိုဘူး"

သူမက သူ့မျက်ဝန်းတွေထဲသို့ တစ်ခဏမျှ ငေးမော၍ကာ မျက်လွှာချသွားသည်။ အဲဒီလို အလျှော့ပေးလိုက်သော ပုံစံသည် စကားလုံးပေါင်းများစွာနှင့် အော်ဟစ်ရန်တွေ့တာထက် သူ့ရင်ကို နာကျင်စေသည်။ သူမ မျက်နှာမကောင်းတော့လည်း သူ မပျော်ပိုက်နိုင်ပေ။ စိတ်လည်း မကောင်းပါ။ သူ့ဒေါသတွေသည် သူမရဲ့ မျက်လွှာတစ်ချက်အောက်မှာတင် ကျဆုံးအရည်ပျော်ကျလို့ သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မကျေနပ်တဲ့စိတ်ကတော့ ကျန်တုန်းပဲ ဖြစ်သည်။

"မင်း ကိုယ့်ကို ဘာလို့ နည်းနည်းလေးမှ မငဲ့ညှာရတာလဲ မြူ။ မင်းကို ကိုယ် ဘယ်လောက်ချစ်တယ်ဆိုတာ မင်း မသိဘူးလား ...

ဘယ်ယောက်ျားနဲ့မှ မင်းကို အတူတွဲ မတွေ့ချင်ဘူး လေ၊ အဲဒါကို မင်း ဆင်ခြင်မပေးနိုင်ဘူးလား"

"သူက တခြားယောက်ျားမှ မဟုတ်တာ။ ကျွန်မ ငယ်ငယ် လေးတည်းက ချိုပိုးထိန်းကျောင်းလာတဲ့သူ။ အခုထိ ရှင် မနမ်းရသေးတဲ့ ပါးပြင်ကို ငယ်ငယ်တုန်းက ခဏခဏ နမ်းရှိုက်ဖူးခဲ့တဲ့သူ။ အဲဒီလို လူတစ်ယောက်ကို ရှင် သဝန်တိုစရာ ဘာအကြောင်းမှ မရှိဘူး ထင်ရှား"

"ဘာလဲ မြူ မင်းက သူ့ကိုထိလို့ နာနေတာလား"

"ကျွန်မဘဝမှာ တခြားတစ်ယောက်အတွက် ကြားထဲက ဝင်နာပေးတဲ့ထုံးစံ မရှိဘူး။ ကျွန်မ ရှင့်ကို ပြောပြနေတာပဲ ရှိတယ်"





"ကျွတ် ... ဒါဆို နေပါဦး။ သူက ညစာစားဖို့ လိုက်လာ တာလည်း မဟုတ်ဘဲနဲ့ ဘာကြောင့် မင်းနဲ့အတူ ပါလာ ရတာလဲ။ မင်းကို လိုက်ပို့တာလား။ မင်း ကားမမောင်း နိုင်ရင်လည်း ကိုယ့်ကို ဖုန်းဆက်ခေါ်လို့ ရတာပဲ ...

ကိုယ်က မင်းရဲ့ တရားဝင်ချစ်သူ မဟုတ်ဘူးလား မြူ မင်း ကိုယ့်ဘက်ကိုလည်း ငဲ့ကြည့်ပေးပါဦး"

သူမက သူ့ကို ငေးငေးလေး ပြန်ကြည့်ကာ သက် ပြင်းတစ်ချက် ရှိုက်သည်။ သူမကို သက်ပြင်းချအောင် လုပ်နိုင် သူအဖြစ် အခုချိန်၌ သူ ဂုဏ်မယူနိုင်တော့ပေ။ သူမ ချသော သက်ပြင်းတွေထက် သူက အဆတစ်ထောင်လောက် စိတ်ပင်ပန်း ဆင်းရဲရ၍ ဖြစ်ပါသည်။

"ကျွန်မ ရှင့်ကို ချစ်ပါတယ် ထင်ရှား။ ကျွန်မ နှလုံးသား က ရှင့်တစ်ယောက်တည်းကိုပဲ ချစ်ခဲ့ဖူးတာပါ ...

ကျွန်မ မလိမ်တတ်ဘူး။ ရည်းစား လေးယောက် ထားခဲ့ဖူးတယ်၊ ဘွိုင်းဖရန့်တွေ ရှိခဲ့တယ်။ ဘယ်တစ်ယောက် ကိုမှ မချစ်ခဲ့ဘူး။ ဘယ်သူ့အတွက်မှလဲ သက်ပြင်းမချခဲ့ ဖူးဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ရှင့်အပေါ်မှာ ခိုင်မာတဲ့ အချစ်တစ်ခုကို ပေးပြီးပြီပဲ။ အဲဒါနဲ့တင် မကျေနပ်ဘူးလား"

"ကိုယ်မှ မခံစားနိုင်တာပဲ မြူ။ ကဲ ... ဒီအချိန်မှာ ကိုယ့်ရဲ့မိန်းကလေး သူငယ်ချင်းတစ်ယောက်ကို ခေါ်လာမယ်ဆိုပါစို့ ...

မင်း ကျေနပ်နိုင်မှာလား ... ပြော"

"ကျွန်မ ကျေနပ်ပါတယ်၊ ကျွန်မက ရှင့်ချစ်သူ သူက ရှင့်သူငယ်ချင်းပဲလေ"

သူက သူမကို မကျေမနပ်နှင့် စိုက်ကြည့်ရင်း ကျွတ်ခနဲ စုတ်သပ်လိုက်သည်။ သူမက သူ့ကို နှစ်သိမ့်သောမျက်ဝန်းများဖြင့် ကြည့်လာကာ ...

"ရှင် စိတ်ချချနေစမ်းပါ ထင်ရှားရယ်၊ နောက်ကိုလည်း ကိုကြီးနဲ့ ဘယ်တော့မှ သဝန်မတိုလေနဲ့၊ ကျွန်မနဲ့သူနဲ့ ဖြစ်ချင်မှဖြစ်ရှင်နဲ့တွေ့လာစရာအကြောင်းတောင် မရှိဘူး ...

အခုနက ရှင်လုပ်ပုံဟာ ကျွန်မကို သိပ်မျက်နှာပူစေတာပဲ"





"ဒါက မင်းကိုကြီးကို ဘာလုပ်နေလို့လဲ၊ ထွက်သွားလို့ပြောနေလို့လား"

"ရှင် လှမ်းကြည့်လိုက်တဲ့ အကြည့်က အဲဒီလို ပြောတာထက် အများကြီးဆိုးတယ်ရှင့်။ လူကြီးလူကောင်းဆန်စမ်းပါ ထင်ရှားရယ်"

သူက နှုတ်ခမ်းကို တစ်ချက်မဲ့ရင်းမှ ...

"မင်းနဲ့ ပတ်သက်လာရင်တော့ ကလေးကချေ ဆန်ဖို့လည်း ဝန်မလေးဘူး မြူ။ တကယ်ဆိုးတဲ့ မိန်းမ ... မင်းက"

သူ့ရဲ့ ပွစိ ပွစိ အပြောကို သူမက အသာအယာပဲ ရယ်မောနေပါသည်။ သူမရဲ့ ရယ်သံလေးသည် ခက်ထန်နေသော သူ့နှလုံးသားကို ချော့မြူနေသလိုရှိကာ တဖြည်းဖြည်းနှင့် ငြိမ့်ညောင်းလို့လာသည်။ သူမက သူ ဒေါသထွက်လျှင် ဘယ်တော့မှ ဒေါသနှင့် ပြန်မရှင်းတတ်ချေ။

သူမသာ ဒေါသတကြီး တုံ့ပြန်ပါက သူတို့နှစ်ယောက်၏ အခြေအနေမှာ ဒီထက်တင်းမာဖို့ပဲရှိမည်။ ဒေါသလည်း မရှိ။ အလျှော့ပေးခြင်းလည်း မပါသော သံတမန်ဆက်ဆံရေးကို စနစ်တကျ သင်ထားသည့်အလား ကျွမ်းကျင်လွန်းလေသည်။



www.burmeseclassic.com

www.burmeseclassic.com

"ထင်ရှား ... ထင်ရှား ... ဘဝမှာ သိပ်စိတ်ကူးမယဉ်နဲ့ သိလား၊ စိတ်ကူးတွေ ပြိုပျက်သွားရင် သိပ်ခံစားရတတ်တယ် ...

ရှင့်ကို ခံနိုင်ရည်ရှိအောင် လေ့ကျင့်ပေးရဦးမယ်"

"ဘာလဲ ... အခု မင်းက ကိုယ့်ကို စာသင်ပေးနေတာလား။ လာမလုပ်နဲ့နော် ဝါသနာမပါဘူး"

သူမက သူ့ကို ချစ်စနိုးဟန်ဖြင့် ပြုံးကြည့်လျှင် အဲဒီအကြည့်အောက်မှာတင် သူ့နှလုံးသား တစ်ခုလုံး အရည်ပျော်သွားသည်။

"ကဲ ... လူကို ရောက်တည်းက ဆူပူနေပြီး ဘာမှလဲ မကျွေးသေးပါလား။ ဟိုပန်းစည်းကလည်း ကျွန်မကိုပေးမှာမဟုတ်လား။ ရည်ရွယ်ထားပြီးရင် ပေးတော့လေ"

သူက သူမကို မြတ်နိုးစွာ ငေးစိုက်ရင်းမှ ဘယ်လိုမှ မခွဲနိုင်တော့ဘူးဆိုတာ အတိအကျ သေချာလို့ သွားခဲ့လေသည်။ မြူသာ သူ့ဘဝကြီးထဲမှာ မရှိတော့ဘူးဆိုရင် သူ သေသွားနိုင်တယ်။





"မြူ အပြန်ကျရင် မြူ့ကို ကိုယ်လိုက်ပို့ပေးမယ်၊ ဟိုလူ့ကို လာမကြိုနဲ့တော့လို့ ဖုန်းဆက်ပြောလိုက်"

"သြော် ... ထင်ရှားကလည်းလေ။ ဒီလောက် လမ်းကြုံနေတဲ့ဟာကို၊ ကိုကြီးက ဒီနားက သူ့ဆရာတစ်ယောက်ဆီကို ဝင်နေတာပါ"

"မြူ ... ဒီလောက်လေးတောင် ကိုယ့်ကို မလိုက်လျောနိုင်ဘူးလားကွာ၊ အခုနက မင်းကြောင့် ပြိုကျသွားရတဲ့ စိတ်ဓာတ်ကို မင်း ဒီအတိုင်း ပစ်ထားတော့မှာလား ...

ကိုယ့်မျက်စိရှေ့မှာ ကိုယ်ချစ်သူက တခြားယောက်ျားတစ်ယောက်နဲ့ အတူတွဲပြန်သွားတာမျိုး ကိုယ် ဘယ်လိုမှ ကြည့်မနေနိုင်ဘူး ...

မင်းကို ကိုယ် ပြန်ပို့ပေးမှ ဖြစ်မှာ မြူ။ ပြီးတော့ ဒီည မင်းနဲ့အတူတူ ကိုယ် ဘုရားတက်ချင်သေးတယ်"

"ဘုရားတက်မယ် ! "

သူမက မျက်လုံးလေးဝိုင်းကာ သံယောင်လိုက်ရွတ်လျှင် သူက ကျေနပ်သောစိတ်ဖြင့် ခေါင်းညိတ်ပြုံးပြလိုက်ရင်း ...


www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် … ကိုယ်တို့ အတူတူ တစ်ခါမှ ဘုရားမတက်ဖူးသေးဘူးလေ။ ဒီနေ့တော့ အမှတ်တရ အနေနဲ့ တက်ကိုတက်မှ ဖြစ်မှာ …

ဘုရားမှာ မင်းနဲ့အတူတူ ဆုတောင်းမယ်။ ဘုရားဖူးမယ်။ ဘယ်လောက်ကောင်းလဲ။ ကဲ … ကဲ … ဒေါက်တာကြီးဆီ မြန်မြန် ဖုန်းဆက်လိုက်၊ လာမကြိုနဲ့တော့လို့၊ အားလည်းနာတယ်၊ ကျေးဇူးလည်း တင်တယ်လို့၊ ဟုတ်ပြီလား"

မြူသည် သူ့အပြောကို အနည်းငယ်ပြုံးကာ ခေါင်းကို ခါယမ်းရင်းလက်တွေကတော့ လက်ကိုင်ဖုန်းခလုတ်တချို့ကို နှိပ်ခေါ်နေတာတွေ့လျှင် သူသည် "ငါကွ"ဟု လက်ခမောင်းထခတ်ချင်စိတ်ပင် ပေါက်သွားလေသည်။

အဲဒီနောက်မှာတော့ သူဟာ လိုချင်တာရသွားသော ကလေးငယ်တစ်ယောက်လိုပင် ပျော်ရွှင်မှုတွေက တရိပ်ရိပ်တက်လာလျက် မြူနှင့်အတူတူ ညစာစားသည်။

မြူ သောက်မည့်ရေကို သူကိုယ်တိုင် ငှဲ့ပေးသည်၊ တချို့ အသားတွေကို ခွဲ့ကျွေးသည်။ မြူကို ဘယ်လိုချစ်မှန်းမသိ





အောင်ကို ချစ်ရတာဖြစ်ပါသည်။ အဲဒီနောက် မြူရဲ့လက်ကလေးကိုတွဲကာ ရွှေတိဂုံဘုရားသို့ တက်သည်။

ရွှေရောင်အတိဖြင့် ဝင်းအိသပ္ပာယ်နေသော ဘုရားကြီးရဲ့အရိပ်သည် သူ့ရင်တစ်ခုလုံးအား တစ်မုဟုတ်ချင်း ငြိမ်းအေးလို့ သွားစေပါသည်။

ဘုရားကို အတူတူဝတ်ချပြီးသောအခါ သူက မြူဘက်သို့ လှည့်ကြည့်မိသည်။ မြူက သူ့ကို နားလည်စွာပဲ ပြုံးပြလို့ လာသည်။ သိပ်မြတ်နိုးစရာကောင်းတဲ့ မိန်းမချောလေး။

"ကိုယ်တို့ ဘယ်တော့မှ မခွဲဘူးနော်"

မြူက သူ့စကားကို အခုနပြုံးတာထက် ပါးနှစ်ဖက်ခွက်ဝင်သွားအောင်ပင် ပြုံးကာ တစ်ဖက်သို့ လှည့်သွားသည်။ သူ မေးတာကို မဖြေပါ။

သူသည် ထိုပုံစံကို မချင့်မရဲဖြင့် အသည်းတယားယား ရှိသော်လည်း ဘုရားပေါ်မှာ ဖြစ်နေ၍ အောင့်အည်းထိန်းချုပ်ထားလိုက်ရသည်။

မြူက ဘာဆုတောင်းလဲ မသိရပေမယ့် သူကတော့ ရင်ထဲမှ တကယ့်ဆန္ဒစစ်တစ်ခုကို ဆုတောင်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရား ... တပည့်တော်တို့ နှစ်ဦးသား ဘယ်တော့မှ မခွဲပါရစေနဲ့ ဘုရား"

သူသည် မြူ့ကို အဲဒီလောက်ထိ ချစ်ခဲ့ပါသည်။ (အသည်းနင့်စွာ ...)။





မြူသည် ညလုံးပေါက် စာထိုင်ရေးနေခဲ့ပြီး တစ်ရေးမှ မအိပ်ရသေးသော်လည်း လန်းဆန်းလို့ နေပါသည်။ နာရီကိုကြည့်လိုက်လျှင် မနက်ငါးနာရီ ထိုးလုပြီ။ မြူက မျက်နှာသစ်ပြီးတဲ့နောက်တွင် တီရှပ်တစ်ထည်နှင့် အားကစားဘောင်းဘီနက်ပြာရောင် ဘေးလိုင်းစင်းအဖြူပါသော ဝတ်စုံကို ခပ်သွက်သွက်လဲလှယ်ဝတ်ဆင်ပြီးတဲ့နောက် ပေါ့ပါးသော ခြေလှမ်းများဖြင့် ခြံထဲသို့ ဆင်းခဲ့သည်။

အဲဒီနောက် ခြံတံခါးကို ပြန်ပိတ်၊ ခြံထိပ်က အုတ်ခုံလေးမှာ သုံးမိနစ်လောက်ပဲ ထိုင်ရသေးသည်။ တစ်ဖက်ခြံမှ ခြံတံခါးက ကျွီခနဲပွင့်လို့လာကာ လူတစ်ယောက် ထွက်လာလျှင် မြူက လက်တစ်ဖက်ပြလျက် ရွှင်ရွှင်လန်းလန်း နှုတ်ဆက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို … ကိုကြီး၊ ဂွတ်ဒ်မောနင်း"

"ဟော … မြူ။ မောနင်း မောနင်း … ဘယ်သွားမလို့လဲ"

ကိုကြီးက မြူ့ကို ရွှင်ရွှင်လန်းလန်းပဲ နှုတ်ဆက်လျှင် မြူသည် ညကကိစ္စကို ကိုကြီးအား အားနာစွာဖြင့် မျက်နှာပူမိသည်။ မနက်အိပ်ရာနိုးကာစ ကိုကြီးရဲ့ မျက်နှာသည် လန်းဆန်းနုးညံ့ကာနေသည်။ မြူက ကိုကြီးရဲ့အနားသို့ လျှောက်လာခဲ့ရင်းမှ …

"ဘယ်သွားရမှာလဲ၊ ကိုကြီးနဲ့ အတူတူ လိုက်ပြီးလမ်းလျှောက်မလို့လေ"

"ဟုတ်လား … အစောကြီး နိုးနေတာလား"

ကိုကြီးက လမ်းစလျှောက်ရင်းမှ မေးလျှင် မြူက ဆောင်းလာသော ကက်ဦးထုပ်ကို လက်နှစ်ဖက်နှင့်ကိုင်လျက် ဟက်ခနဲ ရယ်မိသည်။ ကိုကြီးက ကျန်းမာရေးလိုက်စားသူပီပီ မနက်တိုင်း လမ်းလျှောက်တတ်သူ ဖြစ်သည်။ မြူသည်လည်း ကိုကြီးနှင့်အတူတူ သုဝဏ္ဏအားကစားကွင်းကြီးတစ်ပတ် လမ်းလျှောက်ရတာကို အတော်နှစ်သက်ဖူးသည်။





သို့သော် မြူက စာရေးတာ ညဉ့်နက်သဖြင့် မနက်စောစော မထနိုင်တော့လေရာ တစ်ခါတလေ ဝတ္ထုရေးတာနားထားသော အချိန်မျိုးတွေသာ လျှောက်ဖြစ်တော့လေသည်။

"ဘာလဲ … တစ်ညလုံး မအိပ်ဘူးနဲ့တူတယ်၊ ဟုတ်လား"

မြူက ငြိမ်ပြီးပြုံးနေ၍ ကိုကြီးက အတပ်သိစွာနှင့် မေးလာခဲ့တာဖြစ်သည်။ ကိုကြီးက မြူ့ကို ပုပုပင်ပင်နှင့် လှည့်ကြည့်ကာ …

"မြူရယ် … အဲဒီလို မလုပ်နဲ့လို့ ကိုကြီး ပြောထားတယ်လေကွာ။ အဲဒါဟာ လုံးဝမကောင်းဘူးနော်၊ လုံးဝမကောင်းတဲ့အကျင့်၊ သိလား …

လူဆိုတာ အသိဉာဏ်ရှိရတယ် မြူ၊ ကိုယ့်ကျန်းမာရေးကိုယ် စောင့်ရှောက်နိုင်ရမယ်။ မြူ့အနုပညာဟာ အနုပညာပဲ။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် နှိပ်စက်တဲ့ အနုပညာတော့ မဖြစ်ရဘူး"

မြူက ဆူဆူပူပူ ပြောနေသောကိုကြီးကို ပြုံးပြလိုက်ရင်း …



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ ကိုကြီးရာ။ ကိုကြီး ပြောတာတွေကို နားလည်ပါတယ်။ ညက ဇာတ်သိမ်းပိုင်း ရေးနေတာဆိုတော့ မြူလည်း မရပ်ချင်တော့ဘူးလေ။ ရပ်ပြီး နောက်တစ်နေ့မှ ဆက်ရေးရင် အခုရေးသလောက် ကောင်းမှာမဟုတ်ဘူးဆိုတာ သိနေတယ် ...

ပြီးတော့ ... ပြီးခါနီးပြီ ဆိုတော့လည်း ပြီးသွားချင်တာပေါ့နော်။ အခုတော့ စိတ်လက်ပေါ့ပါး သွားတာပေါ့။ မဟုတ်ရင် ဘယ်သွားသွား ဒီဝတ္ထုကပဲ ခေါင်းထဲမှာ ရှိနေတာလေ"

"အဲဒါ အိပ်လိုက်တော့ပေါ့ မြူရဲ့"

"ဩော် ... မအိပ်ချင်သေးဘူးလေ။ တစ်ညလုံး ထိုင်နေရတာဆိုတော့ အညောင်းပြေ အညာပြေပေါ့။ ပြီးတော့ ရှမ်းခေါက်ဆွဲလည်း စားချင်လို့ ...

အိမ်ပြန်ရောက်တော့မှ ရေနွေးနွေးလေးနဲ့ ရေချိုးပြီး အိပ်လိုက်တော့မယ်လေ၊ နေ့လယ်ခင်းလောက်မှနိုးရင် လူကအားပြန်ပြည့်ပြီး အရှမ်းကိုလန်းဆန်းသွားပြီပေါ့ ကိုကြီးရဲ့"





မြူရဲ့ ကလေးဆန်ဆန် အပြောကို ကိုကြီးက ဟုတ်ပါပြီဟူသော ပုံစံမျိုးဖြင့် ခေါင်းတညိတ်ညိတ်နဲ့သာ တုံ့ပြန်သည်။ မြူသည် ကိုကြီးရဲ့မျက်နှာကို မရဲတရဲ ခိုးကြည့်မိသည်။ ညက ကိစ္စအတွက် ကိုကြီးကို မြူ လုံးဝစိတ်မကောင်းပေ။ မြူ ဖုန်းဆက်ပြောလိုက်တုန်းက ..."အင်းလေ ... ရပါတယ်၊ သိပ်တော့ ညဥ့်မနက်စေနဲ့နော် ညီမလေး"ဆိုသော အသံဟာ မသိမသာတုန်ခတ်နေသည်ဟု ထင်သည်။

မြူ့အပေါ်တွင် ကိုကြီးထားရှိသော အရာမှာ အချစ်မဟုတ်။

အင်မတန် နက်ရှိုင်းလွန်းသော မေတ္တာဆိုတာ သူ(ထင်ရှား) ဘာကြောင့် နားလည်မပေးနိုင်ရတာပါလိမ့်။

"ကိုကြီး ... ဟို ... ဟိုလေ ..."

"မြူ ဘာပြောချင်တယ်ဆိုတာ ကိုကြီး သိပါတယ်၊ ဘာမှမဖြစ်ပါနဲ့ ညီမလေးရယ်၊ ကိုကြီး နားလည်ပါတယ်"

"ဆောရီးပါ ကိုကြီး၊ မြူလေ ..."

"မြူ"



www.burmeseclassic.com

www.burmeseclassic.com



မြူသည် ကိုကြီး ခေါ်လိုက်သောကြောင့် စကားဆက်ခွင့် မရတော့ဘဲ ကိုကြီးရဲ့မျက်နှာကို မော့ကြည့်မိသည်။ ကိုကြီးက လမ်းလျှောက်နေရာမှ ရပ်လိုက်ကာ …

"မြူ … ထင်ရှားကို တကယ်ချစ်သွားခဲ့တာ သေချာလား"

မြူက ကိုကြီးရဲ့မျက်ဝန်းများထဲသို့ တည့်တည့်ကြည့်ကာ ခေါင်းညိတ်ပြလိုက်သည်။

"အဲဒါဆိုရင်တော့ ကိုကြီး ကျေနပ်ပါတယ်။ ဝမ်းလည်းသာတယ်"

"ဘာဖြစ်လို့ ဝမ်းသာရတာလဲဟင်"

"မြူ အချစ်ကို တကယ်တွေ့ရှိသွားလို့၊ ပြီးတော့ ထင်ရှားကလည်း မြူ့ကို တကယ်ချစ်လို့ပေါ့"

ကိုကြီးက လမ်းပြန်လျှောက်သည်။ မြူသည် ကိုကြီးရဲ့ဘေးက လမ်းပြန်လျှောက်ရင်းမှ တသိမ့်သိမ့် နှန်လာသောရင်အစုံဖြင့် ထပ်မေးမိသည်။

"သူ့ကို ကိုကြီး ဘယ်လိုမြင်လဲဟင်"

"အဲဒါကို ရည်းစားဖြစ်ပြီးမှ လာမေးရလား ခွေးစုတ်မလေးရဲ့"





မြူသည် ကိုကြီးရဲ့ ချစ်စနိုးမာန်မဲသံကို နံနက်ခင်းငှက်ငယ်လေးတွေ လန့်ပြေးသွားသည်အထိ တဟားဟားရယ်မိလေသည်။ ခဏကြာလျှင် ကိုကြီးကပါ လိုက်ရယ်တော့သည်။ ကိုကြီးက တစ်ခဏမျှ စဉ်းစားနေပြီးမှ …

"ထင်ရှားက စိတ်ရင်းကောင်းမယ့်ပုံပါ။ ဒါပေမဲ့ မြူနဲ့ပတ်သက်လာရင်တော့ သဘောမကောင်းနိုင်ဘူးဆိုတဲ့ပုံစံရှိတယ် …

သူ့မျက်လုံးတွေထဲမှာ အဓိက ပေါ်လွင်နေတာက မြူ့ကို အရမ်းချစ်နေတယ် ဆိုတာပဲ၊ ဒါက ဘေးလူကြည့်ရင်တောင် သိသာတယ်။ ကိုယ်တို့ ယောကျ်ားချင်းဆိုတော့ ပိုသိတာပေါ့။ မဆိုးပါဘူး မြူ လူရွေးတော်သားပဲ"

မြူက ကိုကြီးရဲ့အပြောကို မချိပြုံးသာ ပြုံးမိသည်။

"မြူ ဘာတော့ မြူ့ကို အရမ်းမချစ်စေချင်ဘူး။ အချစ်ကြီးတာက သိပ်ဒုက္ခကြီးတယ်။ သူ့ကို အေးအေးဆေးဆေးနဲ့ နားလည်မှုရှိတဲ့လူပဲ ဖြစ်စေချင်တာ"

"သြော် … ဒါကတော့ မြူ ဖျောင်းဖျရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... မြူမှ အဲဒါမျိုးတွေ ဝါသနာမပါတာ၊ ဒါပေမဲ့ ကိုကြီးကိုတော့ မြူ ကြိုတောင်းပန်ထားချင်တယ်နော်၊ တစ်ခုခုဆိုရင်လေ သူ့ကို နားလည်ခွင့်လွှတ်ပေးဖို့ပါ"

"သြော် ... မြူ ... မြူ ...။ ဘယ်ယောကျ်ားတစ်ယောက်အတွက်နဲ့မှ တောင်းပန်စကား မပြောတတ်ခဲ့တဲ့ မိန်းကလေး။ ဘာကိုမှ အုံးမစားဘူးဆိုတဲ့ မိန်းကလေး။ ထင်ရှားကို တော်တော်ပဲ ချစ်သလား မြူ"

မြူသည် ကိုကြီးရဲ့စကားကြောင့် မျက်လုံးထဲတွင် သူ့ပုံစံကို ပြန်မြင်ယောင်မိလာသည်။ သူ့ကို မြူ ဘယ်အချိန်က စ,ချစ်မိသွားသလဲ ဆိုတာတော့ ကိုယ့်ကိုယ်ကိုယ် သတိမထားမိခဲ့ချေ။ သတိထားမိသော ဒီအချိန်မှာတော့ သူ့ကို မြူ သိပ်ချစ်နေမိခဲ့ပြီ။

သို့သော် မြူ့အချစ်က သူ့အချစ်နဲ့တော့ နည်းနည်းကွာခြားသည်ဟု ထင်သည်။ မြူ့အချစ်က ချစ်သူကို ပြုံးကြည့်နေရလျှင်လည်း ကျေနပ်သော အချစ်ဖြစ်ပြီး သူကတော့ ချစ်သူကို အမြဲအရိပ်တကြည့်ကြည့်ဖြင့် ပိုင်စိုးလိုသော အချစ်မျိုးဖြစ်လေသည်။





(နည်းနည်း အသက်ရှုကျပ်စေသော အချစ်မျိုးဆိုပါတော့။)

"ဟုတ်တယ် ကိုကြီး၊ မြူ သူ့ကို သိပ်ချစ်တယ်။ ဒါပေမဲ့ မြူချစ်တဲ့ အချစ်က မြူ့ကိုယ်မြူလည်း ဝန်ထုပ်ဝန်ပိုး မဖြစ်စေသလို သူ့ကိုလည်း ဝန်မပိုစေတဲ့ အချစ်မျိုးပဲ ...

ကိုကြီးတော့ နားလည်နိုင်မယ်နဲ့တူတယ်။ သူကတော့ အဲဒီအချစ်မျိုးကို အချစ်လို့တောင် သတ်မှတ်ပါ့မလား မသိဘူး"

"အဲဒီအတွက် မြူ့မှာ တာဝန်ရှိတယ်လေ"

မြူသည် အဲဒီစကားကြောင့် မသက်မသာ ပြုံးမိသည်။ ကိုကြီးကတော့ နောက်ထပ် အရေးကြီးသည့် စကားတစ်ခွန်းကို ထပ်ပြောလာခဲ့ပါသည်။

"မြူရဲ့ personal ကို ဝင်စွက်တာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ကိုကြီး စေတနာကို မြူ နားလည်မှာပါ။ တကယ်လို့ ထင်ရှားက လက်ထပ်ဖို့ တောင်းဆိုလာရင် သေချာစဉ်းစားဆုံးဖြတ်ပါ မြူ ...



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ရေးဆိုတာ အချစ်ထက် လျှို့ဝှက်နက်နဲ တယ်”

“မြူ သဘောပေါက်ပါတယ် ကိုကြီး”

ကိုကြီးက မြူ့ကို ယုံကြည်စိတ်ချသွားဟန်ဖြင့် ဘာစကားမှ ထပ်မဆက်တော့ပေ။ မြူသည် ကိုကြီးရဲ့ နံဘေးမှာ လျှောက်လာခဲ့ရင်းမှ ထိခိုက်ရလွယ်သော နှလုံးသားပိုင်ရှင် သူ့ကို သတိရတမ်းတလာသည်။

လောကမှာ အချစ်တစ်ခုနဲ့ပဲ အရာရာပြည့်စုံနေရင် ကောင်းမယ် ထင်ရှားရယ်။ အချစ်ကလွဲပြီး ဘာမှထည့်မစဉ်းစားရရင် ဘယ်လောက် ကျေနပ်စရာ ကောင်းလိုက်မလဲ။ ဒါပေမဲ့ ဘဝဆိုတာ ကော်ဖီမစ်တစ်ထုပ် ဖောက်ဖျော်သလို မလွယ်ကူဘူး လေ။





# မြူနှင့်ပေဖော်ဝါရီအချစ်

www.burmeseclassic.com

www.burmeseclassic.com



သူနှင့် ချစ်သူဖြစ်ခွင့်ရခဲ့ခြင်းသည် မြူ့အတွက်တော့ အရာရာကို နားလည်ပေးခြင်းဖြင့်သာ ကျဆုံးစေခဲ့ရသည်။ မြူက သူ့ကိုချစ်သော အချစ်မှာ ငြိမ်းချမ်းလွန်းသော နှလုံးသားဖြင့်ဖြစ်ပြီး သူ့ဆီက ဘာမှမမျှော်လင့်သော အချစ်မျိုးဖြစ်သည်။ သူက ချစ်သော အချစ်ကတော့ အဓိကမှာ သဝန်တိုခြင်းက ထိပ်ဆုံးက ပါဝင်လေသည်။

ချစ်သူတွေကြားက သဝန်တိုမှုသည် အတိုင်းအတာ တစ်ခုလောက်အထိသာ ပျော်ဖို့ကောင်းလျက် ဘောင်တစ်ခုကျော်သွားလျှင်တော့ အင်မတန် စိတ်ပျက်စရာ ကောင်းလှသည်။ သူ့ရဲ့သဝန်တိုမှုမှာ ဘောင်မကျော်သေးသော်လည်း အဲဒီဘောင်အနားသို့ ရောက်လုရောက်ခင် ဖြစ်သဖြင့် အဲဒီကိစ္စနှင့် ပတ်သက်လာလျှင်တော့ မြူသည် တော်တော်စိတ်ဓာတ်ကျရလေ့ရှိသည်။





ကျန်တဲ့နေရာကတော့ ဘာမှပြောစရာမရှိပေ။ အထူးသဖြင့် ယောကျ်ားတစ်ယောက်ကို ယောကျ်ားပီသသော စိတ်ဓာတ်ရှိမှ အထင်ကြီး လေးစားတတ်သည့် မြူ့အတွက်တော့ သူဟာ အထင်ကြီး မြတ်နိုးစရာကောင်းသည့် ယောကျ်ားတစ်ယောက်ပဲ ဖြစ်တော့သည်။ မြူ့အပေါ်မှာ အလိုက်သိတတ်ပုံ၊ ကြင်နာတတ်ပုံ၊ ဖြည့်ဆည်းတတ်ပုံတို့မှာ ဘယ်ယောကျ်ားနဲ့မှမတူ။

(ကိုယ်ငါးချဉ်မို့ကိုယ်ချဉ်တာလည်း ဖြစ်နိုင်ပါသည်။)

သို့သော် သူ့ရဲ့ဝန်တိုမှုတွင် တစ်ခုချီးကျူးစရာကောင်းတာက အတိတ်နောက်ကြောင်းတွေလှန်ကာ စကားနာ ထိုးတတ်ခြင်းဘဲ ဖြစ်လေသည်။ ပစ္စုပ္ပန်မှာတော့ သူ သဝန်တိုသည်မှာ ဝေးဝေးလံလံက ဘောလုံးမင်းသား စီရော်နယ်ဒိုကိုတောင် မချန်ပေ။ မြူက ရော်နယ်ဒိုကို နှစ်သက်သဘောကျသူ ဖြစ်လေရာ ရော်နယ်ဒို၏သတင်းမှန်သမျှ အင်တာနက်ထဲတွင် မလွတ်တမ်း ဖတ်သူဖြစ်သည်။ သူက အဲဒါကိုလည်း လုံးဝမကြိုက်ချေ။ ဘယ်လိုမှ ပိတ်ပင်တားဆီးလို့လည်း မရလေရာ သူက မကျေမနပ်နှင့် အမြဲဘုပြောတတ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမတွေများ အတော့်ကိုပဲ မျက်နှာပိုးမသေကြဘူး။ ရုပ်ချောတဲ့လူဆို တော်တော်ကြိုက်တတ်ကြတယ် ...

လှတာမက်လို့ ညစာခက်မယ့် မိန်းမတွေ"

"ဟယ် ... ကျွန်မက သူ့ကို လှလို့ကြိုက်တာ မဟုတ်ပါဘူး။ သူ့စတိုင်လ်ကို သဘောကျတာပါ။ ပေါ်တူဂီသား ဖြစ်ပေမယ့် ပုံစံက စမတ်ကျတယ်"

"ဟွန်း ... ပေါ်တူဂီသား ဓားပြတွေချည်းပဲ။ အရင်တုန်းကဆို ပေါ်တူဂီဓားပြက နာမည်ကြီးပဲ"

မြူသည် ကလေးဆိုးလို ပြောနေသော သူ့အပြောကို သဘောတကျနှင့် ဟက်ဟက်ပက်ပက် အော်ရယ်မိလေသည်။ ဒါကို သူက မျက်စောင်းကြီးထိုးကာ ...

"လှလို့ ကြိုက်တာ မဟုတ်ရင် အဲဒီကောင်ကို မကြိုက်ဘဲ ဟို ခေါင်းတုံးရော်နယ်ဒိုကို ကြိုက်ပါလား၊ ဝိန်းရူနီကိုကြိုက်ပါလား"

"မကြိုက်ပါဘူး၊ ရူနီက မျောက်နဲ့တူတယ်၊ နီစပ်စပ်နဲ့ ကျွန်မက ရော်နယ်ဒိုကိုပဲ သဘောကျတာ။ သူနဲ့ ကျွန်မနဲ့





က စိတ်သဘောထားချင်လည်း တော်တော်နီးစပ်တယ် ...

သဘာဝဆန်ဆန် နေတတ်တာတွေ၊ ဖော်ရွေပွင့်လင်းတာတွေ၊ သူ့ပရိသတ်တွေဆီကလာတဲ့ စာတွေကို တစ်ပတ်မှာ တစ်ရက် အချိန်ပေးပြီး ပြန်တတ်တာကအစ တူနေတယ်။ ဒါပေမဲ့ နာမည်ကတော့ ဆန့်ကျင်ဘက်ပဲ။ ကျွန်မက တစ်လုံးတည်းပေမယ့် သူ့နာမည်အပြည့်အစုံက ခရစ္စတီယာနိုရော်နယ်ဒို ဒို့စ်ဆန်တို့စ် အေဗီရို တဲ့။ ဒီလို နာမည်ရှည်တာကျတော့လည်း ကျွန်မချစ်သူနဲ့ တူသွားပြန်ရော ... နော ..."

မြူက သူ့ပခုံးကိုတိုက်တာ ပြောလိုက်လျှင် သူက နှုတ်ခမ်းကို အရုပ်ဆိုးအောင် မဲ့ရွဲ့ပြနေတတ်သည်။ တစ်ခါတလေတော့လည်း စိတ်ကောက်တတ်ပြန်ပါသေးသည်။ အခုချိန်မှာတော့ ဓာတ်ပုံသင်တန်းက ပြီးသွားပြီမို့ သူလည်း လွတ်လွတ်လပ်လပ် အေးအေးဆေးဆေး ရှိသွားပြီဖြစ်သည်။ သူနှင့် မြူသည် တစ်ပတ်မှာ လေးရက်လောက်တော့ တွေ့ဖြစ်လေရာ သူက အရင်အချိန်တွေအကြောင်း အမြဲတမ်းတ,ဟန်ဖြင့် ပြန်ပြောပြတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီတုန်းကကွာ ခါတ်ပုံသင်တန်း တက်ရတာ ဘာမှန်းကို မသိလိုက်ဘူး၊ တစ်ချိန်လုံး ဆရာမမျက်နှာကိုပဲ ခိုးငေးနေမိတာ၊ ကြာလာတော့ ဒေါ်းကလူကပါ ရိပ်မိလာရော၊ ခင်ဗျား အကြံဆိုးကြီးနဲ့ လာတက်နေတာ မဟုတ်လားတဲ့ ...

ဆက်သာလုပ်တဲ့၊ အားပေးတယ်တဲ့"

"အဲဒီ ထင်ရှား တစ်ယောက်ဟာလေ အချိန်တွေကို သိပ်ဖြုန်းတာပဲ၊ ပြီးတော့ ဝါသနာမပါဘဲနဲ့လည်း လာတက်သေးတယ်၊ တို့များဖြင့် အဲဒီလို ဝါသနာမပါရင် လုံးဝလှည့်တောင်မကြည့်ဘူး"

"သြော် ... ဒီကချစ်ရတဲ့သူကိုးဗျ၊ ဒီလောက်တော့ ရှိမှာပေါ့။ အဲဒီလို မတက်ရင် မြူ့ကို ဘယ်လိုလုပ် တွေ့ခွင့်ရမှာလဲ"

"ဟင် ... ဒီအတိုင်းလိုက်ပေါ့၊ သူများတွေတောင် ..."

မြူက ရုတ်တရက် ပါးစပ်မှ ထွက်သွားတာကို အချိန်မီ ဘရိတ်အုပ်လိုက်နိုင်သော်လည်း သူကတော့ ဘာကိုဆိုလိုတယ် ဆိုတာကို သဘောပေါက်စွာဖြင့် မြူ့ကို ခပ်ရှုးရှုးကြီး ကြည့်လို့လာလေသည်။ မြူသည် စကားမှားသွားတာကို သိလိုက်သော်လည်း ဘယ်လိုမှ ပြင်၍မရတော့ချေ။





"သူများတွေနဲ့ လာမနှိုင်းနဲ့ မြူ။ ကိုယ်က မင်းတွေ့ဖူးခဲ့တဲ့ ယောက်ျားတွေလို မဟုတ်ဘူး"

သူ့အပြောကြောင့် မြူ့နှလုံးသားတစ်ခုလုံး နာကျင်အောင့်မျက်သွားသော်လည်း ဘာမှမဖြစ်သလို ပြုံးပြုံးလေးပဲ နေလိုက်သည်။ မြူကတောင် သူ့ကို ပြန်တောင်းပန်လိုက်ပါသည်။

"ဆောရီး ထင်ရှား။ ကျွန်မ အဲဒီလို ဆိုလိုတာ မဟုတ်ပါဘူး။ ဒီကမ္ဘာပေါ်မှာရှိတဲ့ ယောက်ျားတိုင်းရဲ့ မိန်းမပိုးနည်းစနစ်ကို ဆိုလိုတာပါ"

သူက မြူ စိတ်မကောင်းဖြစ်သွားမှန်း သိသဖြင့် မျက်နှာထားကို တစ်ထစ်လျှော့ကာ ...

"ကိုယ်ချစ်တဲ့ အချစ်က သူများနဲ့ မတူတာကို မင်းကလာနှိုင်းတာကိုး မြူရဲ့။ မင်းကို ဘယ်သူနဲ့မှ မတူအောင် ချစ်တယ် မြူ။ အဲဒါကို မင်း သိထားပေး ...

တစ်ခုခုဆို ကိုယ့်နှလုံးသားကို မင်း မြင်ယောင်ကြည့်လိုက်။ ကိုယ်ဘဝတစ်ခုလုံး မင်းအတွက်ပဲ ရည်ရွယ်ထားတယ်၊ ဟုတ်ပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



သူက ရွှန်းရွှန်းစားစား အကြည့်များနှင့် ရဲရဲတောက်ပသော နှလုံးသားစကားများကို ပြောလျှင် မြူသည် ရင်ထဲမှာသာ သက်ပြင်းရှိုက်မိသည်။ လူတစ်ယောက်ကို နှလုံးသားတစ်ခုလုံး ပုံအောချစ်တာမျိုးကို မြူက လုံးဝအားမပေးချေ။ သူက ကိုယ့်ကို အဲဒီလို အချစ်မျိုးနဲ့ ချစ်တာကိုလည်း ဂုဏ်ယူခြင်းမရှိ မနှစ်ခြိုက်ပါ။

အဲဒီချစ်ခြင်းမျိုးသည် သူ့အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်လေသည်။ မြူ့အတွက်နှင့် သူ သောကရောက်ရတာမျိုး မလိုလားသလို သူ့အတွက်လည်း မြူ သောကမရောက်ချင်ပါ။ တစ်ယောက်နှင့် တစ်ယောက် ချည်နှောင်ခြင်းကင်းသော ချစ်ခြင်းမျိုးကိုသာ မြူက သဘောကျပါသည်။

"မြူ ဘာတွေ တွေးနေတာလဲ"

သူက မြူ့ဆံပင်လေးတွေကို ညင်သာစွာ သပ်တပ်ပေးရင်း မေးလာလျှင် မြူသည် ချစ်ရသော အနီယောကျ်ားသားကို မော့ကာပြုံးပြမိသည်။ သူသည် မြူ့ကို အသေးစိတ်ကအစ ဂရုပြု၍ ချစ်နိုင်လွန်းသော ယောကျ်ားဖြစ်သည်။ မြူ့ဝတ်သာ အဝတ်အစားကအစ ဂရုတစိုက်နှင့် အကြံပေး ဝေဖန်တတ်သူ၊ ဝယ်ပေးတတ်သူလည်း ဖြစ်သေးလေသည်။





"မြူ ကိုယ့်ကို တကယ်ချစ်သလားဟင်"

"အခုထိ မယုံသေးဘူးလား"

"မယုံတာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ကိုယ့်စိတ်ထဲမှာ မြူ့ကို ဆုံးရှုံးသွားမှာကို အရမ်းကြောက်နေမိတယ် ..."

စိတ်တော့ မဆိုးနဲ့ကွာ။ တစ်ခါ တစ်ခါကျရင် ကိုယ် မြူ့ကို မယုံဘူး သိလား။ မယုံဘူးဆိုတာ မြူ့ရဲ့ ကိုယ်ကျင့်တရားနဲ့ သိက္ခာကို ပြောတာမဟုတ်ဘူးနော်၊ မြူ ကိုယ့်ကို သိပ်မချစ်ဘူးလို့ ထင်တယ်၊ နည်းနည်းပဲ ချစ်တယ်လို့ ထင်တယ်"

မြူသည် သူ့မျက်နှာကို ငေးနေမိရာမှ မျက်နှာလွှဲပစ်ကာ ခါးသက်စွာ ပြုံးမိသည်။ သူက မြူ့ပခုံးကို ကိုင်လှည့်ကာ ...

"အဲဒါ ဟုတ်လား မြူ"

"ဒီမှာ ထင်ရှား၊ အချစ်စစ်တစ်ခုမှာ များများချစ်တာတွေ နည်းနည်းချစ်တာတွေဆိုတာ မရှိဘူး။ အချစ်ဟာ သူ့ဟာ သူပဲ ရှိနေတာ ...



www.burmeseclassic.com

www.burmeseclassic.com



များတာတွေ နည်းတာတွေက ကိုယ့်စိတ်ကဖြစ်တာ။ ကိုယ့်စိတ်က လှည့်စားတာ၊ ချစ်တာလည်း ဒီစိတ်ပဲ၊ မုန်းတာလည်း ဒီစိတ်ပဲ။ အဲဒီစိတ်ကလေးကို တစ်နေရာမှာ တန်းနေအောင် ထားဖို့ဆိုတာ ခက်တယ် ...

ဒါကြောင့် များများချစ်တယ်တွေ နည်းနည်းချစ်တယ်တွေ ဖြစ်နေတာ။ အမှန်တော့ အချစ်ဟာ စိတ္တဇနာမ်ပါ၊ ဒါကြောင့် များတယ် နည်းတယ် ဆိုတာ မရှိဘူး။ လုံးဝကို မရှိပါဘူး၊ လူတွေရဲ့အထင်ပါ”

သူက မြူ ပြောတာကို မျက်မှောင်ကြီးကုတ်ကာ နားထောင်နေလေသည်။ သိပ်တော့ ကျေနပ်ပုံ မပေါ်ပါ။ မြူသည် ဆက်ပြောနေလျှင် အဆင်ပြေမှာ မဟုတ်တော့မှန်း သိသဖြင့် ပြန်ဖို့အတွက် ထိုင်ရာမှ ထလိုက်လျှင် ခြေထောက်တွေက ထုံကျင်နေသဖြင့် ရုတ်တရက် လဲပြိုလို့ ကျသွားလေသည်။

အဲဒီတော့မှ သူက ပြူးပြူးပျာပျာဖြင့် မြူ့ကို အလန့်တကြား ဆွဲထူသည်။

“မြူ ... မြူ ... ဘာဖြစ်တာလဲဟင်၊ နေကောင်းရဲ့လား”





သူက သူ့ပယောဂ မကင်းဘူးထင်၍ တုန်ယင်ဆို့နင့်သော အသံဖြင့်မေးလျှင် မြူသည် ဘာမှမဖြစ်ကြောင်း လက်ကာပြလိုက်ရသည်။ ခြေထောက်ကတော့ ထုံနေသဖြင့် တော်တော်နှင့် ထ၍မရသေး။

“မြူ ဘာဖြစ်တာလဲဟင်၊ ခေါင်းမူးလို့လား၊ အိပ်ရေးတွေပျက်ထားလို့လား”

“မဟုတ်ပါဘူး။ ခြေထောက်တွေက တစ်ခါတစ်ခါကျ ထုံနေတတ်လို့ပါ။ ဘာလို့မှန်း မသိဘူး၊ အဲဒီလို ထုံ,ထုံနေတတ်တယ်၊ လေးဖက်နာများ ဖြစ်ချင်နေပြီလား မသိပါဘူး”

သူက မြူ့လက်တွေကို နွေးထွေးအောင် ဖျစ်ညှစ်ပေးနေရင်းမှ ကြင်နာသော စိုးရိမ်မကင်းသော မျက်ဝန်းများဖြင့် ကြည့်လို့လာလျှင် မြူသည် ရင်ထဲမှာ တကယ်ပဲ အေးချမ်းသွားခဲ့ပါသည်။

“ကျန်းမာရေးကို ဂရုစိုက်ဦးနော် မြူ ညဘက်ညဥ့်နက်တွေထိလည်း စာမရေးနဲ့ အိပ်ရေးဝဝအိပ်။ နောက်ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



မြို့ အားကစားတစ်ခုခု လုပ်ပါလား၊ Gym မှာ ကစားတာ ပဲဖြစ်ဖြစ်၊ တင်းနစ်ရိုက်တာပဲဖြစ်ဖြစ် ...

ကိုယ်နဲ့အတူတူ တင်းနစ်လာရိုက်လည်း ဖြစ်တာပဲ"

"အင်း ... နောက်မှပေါ့"

"မြို့ ... မင်းကို တစ်ယောက်တည်း နေနေတာ ကိုယ် သဘောမကျတော့ဘူးကွာ၊ စိတ်လည်းမချဘူး။ ဆုံးရှုံးသွား မှာလည်း စိုးတယ် ...

မြို့ကို စောင့်ရှောက်ချင်တယ်၊ ကိုယ့်အနားမှာပဲ ရှိစေချင်တယ် ...

ကိုယ်တို့ လက်ထပ်ကြရအောင်လေ မြို့"

မြို့သည် တစ်နေ့မှာ သူ ဒီလိုပြောလာမယ်မှန်း မျှော်လင့်ပြီးသား ဖြစ်သဖြင့် ထူးပြီးမအံ့သြတော့ပါ။ ထို့အတူစွာ ပင် ငြင်းစရာလို့ရယ်လည်း မမြင်ပေ။ သူ့ကို မြို့ချစ်သည်။ သူ ကလည်း မြို့ကို ပြောစရာမလိုအောင် ချစ်သည်၊ ဒီအတွက် မြို့ တို့ ချစ်ခြင်းသည် လက်ထပ်ခြင်းမှာ ပေါင်းဆုံလေမည်။

"ထင်ရှား‌ရဲ့ အိမ်ကိုရော အသိပေးပြီးပြီလား"





"အာ ... ကိုယ့်အိမ်က မြို့ကို မြန်မြန်လက်ထပ်စေချင် နေတာ၊ မမကလည်း မြို့ကို ယောက်မတော်ရမှာမို့ အရမ်းပျော်နေတာ။ သူက မြို့ပရိသတ်လေ ...

ကဲ ... ဒီတော့ ကိုယ်တို့ ဘယ်တော့လောက် လက် ထပ်ဖြစ်ကြမလဲ၊ မြို့ ရွေး"

"ထင်ရှားပဲ ရွေးပါ"

"မြို့ ရွေးပါကွာ။ ကိုယ်တို့ရဲ့ လက်ထပ်ပွဲကို ထူးခြားတဲ့ နေ့လေးတစ်နေ့လည်း ဖြစ်စေချင်တယ်။ ဒီတော့ အခုလာ မယ့် ဖေဖော်ဝါရီ(၁၄)ရက်ဆိုရင် မကောင်းဘူးလား"

မြို့သည် ကျေနပ်စွာ ပြုံးလိုက်ရင်းမှ ...

"ကောင်းတာပေါ့၊ အဲဒါ ထင်ရှား မြို့ကို စပြီးတွေ့ခဲ့တဲ့ နေ့ မဟုတ်လား"

"ဟုတ်တယ်၊ အဲဒါဆို အဲဒီနေ့ကို ဟိုတယ်ဒိတ်ရအောင် အခုတည်းက ဘွတ်ကင်လုပ်ထားမှ ဖြစ်မယ်။ ကောင်းလိုက် တာကွာ၊ အဲဒီနေ့လေးက အရမ်းအဓိပ္ပာယ်ရှိတယ်၊ ကိုယ် ဝမ်းသာလိုက်တာ မြို့ရယ် ...

ကိုယ်တို့ မခွဲရတော့ဘူးပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



သူက မြူ့ရဲ့လက်ကလေးတွေကို ဆုပ်ကိုင်လျက် သူ့ရင်ဘတ်မှာ ကပ်ထားရင်း ပြောလေသည်။ မြူသည် သူ့မျက်နှာကို မြတ်နိုးစွာ ငေးကြည့်နေမိသည်။ သူ့ကိုလည်း မြူ ဘယ်တော့မှ ခွဲမသွားချင်ပေဘူး။

"ကိုယ်က အခုလာမယ့် Feb 14th ကို မြူနဲ့ အပျော်ရွှင်ဆုံး ဖြတ်သန်းမယ်လို့ စိတ်ကူးထားတာ ချစ်သူဘဝနဲ့ပေါ့၊ ဒါပေမဲ့ အဲဒီနေ့ရလေးမှာပဲ မြူ့ကို ပိုင်ဆိုင်ရတော့မယ်ဆိုတော့ ရင်ထဲမှာ ဘယ်လိုဖြစ်သွားမှန်းတောင် မသိဘူးကွာ...

ကိုယ်တို့ ချစ်သူတွေဘဝနဲ့ ဖေဖော်ဝါရီလ(၁၄)ရက်ကို မနွှဲရဘူးပေါ့နော်"

"ဒါပေမဲ့ အဲဒီလို နွှဲရတာတွေထက် အရမ်းထူးခြားသွားတယ်လေ"

"အား ... ဟုတ်တယ်။ That's right ! အခုမှ အောက်တိုဘာဆိုတော့ နည်းနည်းတော့ လိုသေးတယ်။ ဒါပေမဲ့ ကိုယ်တို့ ဝယ်လ်ဒင်ကို အထူးခြားဆုံး ကျင်းပရမယ်။ မြူက စာရေးဆရာမပဲကွာ၊ စိတ်ကူးဆန်းလေးတွေ စဉ်းစားတတ်မှာပါ၊ စဉ်းစားထား မြူ ဖြစ်ချင်တာ မှန်သမျှကိုယ့်ကိုပြော ... နော် ...

မြူ ဘာတွေ ဖြစ်ချင်လဲ"

"မြူက အရမ်းကြီးကြီးကျယ်ကျယ်ကြီး မမျှော်လင့်ပါဘူး ထင်ရှားရယ်၊ မြူ ဖြစ်ချင်တဲ့ ပထမဆန္ဒက ဖေဖော်ဝါရီ (၁၄)ရက်မှာ ထင်ရှားနဲ့မြူ လက်ထပ်မယ်၊ နောက် မြူတို့ရဲ့ ဟန်းနီးမွန်းကို မြန်မာနိုင်ငံရဲ့ ရှေးဟောင်းအမွေအနှစ်တွေ ရှိတဲ့နေရာမှန်သမျှ မြူ သွားချင်တယ် ...

မြူ မဂ္ဂဇင်းတစ်အုပ်မှာ 'တစ်နှစ်ခွဲစာ ဆောင်းပါးရေးပေးဖို့ သဘောတူထားတယ်၊ တစ်လကို တစ်ပုဒ်နဲ့ မြူ ခရီးသွားနေသည်ဆိုတဲ့ ပုံစံမျိုး ခရီးသွားဆောင်းပါးလေးတွေပေါ့။ မြန်မာနိုင်ငံရဲ့ ထင်ရှားလှတဲ့ ဒေသတွေ၊ ဥပမာ ... ပင်းတယတို့ ကျိုက်ထီးရိုးတို့ အဲဒီမှာ ဓာတ်ပုံတွေလည်း စပါယ်ရှယ်ရိုက်ပြီးထည့်မှာ၊ အဲဒါ မြူ အရမ်းလုပ်ချင်နေတဲ့ ဆန္ဒတစ်ခုပဲ ...

မြူ့ပရိသတ်တွေအတွက် မြူ့ရဲ့ပေးဆပ်မှုတစ်ခုပေါ့။ အဲဒီခရီးကို ထင်ရှားနဲ့အတူတူ သွားရရင် မြူ့ဘဝမှာ





www.burmeseclassic.com

www.burmeseclassic.com



ဘာမှမလိုတော့လောက်အောင် ပြည့်စုံသွားပါပြီ ထင်ရှားရယ်”

“ကိုယ့်အဖို့ကတော့ မင်းထက်တောင် ပြည့်စုံပါတယ် မြူ”

သူက အလွန်တရာ ခံစားနစ်ဝင်သွားသော လေသံတိုးတိုးဖြင့်ပြောကာ မြူ့ကို သူ့ရင်ခွင်ထဲမှာ ထွေးပွေ့ထားလိုက်တော့လျှင် မြူသည် ချစ်သူရဲ့ နွေးထွေးတဲ့ ရင်ခွင်ရိပ်အောက်တွင် ကျေနပ်စွာဖြင့် မျက်ဝန်းများကို မှေးမှိတ်ကာ ပြုံးနေခဲ့ပါသည်။ ဘဝတွင် ဒီလောက် လုံခြုံနွေးထွေးသော ခံစားမှုမျိုးကို မေမေ ဆုံးသွားပြီးတည်းက မခံစားရတာ တော်တော်ကြာနေခဲ့ပြီဖြစ်သည်။ သူ့ အကြင်နာရိပ်အောက်မှာ တစ်သက်လုံး ခိုလှုံခွင့်ရတော့မည် ဟူသော အဖြစ်သည် မြူ့အတွက်တော့ တွေးကြည့်တာနှင့်ကို လုံခြုံနွေးထွေးလွန်းနေခဲ့သည်။





# မြူနှင့် ပေဖော်ဝါရီအိပ်မက်ဆိုး

www.burmeseclassic.com

www.burmeseclassic.com

ချစ်သူနှင့် လက်တွဲတော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်ပြီးသည့် အချိန်မှစပြီး မြူ့တွင် ပျော်ပျော်ရွှင်ရွှင်ရှိမှုတွေ သိသိသာသာကို တိုးလို့လာခဲ့လေသည်။ ချစ်သူကလည်း မြူ့ကို ယုံကြည်ချစ်ခင်လာသည့်အလား အရင်ကလောက် သဝန်မတိုရှာတော့။ မြူ့က ကိုကြီးရဲ့မိဘတွေနှင့် ကိုကြီးကို လူကြီးအရာမှာထားကာ ရိုသေလေးစားစွာဖြင့် မြူ့ လက်ထပ်တော့မည့်အကြောင်းကို အသိပေးထားခဲ့သည်။ ကိုကြီး ကိုယ်တိုင်လည်း ထင်ရှားနဲ့တွေ့ဆုံနှုတ်ဆက်ခဲ့ပြီးပြီမို့ အခြေအနေ အရပ်ရပ်မှာ လေပြည်တွေလိုပင် နူးညံ့နေခဲ့ပါသည်။

အဲဒီနေ့က မြူသည် ကိုကြီးရဲ့မေမေက တမင်လာစားဖို့ ခေါ်သဖြင့် ကိုကြီးတို့အိမ်မှာ ညစာသွားစားခဲ့ချိန်ဖြစ်သည်။ ညစာစားအပြီး ထမင်းစားခန်းထဲမှ အထွက်တွင် မြူ့ဦးခေါင်း





တစ်ခုလုံးကို မီးစနှင့် ဆောင့်ထိုးခံလိုက်ရသလို ပူခနဲ ဖြစ်သွားကာ ခံမရပ်နိုင်တော့လောက်အောင်ပင် ဦးခေါင်းကိုကိုင်ကာ ပြိုလဲလို့ကျသွားခဲ့လေသည်။

ကိုကြီးနှင့် အန်တီတို့၏ စိုးရိမ်တကြီး အော်ဟစ်သံကို နားစွန်နားဖျားသာ ကြားလိုက်ရလျက် မြူ ဘာကိုမှ မသိတော့သာ။

အဲဒီနောက်မှာတော့ ... ...။ ။



www.burmeseclassic.com

www.burmeseclassic.com



မြူ သတိရလာသောအခါ ပထမဆုံး တွေ့ရသည်မှာ ကိုကြီးရဲ့ စိုးရိမ်မကင်းသော မျက်နှာကိုပဲ ဖြစ်ပါသည်။ ကိုကြီးက မြူ လှုပ်ရှားလာတာနှင့် တစ်ပြိုင်နက် ...

"မြူ ... သတိရလာပြီလား၊ ဘယ်လိုနေလဲ သက်သာလား"

"အင်း ... သက်သာပါတယ်၊ အခုတော့လည်း ကောင်းလို့ပဲ။ ဘယ်အချိန် ရှိနေပြီလဲဟင်"

"မနက် ရှစ်နာရီရှိပြီ။ ညက မြူ ခေါင်းကိုကိုင်ပြီး သတိလစ်သွားတာလေ၊ အသက်မရှူတော့လို့ ပါးစပ်ကနေပြီး တောင် အောက်ဆီဂျင်သွင်းရတယ် မြူရယ်"

"ဟုတ်လား"

မြူသည် တအံ့တသြနှင့် ပြန်မေးမိကာ မနက်ခင်း ရှစ်နာရီ ဆိုသဖြင့် မနက်ခင်းတိုင်း ဖုန်းဖြင့်လှမ်းနှိုးတတ်သော





ချစ်သူကို သတိသွားရမိသည်။ အို ... မြူ့ဖုန်းက အိပ်မှာကျန်နေခဲ့တာပဲ။ သူတော့ ခုန်ဆွ ခုန်ဆွ ဖြစ်နေတော့မယ်။

မနက် ... မနက် သူ့အသံလေးကို ကြားရမှ နေသာကျေနပ်သော မြူကလည်း ...

ကိုကြီးဆီကဖုန်းကို တောင်းဆက်ဖို့ ကျတော့လည်း သိပ်ကဲလွန်းရာ ကျမှာစိုးတာရော၊ ကိုကြီးကို အားနာတာရော ကြောင့် မတောင်းဖြစ်တော့ချေ။ ပြီးတော့ သူ သိသွားရင်လည်း စိတ်ပူစိုးရိမ်ပြီး ဝရုန်းသုန်းကား ရောက်လာမှာရော ...။

အနားမှာ ကိုကြီး ရှိနေတာကို သူ့စိတ်ထဲမှာ ခုသွားမှာရော ဘယ်သူ့အတွက်မှ မကောင်းနိုင်သဖြင့် မြူက ဖုန်းဆက်ဖို့ စိတ်ကူးကို ဖျက်လိုက်သည်။

"မြူ နေကောင်းတယ် ကိုကြီး၊ ဆေးရုံက ဆင်းမယ်လေ"

"ဆင်းတာပေါ့ မြူ။ ဒါပေမဲ့ မြူ ဆေးစစ်ကြည့်ဖို့လိုမယ်"

"ဆေးစစ်ရမယ် !"

မြူက သံယောင်လိုက်ပြီး မေးမိလျှင် ကိုကြီးက တည်ငြိမ်လေးနက်သော မျက်နှာဖြင့် ခေါင်းညိတ်ပြရင်း ဆက်ပြောသည်မှာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မြူ၊ ရုတ်တရက်ကြီး ခေါင်းကိုက်သတိလစ်သွားရအောင် မြူ့ခန္ဓာကိုယ်မှာ ဘာတွေဖြစ်နေလဲ မြူသိရမယ်လေ။ သိပ်မကြာခင် မြူက လက်ထပ်တော့မယ့် သတို့သမီးလောင်း မဟုတ်လား ...

အာရုံကြောတွေ ခဏ ခဏ ထုံထိုင်းသလိုဖြစ်တယ်၊ ခေါင်းအမြဲကိုက်တတ်တယ်၊ ဒါတွေက တစ်ခုခုပဲလို့ ကိုယ် ထင်တယ်။ ကိုယ့်ဆရာကြီးကလည်း ပြောခဲ့တယ်၊ မြူ့ကို ဆေးစစ်ပေးပါတဲ့၊ အခု တစ်ခါတည်း စစ်သွားကြတာပေါ့။ ဆေးစစ်ပြီးမှ ပြန်ကြတာပေါ့ မြူ"

မြူသည် ကိုကြီးရဲ့စကားကို ဘာမှပြန်မပြောနိုင်ပေ။ ခေါင်းကို ခပ်လေးလေး ညိတ်ပြရင်းမှ သူ့မျက်နှာကို ပြေးမြင်လေသည်။

အခုချိန်မှာ မြူ ဆေးစစ်ဖို့ထက် မြူ့ထံကို ဖုန်းဆက်လို့မရသဖြင့် စိတ်တိုနေမည့် သူ့ကိုပဲ သတိရနေခဲ့မိတာဖြစ်သည်။

ဪ ... မြူလည်း သူ့ကို ရင်နဲ့အမျှ ချစ်နေမိပြီပဲ။

❤ ❤





"ပြောစမ်းပါဦး မြူရာ၊ တစ်မနက်ခင်းလုံး ဖုန်းခေါ်နေတာ လုံးဝမကိုင်ဘူး၊ ဘာဖြစ်လို့ မကုပ်ရတာလဲ၊ ဒီမှာ နေလို့ ထိုင်လို့ မရတာ သိရဲ့သားနဲ့"

ထင်ရှားသည် စကားတွေကို ထိန်းပြောနေရသော်လည်း ဖြစ်နိုင်လျှင် မြူ့ကို ပခုံးမှလှုပ်ကာ လှုပ်ကာ မေးပစ်ချင်တာဖြစ်သည်။ တစ်ခါတစ်ရံမှာ မြူ့အမူအရာတွေက သိပ်အသည်းယားဖို့ ကောင်းလေသည်။

"ဆောရီးပါ ထင်ရှားရယ်၊ မြူ မနေ့က နေမကောင်းလို့ပါ"

မြူက အဲဒီလို ဖြေလိုက်တော့လည်း သူက စိုးရိမ်ကြီးသွားရပြန်သည်။ မြူ့ရဲ့နဖူးကို ကပျာကယာစမ်းကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ ဒါနဲ့များ ကိုယ့်ကို ဘာလို့ ဖုန်းမဆက်တာလဲ ကွာ၊ ဆက်လည်း ကိုယ့်ကို မင်းက အိမ်လာခွင့်ပေးတာမှ မဟုတ်တာ ...

ဒါကြောင့် ပြောတာပေါ့။ လက်ထပ်ရအောင်ဆို တာ...

အခု ဘယ်လိုနေသေးလဲ၊ မနက်က တော်တော်ဖြစ် နေလို့ ဖုန်းမဖွင့်နိုင်တာလား"

"ညကပါ၊ ညက ခေါင်းအရမ်းကိုက်တာနဲ့ အိပ်ဆေးနဲ့ တွဲသောက်လိုက်တော့ မနိုးဘူး ဖြစ်သွားတာ"

"ဩော် ... ဒါကြောင့် ကျန်းမာရေးကို ဂရုစိုက်ဖို့ ပြော တာ။ မေမေနဲ့ မမက မြူ့ကို တွေ့ချင်နေကြတယ် မြူရဲ့၊ အဲဒါ အိမ်ကို ထမင်းစားဖိတ်ထားတယ်၊ မြူ အားတဲ့တစ် ရက်လောက်ပေါ့၊ ဘယ်နေ့လောက် အချိန်ပေးနိုင်မလဲ"

သူ့စကားကို မြူက နှုတ်ခမ်းကိုက်ကာ တစ်ချက် စဉ်းစားနေသည်။ သူက ဘေးတိုက်မကျတကျ မြင်နေရသော မြူ့ မျက်နှာလေးကိုငေးကာ ရင်ထဲမှာလည်း အချစ်စမ်းရေတွေက တသွင်သွင် စီးလို့နေလေသည်။





အခုတော့လည်း မြူဟာ သူ့ကို တကယ့်နှလုံးသား အစစ်နှင့် ချစ်ခဲ့သည်ဆိုတာ ယုံကြည်လာခဲ့ရပြီဖြစ်သည်။

မြူသည် အချစ်ကို ထုတ်ဖော်ပြသဖို့ သိပ်အားမ ထုတ်သော်လည်း သူ့ကို ဘယ်လောက်ချစ်တယ် ဆိုတာတော့ မျက်ဝန်းတွေကတစ်ဆင့် အမြဲပြောပြနေတတ်သူပဲ ဖြစ်ပါသည်။

"အင်း ... နောက်တစ်ပတ် ဆန်းဒေးလေ၊ မြူ စီမံလန်း စိုပြည်မှာ စာသွားရေးမလို့၊ အဲဒါ ထင်ရှား မြူ ပြီးမယ့် အချိန်လောက် လာခဲ့ပေါ့ ...

အဲဒီကနေ သွားကြတာပေါ့"

"ဟုတ်ပြီ ... ဆယ့်တစ်နာရီလောက် ကိုယ် လာခေါ်မယ်၊ အဲဒီနေ့ကိုတော့ ဆရာမရဲ့ စာရေးတဲ့အချိန်ကို လျှော့လိုက်၊ ဖြစ်တယ် မဟုတ်လား"

မြူက ပြုံးပြုံးလေး ခေါင်းညိတ်ပြလိုက်လျှင် သူက ကျေနပ်နှစ်သိမ့်သွားဟန်ဖြင့် မြူ့နဖူးလေးကို သူ့နဖူးဖြင့် ဦးတိုက် လာသည်။

"ချစ်တယ် မြူရယ်၊ အရမ်းကို ချစ်တာပဲ၊ ခွဲကိုမခွဲချင်တော့ ဘူး သိလား"



www.burmeseclassic.com

www.burmeseclassic.com



သူ့အပြောကို မြူက ကြည်နူးဟန်ဖြင့် အသာပြုံးနေလေသည်။ သူက မြူ့လက်ဖျားလေးများကို ဆွဲယူဖျစ်ညှစ်လျက် ...

"မြူ ဝတ်မယ့် သတို့သမီးဝတ်စုံ၊ မိတ်ကပ်ကိစ္စ ဘာညာကိုလည်း မမနဲ့အတူတူ တိုင်ပင်ပြီးလုပ်နော် ... သိလား။ အဲဒီနေရာတွေကို မမက အဖော်လိုက်ပေးလိမ့်မယ်"

"အင် ... ထင်ရှားကရော"

သူက အားကိုးစွာ မခွဲနိုင်သလို မေးလာသော မြူရဲ့မေးစေ့လုံးလုံးလေးကို ဖျစ်ညှစ်ပစ်လိုက်ရင်းမှ ...

"ကိုယ် မအားတဲ့ အချိန်ကျမှပါ မြူရဲ့။ ဘာလဲ မြူက ကိုယ့်ကို မခွဲနိုင်လို့လား"

"အင်းပေါ့"

မြူရဲ့ ခပ်ချွဲချွဲလေသံလေးက သူ့နှလုံးသားကို လုံးဝမချင့်မရဲ ဖြစ်သွားစေသည်။ ဖြူဝင်းနူးညံ့လှပနေသော မြူရဲ့မျက်နှာပေါ်သို့ သူ့မျက်နှာကို အုပ်မိုးငုံ့ချလိုက်လျှင် မြူက မျက်ခုံးရှုံ့ကာ မျက်နှာတွန့်သွားသည်။

မြူ တွန့်သွားပုံကိုကြည့်ကာ သူက ဟက်ခနဲရယ်မိသည်။



သူက မြူရဲ့နှားတစ်ဖက်အနားသို့ ခပ်တိုးတိုးကပ်၍ ...

"မင်းကို မနမ်းရက်လောက်အောင်ကို ချစ်တာပါ မြူရယ်"

ပြုံးနေသော မြူ့နှုတ်ခမ်းလေးသည် ကမ္ဘာပေါ်တွင် အလှပဆုံး နှုတ်ခမ်းလေးပဲ ဖြစ်ပါမည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ မြှုရဲ့ဆေးစစ်ချက်အဖြေကို သိရမည့်နေ့ဖြစ်သည်။ မြှုဟာ တစ်ညတာ ဆေးရုံတက်လိုက်ရသော အဖြစ်ကို ထင်ရှားအား လုံးဝဖွင့်ပြောပြထားခြင်း မရှိသဖြင့် ဆေးစစ်အဖြေလွှာ သွားယူသောအခါမှာလည်း အသိမပေးခဲ့ပါ။

သန်ဘက်ခါမှာ ထင်ရှားရဲ့ အမေနှင့် အစ်မကို သွားတွေ့ရမှာ ဖြစ်သဖြင့် မြှုက သူ့ စိတ်ပူမှာစိုးကာ ပြောမပြတော့ပေ။ သူကား မြှုနှင့် ပတ်သက်လာလျှင် လွန်လွန်ကဲကဲ စိတ်ပူစိုးရိမ်တတ်သူဖြစ်သည်။

မြှု ဆေးရုံရောက်သွားသောအခါ ကိုကြီးက မြှုကို အဆင်သင့် စောင့်ကြိုနေသည်။ ကိုကြီးက မြှုကို အားပေးအပြုံးတစ်ခုဖြင့် ...





"လာ ... မြှု၊ ကိုကြီး ဆရာကြီးကို ပြောထားပြီးပြီ၊ တစ်ခါတည်း ဝင်တွေ့ရအောင်"

"တွေ့စရာ လိုသေးလို့လား ကိုကြီး။ အဖြေလွှာယူပြီးရင် ပြီးပြီပဲ မဟုတ်လား"

"တွေ့ရဦးမှာပေါ့ မြှုရယ်"

ကိုကြီးကို မြှုပခုံးလေး တစ်ဖက်ကို ဖွဖွပုတ်ကာ အားပေးနှစ်သိမ့်သည်။ မြှုသည် ပါးနပ်သိမြင်သူပီပီ ကိုကြီးရဲ့ မျက်နှာကိုကြည့်ကာ စိတ်ထဲတွင် ထင့်ခနဲဖြစ်သွားသည်။ သို့သော် ဘာမဆိုကို သွေးအေးတည်ငြိမ်စွာ ရင်ဆိုင်နိုင်သော မြှုသည် အသက်ကို ဝဝရှူရင်း စိတ်ကို တည်ငြိမ်အောင် ထားလိုက်သည်။ အဲဒီနောက်မှာတော့ မြှုဟာ ဦးနှောက်နှင့်အာရုံကြော အထူးကုဆရာဝန်ကြီးရဲ့ရှေ့မှာ စကားပြောဖို့ အဆင်သင့် ဖြစ်နေခဲ့တော့သည်။

"ထိုင်ပါ•သမီး၊ ခြေထောက်မှာ မကြာခဏ ထုံထိုင်းတယ်၊ ခေါင်းကိုက်တတ်တယ်လို့ သိရတယ်နော်"

"ဟုတ်ကဲ့ ဆရာ၊ ကျွန်မ ခြေထောက်မှာ ဘာများဖြစ်နေလို့ပါလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ခြေထောက်မှာ မဟုတ်ဘူး သမီး"

ဆရာကြီးက တစ်ခွန်းပြောပြီး မြူ့မျက်နှာကို ငေးစိုက်ကြည့်သည်။ မြူသည် ဆရာဝန်ကြီးရဲ့ မျက်နှာကို ကြည့်ပြီးနောက် ရင်ဘတ်ထဲ၌ တဒုန်းဒုန်းနှင့် ခုန်လာသည်။ ကိုကြီးရဲ့ မျက်နှာကို ကြည့်လိုက်တော့လည်း ဘယ်လိုမှ အရိပ်အကဲဖမ်းလို့ မရအောင်ဘဲ တည်ငြိမ်လို့နေသည်။ ဒါပေမဲ့ ဒီလိုတည်ငြိမ်နေပုံမှာ ကိုကြီးသိထားပြီးသားဆိုတာ မြူ သဘောပေါက်လိုက်သည်။

မြူသည် ရင်ဘတ်ကို အနည်းငယ် မတ်လိုက်ကာ ခေါင်းတစ်ချက် ဆတ်လိုက်သည်။

"ပြောပါ ဆရာ၊ ကျွန်မ နားထောင်နေပါတယ်"

"တကယ်တော့ အန်ကယ့်အနေနဲ့ ဒီလိုစကားမျိုးကို ကာယကံရှင်တွေကို တိုက်ရိုက်မပြောချင်ပါဘူး။ ဒါပေမဲ့ သမီးမှာက အုပ်ထိန်းသူတွေလည်း မရှိတော့ဘူး ဆိုတာရယ်၊ သမီးဟာ အရွယ်နဲ့မမျှအောင် ရင့်ကျက်တည်ငြိမ်တယ်လို့ မောင်စစ်လင်း ထံက သိရတဲ့အတွက် သမီးကို ပြောပြဖို့ ဆုံးဖြတ်လိုက်တာပါ"





ဆရာဝန်က စကားစကို ခဏနားရင်း မြူ့ကိုအကဲခတ်သည်။ မြူသည် တုန်လှုပ်ခြင်းကင်းသော ပုံစံဖြင့် ဆရာဝန်ကို မမိုတ်မသုန် ကြည့်နေမိသည်။

"သမီးကို ဆရာတို့ ဆေးစစ်ကြည့်တဲ့အခါမှာ ဘာသွားတွေ့လဲဆိုတော့ ဦးနှောက်နှစ်ခုဆက်တဲ့ နေရာမှာ အကျိတ်တည်နေတယ်။ အဲဒီ အကျိတ်တည်တာဟာ အရှမ်းဆိုးရွားနေတယ် သမီး။ ဦးနှောက်အကျိတ်တည်တဲ့ ရောဂါတစ်မျိုးပါ ...

အရှမ်းကို အန္တရာယ်ရှိနေပါတယ်။ အကျိတ်တွေဟာ နေ့တိုင်းပျံ့ပွားနေတယ်၊ ဒါကြောင့် ခေါင်းအမြဲကိုက်တာ၊ အာရုံကြောတွေ ထုံထိုင်းတာတို့ ဖြစ်နေခဲ့တာပါ"

မြူ့ခေါင်းထဲတွင် ဆစ်ခနဲ ဖြစ်သွားသည်။ မြူသိခဲ့ရသလောက်ကတော့ မြူ့ရဲ့ဖေဖေဟာ ဦးနှောက်အကျိတ်တည်သောရောဂါဖြင့် ဆုံးပါးသွားခဲ့ခြင်း ဖြစ်ပါသည်။ မြူသည် သေသံကို တည်ငြိမ်အောင် ကြိုးစားကာ ...

"ဟုတ်ကဲ့ ... အဲဒီတော့ ကျွန်မ နေရဖို့ အချိန် ..."



www.burmeseclassic.com

www.burmeseclassic.com



မြူရဲ့စကား မဆုံးခင်မှာပဲ ကိုကြီးက မြူရဲ့လက်တစ်ဖက်ကို လှမ်းဆုပ်ကိုင်လိုက်သည်။ ဆရာဝန်ကြီးက သက်ပြင်းတစ်ချက်ရှိုက်ကာ ...

"အကျိတ်တွေဟာ အမြန်ဆေးကုသမှု မခံရင် သုံးလဆောင်ခံမှာမဟုတ်ဘူး သမီး၊ ခွဲစိတ်ရင်လည်း မျှော်လင့်ချက်မရှိနိုင်တော့ပါဘူး ...

ဒါဟာ သမီးကို စိတ်ဓာတ်ကျအောင် ပြောတာမဟုတ်ပါဘူး ...

သမီးဟာ စိတ်ဓာတ် ခိုင်မာသူတစ်ယောက်ဖြစ်လို့ အရာရာကို ကြိုသိထားရအောင် ရင်ဆိုင်နိုင်စွမ်းရှိအောင် သမီးရဲ့အခြေအနေမှန်ကို အမှန်အတိုင်း ပြောပြတာပါ"

ဆရာဝန်ရဲ့စကားဆုံးတွင် မြူသည် စုပ်ဝဲတစ်ခုထဲသို့ ရောက်သွားသလို မှုန်းကျပ်နစ်မြုပ်သွားလေသည်။ အခုမှ ခြေထောက်တွေတင်သာမကဘဲ တစ်ကိုယ်လုံးပါ ထုံထိုင်းလျက် ခံစားချက် မရှိတော့သလို ဖြစ်သွားခဲ့သည်။





မြူ့နားစည်ဝတွင် ဆရာဝန်ပြောသော စကားတွေက ပုံတင်သံလို အကြိမ်ကြိမ် ထပ်နေသည်။ ဦးနှောက်နှစ်ခုဆက်တဲ့နေရာက အကျိတ် ...။

အကျိတ်တွေ အရမ်းပြန့်ပွားနေတယ် ...

အမြန်ဆေးကုရင်တောင်မှ သုံးလ၊ ခွဲစိတ်ဖို့ရာမျှော်လင့်ချက်မရှိ ...

စသဖြင့် ... စသဖြင့် ...။ ဪ ... ဓာတ်လမ်းတွေဖန်တီးနေတဲ့ မြူ့ရဲ့ဦးနှောက်ထဲမှာ ဒီလိုအကျိတ်မျိုးလည်း ရှိသတဲ့လား။

မြူက ခြောက်ကပ်ကပ် ရယ်မောလိုက်လျှင် ကိုကြီးက အင်မတန် ကြေကွဲနာကျင်နေသော မျက်လုံးများဖြင့် ကြည့်လာခဲ့သည်။

❤ ❤



www.burmeseclassic.com

www.burmeseclassic.com



ဆေးခန်းက အပြန်တွင် ကိုကြီးက မြူ့ကို အိမ်ထဲ အထိ လိုက်ပို့ပေးသည်။ တစ်ချိန်လုံး စကားမပြောခဲ့သော ကိုကြီးသည် မြူ့မျက်နှာကိုတော့ မှန်တစ်ချပ်လိုပဲ အရိပ်တကြည့် ကြည့် ရှိနေခဲ့ရာမှ အိမ်ရောက်လျှင်တော့ လူသေမျက်နှာလို အေး စက်နေသော မြူ့မျက်နှာထားကို ခံနိုင်ရည်မရှိတော့ဟန်ဖြင့် ...

"မြူ တစ်ခုခု ပြောလိုက်ပါလား၊ ပေါက်ကွဲချင်ရင်လည်း ပေါက်ကွဲလိုက်ပါ မြူ၊ ငိုချင်ရင်လည်း အရမ်းငိုချလိုက် စမ်းပါ ...

ဒီလိုကြီး ဖြစ်နေတာက ကိုကြီးကို ပိုပြီး နာကျင်စေ လို့ပါ"

မြူက ကိုကြီးကို လှည့်ကြည့်လိုက်လျှင် ကိုကြီးရဲ့ မျက်လုံးတွေက နီရဲစိုစွတ်နေသည်။ ဘုရားရေ ... ခံနိုင်ရည်နှလုံး





သားနဲ့ ရင့်ကျက်တည်ငြိမ်ပါတယ်ဆိုတဲ့ ကိုကြီးတောင် ဒီလိုဖြစ် နေခဲ့ရင် မြူ့ကို အရူးအမူး ချစ်ရှာတဲ့ ထင်ရှားသာဆိုရင်ရော ...

ဒီလို တွေးလိုက်တော့မှ မြူ့နှလုံးသားထဲတွင် မျက် ရည်မိုးတို့ ရွာသွန်းလာခဲ့တာ ဖြစ်ပါသည်။

"ကိုကြီး ... အဲဒါ ... အဲဒါ တကယ်လားဟင်။ မြူ နောက်သုံးလကြာရင် သေရတော့မယ် ဆိုတာ တကယ် လား။ ဖြစ်နိုင်လား ကိုကြီး ... ဟင်။ ဖြစ်သင့်လား ... မြူ ... မြူဟာ အနုပညာရှင် တစ်ယောက်ပါ၊ ရတောင့် ရခဲတဲ့ အောင်မြင်မှုတစ်ခုကို ခက်ခက်ခဲခဲနဲ့ တည်ဆောက် ထားခဲ့ရတဲ့သူပါ ...

မြူ့မှာ မြူ့ကိုချစ်တဲ့ ပရိသတ်တွေရှိတယ်၊ မိတ် ဆွေတွေရှိတယ်၊ နောက် ... မြူ့ကိုအရမ်းချစ်တဲ့ ချစ်သူ တစ်ယောက်ရှိတယ်၊ သူနဲ့လက်ထပ်တော့မယ့် သတို့သမီး လောင်းတစ်ယောက်က နောက်သုံးလနေရင် သေမယ် ...

လက်ထပ်ဖို့ အချိန်ထိတောင် မရောက်ဘဲ သေရ တော့မယ်၊ ဆေးကုသဖို့ ပြန်ကောင်းလာဖို့ အခွင့်အရေး လေးတောင် မရှိတဲ့သူပေါ့၊ ဟုတ်လား ကိုကြီး"



www.burmeseclassic.com

www.burmeseclassic.com

မြူက မျက်ရည်တွေ စီးကျလာပြီး မေးလျှင် ကိုကြီးက မဖြေနိုင်တော့ဟန်ဖြင့် ဆို့နင့်စွာ ငြိမ်သက်နေသည်။

"လောကကြီးက မတရားဘူး၊ လုံးဝမတရားဘူး၊ မြူ ... မြူ့ကျမှ ဘာလို့ ဒါမျိုးလာဖြစ်ရတာလဲ၊ စောစောစီးစီး ဖြစ်ရင်လည်း ဖြစ်ခဲ့ပါလား ...

မြူ ... မြူ ... ဘာလုပ်ရတော့မလဲ ကိုကြီးရယ်၊ ဟင် ... ထင်ရှားကို မြူ ဘယ်လိုပြောပြရတော့မှာလဲ"

"ကိုကြီး ဘာလုပ်ပေးရမလဲ မြူ၊ မြူ စိတ်ချမ်းသာအောင် ကိုကြီး ဘာလုပ်ပေးနိုင်မလဲ"

မြူသည် ဆိုဖာပေါ်သို့ အရုပ်ကြိုးပြတ် ပုံလဲကျသွားကာ အသံမထွက်ဘဲ ရှိုက်နေမိခဲ့သည်။ ကိုကြီးက မျက်နှာကို လက်ဖဝါးနှစ်ဖက်ထဲထည့်ကာ ခေါင်းငုံ့ကြေကွဲလျက် ဘာစကားမှ မပြောနိုင်ချေ။ မြူ့အတွက်နှင့် တခြားလူတွေ ကြေကွဲဝမ်းနည်းရတာမျိုးကို မြူ လုံးဝမနှစ်မြို့ချေ။ မြူသည် ကိုကြီးခံစားကြေကွဲနေရပုံကို ငေးကာ မျက်ရည်ဥကြီးများက ပါးပြင်ပေါ်သို့ လိမ့်ဆင်းကျလာသည်။





အဲဒီအချိန်မှာပဲ မြူ မေမေ ဆုံးပါးခါနီးတုန်းက မြူ့ကို ဆုံးမစကား ပြောကြားခဲ့တာကို ဖျတ်ခနဲ ကြားယောင်လာခဲ့တာဖြစ်သည်။

"သမီး မြူ။ လူဆိုတာ တစ်နေ့ သေရမှာချည်းပဲ။ ကြီးလို့ ငယ်လို့ ဆင်းရဲလို့ ချမ်းသာလို့ စောသေးတယ်၊ နောက်မှ သေတယ်ဆိုတာ မရှိဘူး။ လူ့ဘဝဆိုတာ လမ်းဆုံပဲ သမီး။ လူမှာ လုပ်နိုင်တဲ့ အစွမ်းသတ္တိ အကုန်ရှိပါတယ်။ ကောင်းရာသုဂတိကိုလည်း ရောက်အောင် ကြိုးစားခွင့်ရှိပါတယ်။ အပါယ်ကိုရောက်မယ့် စိတ်နေသဘာဝနဲ့ အလုပ်များကိုလည်း လုပ်ဖို့လွယ်ပါတယ် ...

သမီးကို မေမေ အားလုံးစိတ်ချတယ်။ တစ်ခုပဲ မှာချင်တာက သမီးလည်းပဲ လူထဲက လူတစ်ယောက်မို့ တစ်နေ့ သေဆုံးရမှာပဲ ...

အဲဒီအချိန်ကျရင် သေခြင်းတရားကို ရဲရဲရင်ဆိုင်ပါ။ ဘဝမှာ ကိုယ်နေရဖို့အချိန် သိပ်မကျန်တော့ဘူးဆိုတာ သိရရင် လုပ်စရာရှိတဲ့ အလုပ်တွေကို ပြီးအောင်လုပ်ပါ၊ သံယောဇဉ်တွေကို ဖြတ်ပါ၊ သေခြင်းတရားကို မကြောက်



www.burmeseclassic.com

www.burmeseclassic.com



မရှဲ့ ရင်ဆိုင်ပြီး စိတ်ဖြောင့်ဖြောင့်နဲ့ပဲ လူ့ဘဝကို စွန့်လွှတ်ခဲ့ပါ ...

အဲဒါ အရေးကြီးဆုံးမို့ပါ သမီး"

မေမေ့ ... မေမေရဲ့ နောက်ဆုံး ဆုံးမစကားတွေဟာ တန်ဖိုးရှိလွန်းလှပါလား။ မေမေသည်လည်း ပြောရင် ပြောတဲ့အတိုင်း ဝေဒနာကို ရှုမှတ်ကာ လောကကြီးထဲက အေးအေးဆေးဆေးလေး ထွက်သွားခဲ့ရတာပဲဖြစ်သည်။ ငါကရော ... ငါကရော ... ဘာလို့ အဲဒီလို မလုပ်နိုင်ရမှာလဲ။ ဆရာမင်းလူ ရေးတဲ့ "အမှောင်ရဲ့သူများ" ဝတ္ထုထဲက သေခြင်းတရားကို ရဲရဲရင်ဆိုင်သွားတဲ့လူတွေကို ငါ သိပ်အားကျခဲ့ဖူးတာပဲ မဟုတ်လား။

ငါရော ဘာဖြစ်လို့ အဲဒီလို မဖြစ်နိုင်ရမှာလဲ။ မြို့သည် တွေးရင်း တွေးရင်းမှ ကိုယ့်စိတ်ကို အတည်ငြိမ်ဆုံးဖြစ်အောင် ပြန်ထိန်းနိုင်လာသည်။

ပြီးတော့ မြို့ ဘာလုပ်ရမည်ဆိုတာကိုလည်း အမှန်ကန်ဆုံး ဆုံးဖြတ်ချက် ချနိုင်လာလေသည်။

"ကိုကြီး ... မြို့ကို နောက်ဆုံးအကြိမ်အနေနဲ့ တစ်ခုလောက် ကူညီပါ"





ကိုကြီးက မြို့ကို အင်မတန် စိတ်မကောင်းဖြစ်နေသည့် မျက်လုံးများဖြင့် ငေးကြည့်လာသည်။ ဟင့်အင်း ကိုကြီး။ မြို့အတွက် ဝမ်းမနည်းပါနဲ့။ မြို့ ချစ်ရတဲ့လူတွေ မြို့အတွက်ကြောင့် ကြေကွဲဝမ်းနည်းရမှာကို မြို့ မလိုလားဆုံးပဲ။

"မြို့ ... ထင်ရှားအတွက် ကိုကြီးကို အသုံးချရလိမ့်မယ်"

"မြို့ရယ် ... သူလည်း မြို့ကိုချစ်တဲ့သူပဲ၊ အဲဒီလို ..."

"ဟင့်အင်း ... ကိုကြီး။ သူ သိလို့မဖြစ်ဘူး၊ သူ သိရင် မြို့ကို သူ့ဇွတ်အတင်း လက်ထပ်မယ်။ နောက် မြို့အတွက်နဲ့ ကြေကွဲခံစားရမယ် ...

အို ... မြို့ သိတယ်။ သူ တော်ရုံတန်ရုံ ခံစားရမှာ မဟုတ်ဘူး။ သူ လေသွားမှာ၊ သူ့ဘဝ ဖရိုဖရဲ ဖြစ်သွားမှာ၊ နောက်ပြီး မြို့လည်း နောက်ဆုံးအချိန်ထိ သူ ရှိနေမယ်ဆိုရင် မြို့ စိတ်ဖြောင့်မှာ မဟုတ်ဘူး ...

မြို့ စိတ်ဖြောင့်လက်ဖြောင့်နဲ့ သွားပါရစေ၊ သူ့အတွက်ရော မြို့အတွက်ရော အကောင်းဆုံးဖြစ်မယ့် လမ်းတစ်ခုကို မြို့ ရွေးချယ်ပါရစေ ကိုကြီး ...

မြို့ကို ကူညီပါ"



www.burmeseclassic.com

www.burmeseclassic.com



"မြူ ဆေးကုရဦးမယ်လေ"

"မြူ ဆေးရုံမတက်တော့ဘူး ကိုကြီး။ မြူ့ကို လိုအပ်တဲ့ ဆေးဝါးတွေသာ ဝယ် ပေးပါ။ မြူ့မှာ အချိန်သိပ်မကျန်တော့ဘူး ...

မြူ လုပ်စရာရှိတာတွေကို လုပ်သွားရမှဖြစ်မယ်။ မြူ ဝတ္ထုတစ်ပုဒ်ကို လက်စသတ်ရမယ်၊ မဂ္ဂဇင်းမှာရေးဖို့ ကတိပေးထားတဲ့ ခရီးသွားဆောင်းပါးတွေအတွက် ခရီးတွေ ထွက်ရဦးမယ် ...

မြူ မရှိတော့တဲ့အချိန်မှာ ပရိသတ်တွေ မြူ့အတွက် အလွမ်းပြေအဖြစ် ဆောင်းပါးတွေကို ဖတ်ပါစေ"

"ဖြစ်ပါ့မလား မြူရယ်၊ မြူ ခရီးသွားဖို့ဆိုတာက"

"ဖြစ်တယ် ကိုကြီး၊ မြူ လုပ်ချင်တာတွေ လုပ်မသွားခဲ့ရရင်သာ မြူ အသေမဖြောင့်မှာ၊ မြူ့ကို ကူညီပါ၊ မြူ ... မြူလေ ကိုကြီးကို သေတဲ့အထိ ကျေးဇူးတင်နေပါ့မယ် ကိုကြီးရယ်"

ကိုကြီးက မြူ့ရဲ့စကားကို မခံစားနိုင်တော့ဟန်ဖြင့် မျက်လုံးများကို မှိတ်ချလိုက်သည်။ မြူကတော့ မျက်လုံးများကို





ဖွင့်ထားဆဲ၊ မျက်လုံးထဲမှာလည်း ထင်ရှားရဲ့ အရိပ်တွေကို မြင်ယောင်ဆဲ ...။

ထင်ရှားရယ် ... ရှင် ကျွန်မအတွက် ခံစားရလည်း တစ်လပါပဲ။ အမုန်းဆိုတာ အချစ်ကို တိုက်စားသွားတတ်တဲ့ သဘောရှိတော့ ရှင့်အတွက် အသက်သာဆုံးဖြစ်မယ့်လမ်းကို ရွေးချယ်လိုက်ရတာပါ။

ရှင့်ကို ကျွန်မ မနာကျင်စေဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



သူက အုတ်လှေကားထစ်များကို နင်းဖြတ်ဆင်းလာရင်းမှ မြူ စာရေးနေကျ နေရာလေးသို့ လှမ်းကြည့်လိုက်လျှင် မြူ့ကို မတွေ့ရချေ။

သို့သော် ဆိုင်ထဲသို့ လှမ်းဝင်လိုက်စဉ်မှာတော့ သူ့ကို ရင်းနှီးသိရှိနေသည့် Zephyr မှ ဝန်ထမ်းကောင်လေးက ...

"အစ်ကို ... ဆရာမက ဟိုးကန်စပ်နားက ခုံလေးကို လိုက်လာခဲ့ပါတဲ့၊ အဲဒီမှာ စောင့်နေတယ်"

"ဩော် ... သင့်ခ်ယူ ညီလေး"

သူက ကောင်လေးကို နှုတ်ဆက်ပြီးနောက် ကန်စပ်နားက ခုံတန်းလေးတွေထံ ထွက်လာခဲ့သည်။ မြူသည် ခုံမှာမထိုင်ဘဲ သူ့ကို ကျောပေးရပ်ကာ ကန်ရေပြင်ဘက်သို့ လက်ပိုက်





ကာ ငေးနေသည်။ လေတိုက်ခတ်သဖြင့် မြူ့ရဲ့ဆံနွယ်တွေ၊ လုံချည်စတွေက အနားတွေ တဖျပ်ဖျပ် လွင့်နေကြသည်။

ထူးဆန်းလေစွ။ ထဘီနှင့် ဘောင်းဘီကို တော်တော် ဝတ်ခဲ့သော မြူသည် ဒီနေ့မှာတော့ အနက်ရောင်ပေါ်တွင် အဖြူအပွင့်ဆင်များ လှပစွာပုံဖော်ထားသော မြန်မာဝတ်စုံကို ဝတ်ဆင်ထားသည်။ အကျီမှာ ရင်ဖုံးလက်စကဖြစ်ကာ တော်တော်ကို မြန်မာဆန်ပြီး အထက်တန်းကျ လှပပါသည်။

မြူ ဘာစိတ်ကူးနဲ့များ ဒီလိုဝတ်စုံကို ဝတ်ထားတာပါလိမ့်။

ဩော် ... ဒီနေ့ဟာ သူ့မေမေကို မြူ လိုက်တွေ့မှာပဲ။ ဟား ... သိပ်ဝတ်စားတတ်တဲ့ မြူလေး။

"မြူ"

သူက ခပ်တိုးတိုး ခေါ်လိုက်လျှင် မြူက အသာစောင်းငဲ့ကြည့်သည်။ ဟစ်မျိုးပဲ ... မြူ့ပုံစံက တစ်မျိုးထူးခြားနေသလိုပဲ။

"မြူ ဒီမှာ ဘာလုပ်နေတာလဲ။ သွားကြရအောင်လေ"

"ကျွန်မ လိုက်ဖို့ ဆန္ဒမရှိတော့ဘူး ထင်ရှား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ... မြူ"

သူက အံ့အားတသင့်ဖြင့် မျက်မှောင်ကုတ်ကာ မေးလိုက်သည်။ မြူ နောက်နေတာများလား။ ဟင့်အင်း ... မြူ့ မျက်နှာဟာ ခါတိုင်းနဲ့ လုံးဝကိုမတူဘူး။ ခါတိုင်းမှာ စိတ်ဆိုးနေရင်တောင် မျက်နှာက နွေးနေသေးတယ်။ အခုမျက်နှာသည် ရေခဲလို အေးစက်နေသော မျက်နှာမျိုးဖြစ်သည်။

"ထင်ရှား ကျွန်မ ပြောတာကို ရှင် သေချာနားထောင်ပေးပါ။ ရှင့်ကို ကျွန်မ လက်ထပ်ဖို့ဆိုတာ သေချာပြန်စဉ်းစားကြည့်တော့။ ကျွန်မစိတ်တွေ ရှင့်ဆီမှာ တကယ်မရှိဘူးဆိုတာ သိရတယ်။ ကျွန်မ လက်ထပ်တော့မယ်လို့ ကိုကြီးသိသွားတဲ့အချိန်မှာ သူ ခံစားနေရတာတွေကို ကျွန်မ လုံးဝမကြည့်ရက်ဘူး။ ကိုကြီး ခံစားသွားရမှာကို မလိုလားဘူး ...

တကယ်တမ်း စဉ်းစားကြည့်လိုက်တော့ ကျွန်မ တကယ်ချစ်ခဲ့တာ ကိုကြီးပဲ။ ကိုကြီးကလည်း ဝန်ခံတယ်။ ဒါကြောင့် ..."





"တော်စမ်း မြူ"

သူသည် သွေးကြောထဲက သွေးတွေ တဖျစ်ဖျစ်မြည်လာကာ ထ,ပြီးပေါက်ကွဲတော့မတတ် ဖြစ်အောင်ပင် ခန္ဓာကိုယ်တစ်ခုလုံး ဆူဝေလာသည်။ မြူသည် သူ့မျက်နှာကို အေးတိအေးစက် တစ်ချက်ကြည့်ကာ မျက်နှာလွှဲသွားသည်။ အဲဒီပုံစံသည် သူ့ကို တံတွေးနဲ့ ထွေးသည့်အလား ဆတ်ဆတ်ခါမျှကို နာသွားစေလေသည်။

"မြူ ... မင်း ဒါ ဘာသဘောလဲ။ မင်း ဘာလုပ်တာလဲ။ ငါ့ကို မင်း ကစားတာ ပညာပြတာပေါ့ ဟုတ်လား"

"မကစားပါဘူး။ အစကတော့ ကျွန်မလည်း ရှင့်ကို ချစ်တယ်လို့ပဲ ထင်ခဲ့တာပဲလေ။ ဒါပေမဲ့ တကယ်တမ်း ဘဝအတွက် ဆုံးဖြတ်တဲ့အချိန်မှာ ကိုကြီးက ကျွန်မအတွက် သိပ်အရေးပါတဲ့လူဆိုတာ သိသာလာခဲ့တယ် ...

ကျွန်မ ချစ်တာ ကိုကြီးပဲ"

"တောက်"

သူက တောက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်ကာ မြူ့ကို အသေအကြေ စိုက်ကြည့်နေမိသည်။ နှလုံးသားများကို



www.burmeseclassic.com

www.burmeseclassic.com



အသေသတ်ခဲ့သူ မုဆိုးတစ်ပိုင်း မိန်းမကတော့ ဘာခံစားချက်မှ မရှိသည့်အလား သူ့ပေါက်ကွဲခံစားမှုကို အရေးတောင်မစိုက်ပေ။

"ရှင် ကျွန်မကို တောင်းပန်ပြီး မထားခဲ့ပါနဲ့တွေ ဘာတွေ ပြောဖို့ မစဉ်းစားပါနဲ့တော့ ထင်ရှား။ ကျွန်မ လုံးဝဆုံးဖြတ်ပြီးပြီမို့လို့ပါ ...

ကျွန်မ ကိုကြီးကိုပဲ လက်ထပ်မှာပါ"

သူသည် ဒီမိန်းမကို စိုက်ကြည့်နေမိသည်မှာ မျက်လုံးထဲမှ အခိုးအလျှံတွေသာမက မီးတောက် မီးလျှံတွေပါ ထွက်လာသည်ဟု ထင်မိလေသည်။ သူသာ နဂါးတစ်ကောင်ဖြစ်ခဲ့ပါက မြူ ဆိုသော မိန်းမမှာ မီးတောက်၍ ပြာကျသွားလောက်ပြီ ဖြစ်သည်။

"ဒီမှာ မြူ"

သူက ခေါ်လိုက်သော်လည်း သူမက အဖက်လုပ်၍ လှည့်မကြည့်ပါ။ ခပ်တည်တည် မျက်နှာပေးသည် ဘာအပြစ်မှ လုပ်မထားသူတစ်ယောက်လို ဣန္ဒြေကြီးစွာ တည်ရှိလို့နေသည်။ ဒီလိုမိန်းမတစ်ယောက်ကို သူ ဘာကြောင့် ရူးမတတ် ချစ်မိခဲ့ရတာပါလိမ့်။





"ဒီမှာ မြူ ... မင်း ငါ့မျက်လုံးတွေထဲကို တည့်တည့်ကြည့်စမ်းပါ။ ငါပြောမယ့် စကားတွေကို ငါ့မျက်လုံးတွေထဲကို ကြည့်ပြီး နားထောင်ပါ ...

မင်း သတ္တိရှိတယ် ဆိုရင်ပေါ့"

သူမက ရိုက်ပစ်ချင်စရာ ကောင်းအောင်ကို နှုတ်ခမ်းတစ်ဖက်တည်း မဲ့ပြုံးကာ သူ့မျက်လုံးတွေထဲသို့ မထိတ်ရိ စိုက်ကြည့်လာသည်။ သူသည် အင်မတန် မုန်းစရာကောင်းသော မျက်နှာပေးကို အသည်းခိုက်သော နာကြည်းမှုတို့ဖြင့် အသေအချာ စိုက်ကြည့်ပြီးမှ ...

"မင်းဟာ အချစ်ဆိုတဲ့ ဝေါဟာရနဲ့ မထိုက်တန်တဲ့မိန်းမ၊ အခုချိန်မှာ မင်းကို ငါ ကိုယ်ထိလက်ရောက် တစ်ခုခုလုပ်ပစ်ချင်နေတဲ့အထိ နာကြည်းနေတယ်၊ ဒါပေမဲ့ မင်းကို လက်ဖျားနဲ့တောင် မထိချင်ဘူး၊ အဲလောက်ထိ မင်းကို ရွံတယ် ...

မင်းက ကိုယ့်ကိုယ်ကိုယ် သိပ်အထင်ကြီးတဲ့ မိန်းမပဲ၊ အေး ... စစ်လင်းလို ယောက်ျားမျိုး ရှိနေသရွေ့တော့ မင်း ခေါင်းမော့ထားဦးပေါ့။ ဒါပေမဲ့ ငါက စစ်လင်းလို ယောက်ျားမျိုး မဟုတ်ဘူး ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကို မြဲမြဲမှတ်သွား ...

နောက်တစ်ခုက ဖေဖော်ဝါရီ(၁၄)မှာ မင်းနဲ့လက်မထပ်ရလည်း တခြားမိန်းမတစ်ယောက်ကို ငါ လက်ထပ်ပြမယ်။ မင်း သတ္တိရှိတယ်ဆိုရင် အဲဒီပွဲကို တက်လာခဲ့ဦး၊ ငါ ဖိတ်စာပို့ပေးလိုက်မယ် ...

ဟုတ်ပြီနော် ... အတိအကျပဲ၊ (၂၀၀၉) ဖေဖော်ဝါရီ (၁၄)ရက်မှာ ငါ လက်ထပ်မှာ”

“ဝမ်းသာပါတယ် ထင်ရှား၊ အဆင်ပြေပါစေ”

သူက တွိခနဲ တံတွေးထွေးပစ်ချင်စိတ်ကို အတော်ထိန်းချုပ်ထားရသည်။ တစ်ဖက်သားရဲ့ စော်ကားမှုကို ရိုင်းပျမှုဖြင့် တုံ့မပြန်ချင်၍သာ သူမ ကံကောင်းနေခဲ့ခြင်း ဖြစ်ပါသည်။

“စိတ်မပူပါနဲ့၊ မင်းသာ အဆင်ပြေအောင်နေပါ ...

တစ်နေ့နေ့မှာ မင်းလည်း အလဲအကွဲ ခံစားရမယ်ဆိုတာကို မမေ့နဲ့။ ငါ အသက်ရှင်နေသမျှ မင်းကို မုန်းနေမယ်ဆိုတာ သိထား”

သူက နောက်ဆုံးစကားကို ပျစ်ပျစ်နှစ်နှစ်ပြောကာ ချာခနဲ လှည့်ထွက်လာခဲ့သည်။ အခြေအနေတွေက အချိန်တစ်ခုအတွင်းမှာ မရေမရာစွာနှင့် အားလုံးပြီးဆုံးသွားခဲ့ချေပြီ။





မာယာများသော နှလုံးသားကို သူက အပြီးတိုင်ကျောခိုင်းနှုတ်ဆက်ခဲ့ပြီဖြစ်သည်။ သူ့ဘဝထဲတွင် မြူ ဆိုတာမရှိတော့။

သူ့အပေါ်မှာ ဒီလောက်ရက်စက် စော်ကားသည့်မိန်းမကို ဘယ်တော့မှ ထပ်မတွေ့ချင်တော့ပေ။ သူ့နှလုံးသားတစ်ခုလုံး ပြာကျသလို သူမကိုလည်း ခံစားစေချင်ခဲ့သည်။ သူမကိုပဲ တမ်းတနေမည်ဟု မထင်ရအောင် သူက မျက်သွယ်နှင့် လက်ထပ်ဖို့ တစ်ထိုင်တည်း ဆုံးဖြတ်ချက် ချလိုက်လေသည်။

စိတ်ချပါ မြူ၊ ဖေဖော်ဝါရီ(၁၄)မှာ မင်းနဲ့လက်မထပ်ရလည်း မျက်သွယ်နဲ့ ငါ လက်ထပ်မယ်။ မင်းလို မိန်းမမျိုးကို မေ့ပြီး ငါ့ဘဝကို အသစ်က ပြန်စမယ်။

မင်းဟာ ငါ့အတွက်တော့ ခဏတာ ခြောက်လှန့်ခဲ့တဲ့ အိပ်မက်ဆိုးထဲက နတ်ဆိုးမပဲ။



www.burmeseclassic.com

www.burmeseclassic.com



# မြူနှင့်နောက်ဆုံးခရီး



မြူသည် ထင်ရှားနှင့် ခွဲခွာပြီးသွားသည့် နောက်ပိုင်းမှစ၍ လုပ်စရာရှိသော အလုပ်များကို တန်းစီချရေးထားခဲ့သည်။ ရေးလက်စဝတ္ထုကို အပြီးဖြတ်ပြီးသောအခါ ထုတ်ဝေသူထံ အပ်လိုက်သည်။ ကံကောင်းထောက်မစွာဖြင့် ဒီစာအုပ်က (၁၀)အုပ်စာ ငွေကြေပေးထားသည့် (၁၀)အုပ်မြောက် နောက်ဆုံးစာအုပ်ဖြစ်တာကြောင့် မြူ့တွင် ထပ်ရေးစရာ မလိုတော့။

ထုတ်ဝေသူက နောက်ထပ် စာအုပ်တွေအတွက် စာမူခကြိုပေးဖို့ ပြောလာလျှင် ...

"နေပါစေ အန်ကယ်၊ ကျွန်မ ခရီးထွက်စရာရှိသေးလို့ပါ။ ခရီးက ပြန်လာမှပဲ ပြောကြတာပေါ့"ဟု ဆိုလျက် မြူက လုံးချင်းဝတ္ထုရေးသားတာကို လုံးဝသံယောဇဉ်ဖြတ်လိုက်သည်။ မြူက စာကိုအချိန်မှန်မှန်ဖြင့် ဂရုတစိုက် ကြိုးစားရေးသားခဲ့သူမို့



www.burmeseclassic.com

www.burmeseclassic.com



မြို့ ရေးထားပြီးသား စာအုပ်မှာ ဆယ့်ငါးအုပ်တိတိ ရှိနေခဲ့သည်။ မြို့ လောကကြီးထဲမှာ မရှိတော့တဲ့အချိန် ရောက်ရင်လည်း မြို့ စာအုပ်တွေဟာ ပရိသတ်တွေထဲကို ရောက်နေဦးမှာပဲ ဆိုသော အသိမှာ စာရေးခြင်းနှင့် ပတ်သက်၍ မြို့ နောက်ဆုံးစားသုံးခဲ့ရသော ပီတိပဲ ဖြစ်ပါသည်။

အဲဒီနောက်မှာတော့ မြို့သည် လူ့ဘဝ၏ နောက်ဆုံးခရီးရှည်ကြီးကို မထွက်ခွာမီ ခရီးတိုလေးတွေကို စတင်ထွက်ခွာဖြစ်ခဲ့သည်။

(မြို့ သွားရမယ့် သံသရာခရီးနဲ့ယှဉ်ရင် မြန်မာပြည်ခရီးစဉ်ဟာ ခရီးတိုလေးပဲ မဟုတ်လားနော်)။

ခရီးစဉ်တွေ ဟိုရောက် ဒီရောက် အစီအစဉ်မကျမှာစိုးသဖြင့် ကိုကြီးကိုယ်တိုင်ပင် စနစ်ကျသော ခရီးစဉ်တစ်ခုကို ရေးဆွဲပေးခဲ့တာဖြစ်သည်။

ဒါ့အပြင် မြို့ကျန်းမာရေးအတွက်ရော၊ အဖော်သဟဲအဖြစ်ရော၊ မြို့နှင့်လည်း ခင်နေသည့် နာ့စ်တစ်ယောက်ကိုပါ အဖော်အဖြစ် ထည့်ပေးလိုက်သည်အထိ ကိုကြီးရဲ့ စီစဉ်မှုမှာ အတိအကျ ကွက်တိ အဆင်ပြေစေခဲ့သည်။





မြို့သည် တစ်ခါတစ်ရံမှာ ပြင်းထန်စွာ ခေါင်းကိုက်တာကလွဲလို့ မြို့ရဲ့ ခရီးစဉ်တွေဟာ စိတ်ဝင်စားစရာ အပြည့်ဖြင့် ဖြစ်နေခဲ့ပါသည်။

ပျော်စရာတော့ မရှိ။ ပျော်စရာမှန်သမျှသည် မြို့အတွက်တော့ ဆေးစစ်ချက်အဖြေ သိရကတည်းက ပေးလွှင့်ပျောက်ဆုံးသွားခဲ့ရပြီဖြစ်သည်။

တစ်နေရာသို့ ရောက်တိုင်း မြို့ဟာ သူ့ကိုအထူးပဲ တမ်းတသတိရသည်။ သူ ပြောခဲ့သော စကားတွေကို ပြန်ကြားယောင်ကာ နာကျင်ကြေကွဲသည့်ကြားမှ မြို့အတွက် သူ မခံစားရဘူးဟူသော အသိဖြင့် ပြန်လည်ဖြေသိမ့်ရလေသည်။ မြို့သွားခဲ့သော နေရာတွေဟာ တစ်ချိန်မှာ သူနဲ့မြို့ရဲ့ ပျားရည်ဆမ်းခရီးအဖြစ် မျှော်လင့်တောင့်တထားခဲ့ရသော အရာတွေဖြစ်သဖြင့် သူ့အရိပ်တွေနဲ့ကတော့ ဘယ်လိုမှ မလွတ်ကင်းနိုင်ချေ။

မြို့သည် သူ့ကို နည်းလမ်းမှန်ဖြင့် လွမ်းဆွတ်သတိရရုံကလွဲပြီး ကျန်တဲ့အချိန်များမှာတော့ ကင်မရာတစ်လုံးဖြင့် (၃)လဆိုသော အချိန်ကာလကို မေ့လျော့ထားခဲ့ကာ ဓာတ်ပုံရိုက်လိုက်၊ စာရေးလိုက်ဖြင့် ကြိုးစားရှင်သန်နေခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မြူရဲ့ခရီးစဉ်များသည် တစ်လကျော်မျှ ကြာခဲ့ပြီးနောက် မြူ့ကျန်းမာရေး အခြေအနေအရ ရန်ကုန်သို့ ပြန်ရောက်လာခဲ့ရလေသည်။ ကိုကြီးက ဆေးရုံတက်ခိုင်းသော်လည်း မြူက ခေါင်းခါငြင်းဆန်ခဲ့သည်။

"တက်လည်း ဘာမှမထူးတော့ပါဘူး ကိုကြီး။ မြူ့ကိုယ် မြူ သိပါတယ်။ မြူ အိမ်မှာပဲ အေးအေးဆေးဆေး နေပါရစေ ...

မြူ ဆန္ဒတွေလည်း ပြည့်ဝသွားပြီ ဖြစ်တဲ့အတွက် မြူ ကျေနပ်ပါပြီ"

ကိုကြီးက မြူ့ကို တစ်ချက်ကြည့်ကာ ပြောသင့်မပြောသင့် ချိန်ဆနေပုံရကာ နောက်တော့ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ဟန်ဖြင့် ...





"ထင်ရှားတောင် မြူ ပြန်မလာခင် တစ်ပတ်ကပဲ စေ့စပ်သွားခဲ့တယ်"

မြူသည် မျှော်လင့်ထားပြီးသား ဖြစ်သော်လည်း ရင်ထဲမှာ ကျင်ခနဲတော့ ဖြစ်သွားသေးသည်။ ယောင်ယမ်းပြုံးမိကာ ခေါင်းတွေကို တဆတ်ဆတ် ညိတ်နေမိလေသည်။ ကိုကြီးက စကားဆက်ရန် ကျန်သေးဟန်ဖြင့် ...

"လောကကြီးက ကျဉ်းကျဉ်းလေးပဲ မြူ။ ထင်ရှားနဲ့ စေ့စပ်သွားတာ ကိုယ့်ဆရာကြီးရဲ့သမီးလေ၊ မေမျှော်သွယ်တဲ့"

မြူ့မျက်လုံးထဲတွင် သူနှင့်အတူ ပါလာခဲ့ဖူးသော မြူ့ပရိသတ်ကောင်မလေးကို မြင်ယောင်မိသည်။ ရိုးသားအေးဆေးကာ နူးညံ့သဘောကောင်းပုံရသော ကောင်မလေးသည် သူ့စိတ်ကြိုက် အိမ်ထောင်ရှင်မကောင်းလေး ဖြစ်ပါမည်။

သူ စိတ်ချမ်းသာရမှာပါ။

မြူက အပြုံသဘောဆောင်၍ တွေးတောငြိမ်သက်နေတာကို ကိုကြီးက တစ်မျိုးအဓိပ္ပာယ်ပေါက်သွားကာ ...

"မြူ ... ထင်ရှားကို တွေ့ချင်သလား"



www.burmeseclassic.com

www.burmeseclassic.com



မြူက ကိုကြီးကို မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ကြည့်မိကာ ...

"ဟင့်အင်း ... ကိုကြီးနော် မြူ့ကို ကတိပေးပါ။ မြူ့အကြောင်း သူ့ကို ဘာမှသွားမပြောပါနဲ့ ဆက်လည်း မဆက်သွယ်ပါနဲ့ ...

သူလည်း လက်ထပ်တော့မှာ၊ အားလုံး အေးအေးချမ်းချမ်းပဲ ပြီးသွားချင်တယ် ကိုကြီးရယ်။ မြူ့ကို နောက်ဆုံးအဲ့နေနဲ့ ကူညီပေးပါ"

"မြူရယ် ... အဲဒီ နောက်ဆုံးဆိုတဲ့ စကားကို ခဏ ခဏ မပြောစမ်းပါနဲ့၊ ကိုယ့်အတွက် မသက်သာလွန်းလို့ပါ"

မြူက ကိုကြီးကို အကြည်လင်ဆုံး ပြုံးပြလိုက်ကာ_

"ဒါပေမဲ့ ဒါဟာ အမှန်တရား တစ်ခုပဲ မဟုတ်လား ကိုကြီးရယ်၊ အဲဒီအမှန်တရားကို မြူ ရဲရဲလက်ခံထားပြီး အကောင်းဆုံး ပြင်ဆင်ထားတာကို ကိုကြီး ကျေနပ်ရမှာပေါ့ ...

လူ့ဘဝကြီးထဲမှာ ကိုယ်နဲ့ ချစ်ခင်နေရသူတွေရဲ့ အတူနေချိန်တွေဆိုတာ တိုးပွားလာတာမျိုးမှ မဟုတ်တာ ရှိတဲ့အချိန်ထဲက လျော့သွားတာမျိုး မဟုတ်လား ကိုကြီးရဲ့။ ဒါကြောင့် ရှိနေတဲ့အချိန်လေးကို တန်ဖိုးထားပြီး ကိုကြီးလည်း သာယာချမ်းမြေ့တဲ့ မိသားစုဘဝလေးကို တည်ဆောက်ပါ"





"မြူရယ်"

ကိုကြီးက ဒရင်းဘတ်ပေါ်မှာ အသာအယာ လှဲနေရသော မြူရဲ့ဆံစလေးကို အသာသပ်တင်ပေးရင်းမှ စကားတောင် မဆိုနိုင်တော့ချေ။

"ကိုကြီး မြူ့ကို ကတိပေးပါ။ ကိုကြီး မိန်းမယူပါ့မယ်လို့"

"မြူကလည်းကွာ"

"ကတိပေးပါ ကိုကြီး။ မြူလေ ကိုကြီးကို သိပ်ကျေးဇူးတင်ပါတယ်၊ အဲဒီကျေးဇူးတွေကိုလည်း နောင်ဘဝမှပဲ မြူ ဆပ်ပါရစေတော့ ...

မြူ့အနားမှာ မြူလိုတဲ့ အချိန်တိုင်း အမြဲရှိနေပေးခဲ့တဲ့ မြူ့ကို နားလည်ခဲ့တဲ့ ကိုကြီးရဲ့ သားသမီးတစ်ယောက်အဖြစ် မြူ ပြန်လာခဲ့ချင်လို့ပါ ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအတွက် ကိုကြီး မိန်းမယူရမယ်နော်၊ ကိုကြီး မိန်းမ မယူမချင်း မြူ သွားစရာမရှိ ဖြစ်နေမှာ"

"မပြောပါနဲ့တော့ မြူရယ်"

"ကိုကြီး ... မြူ့ကို မြန်မြန်ကတိပေးပါ"

နောက်ဆုံးတော့ ကိုကြီးက ဆို့နင့်သော လေသံဖြင့် မြူ့ကို ကတိပေးလိုက်တာ ဖြစ်လေသည်။

မြူသည် စိတ်ချမ်းမြေ့စွာနဲ့ပဲ ကိုကြီးကို ပြုံးကြည့်နေခဲ့မိသည်။

အဲဒီနောက် သိပ်မကြာခင်မှာပဲ မြူ့ထံသို့ လက်ထပ်မင်္ဂလာဖိတ်စာတစ်စောင် ရောက်ရှိလို့ လာခဲ့သည်။ သတို့သားနေရာတွင် မောင်ထင်ရှားသူရိန်ဟု ရေးသားထားလျက် သတို့သမီးကတော့ မေမျက်သွယ်ပဲ ဖြစ်သည်။

မင်္ဂလာဆောင်မည့်နေ့မှာ ဖေဖော်ဝါရီလ(၁၄)ရက်နေ့ဖြစ်ကြောင်း တွေ့ရလျှင် မြူသည် ကျချင်လာသော မျက်ရည်များကို အတန်တန်ထိန်းသိမ်းကာ မျက်ရည်ရစ်ဝဲစွာနှင့်သာ ပြုံးနေခဲ့ပါသည်။





"ထင်ရှားက ဒီလောက်ထိတော့ မလုပ်သင့်ဘူးကွာ"

ကိုကြီးက မချိတင်ကဲသံဖြင့် ရေရွတ်လျှင် မြူက ပြုံးရင်း ခေါင်းယမ်းပြမိသည်။

"သူ့ရဲ့အချစ်ပုံစံက တစ်မျိုးကို ကိုကြီးရယ်၊ ဘာပဲဖြစ်ဖြစ် ပေါ့လေ ဖိတ်စာနဲ့ ဖိတ်တယ်ဆိုတော့ မသွားနိုင်ပေမယ့်လည်း လက်ဖွဲ့တော့ ပို့ပေးရမှာပေါ့၊ ကိုကြီး ... ဒီဓာတ်ပုံကားကို အဲဒီနေ့ကျရင် ပို့ပေးပါနော်"

ကိုကြီးက သက်ပြင်းတစ်ချက်ချကာ မငြင်းဆန်ဘဲ ဓာတ်ပုံကားကို လွှဲပြောင်းယူသည်။ ထိုဓာတ်ပုံကားသည် မြူရိုက်ခဲ့သမျှ ရှုခင်းဓာတ်ပုံတို့ထဲတွင် မြူ့ရဲ့အနှစ်သက်ဆုံး၊ လက်ရာအကောင်းဆုံး ကားတစ်ကားလည်း ဖြစ်သည်။

သစ်ကိုင်းတစ်ကိုင်းပေါ်တွင် ငှက်တစ်ကောင်သာ နားနေလျက် ကျန်တစ်ကောင်ကတော့ အဝေးသို့ ပျံသန်းထွက်ပြေးသွားပုံကို မြူက အမိအရ ရိုက်ကူးထားခြင်းဖြစ်သည်။

ထို ဓာတ်ပုံ၏နာမည်ကို မြူက "စွန့်ခွာခြင်း"ဟု ပေးထားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လောကမှာ တစ်ခါ တစ်ခါကျတော့လည်း ကိုယ်က သူများကို စွန့်ခွာတယ်…

တစ်ခါ တစ်ခါကျတော့လည်း သူများက ကိုယ့်ကို စွန့်ခွာတယ်၊ ဒါပေမဲ့ ဘာမှ မပြီတတ်ဘူး ထင်ရှားရယ်။

❤ ❤





## "ဖေဖော်ဝါရီ(၁၄)"

တချို့သူတွေအတွက်ကတော့ ဖေဖော်ဝါရီ(၁၄)ရက်သည် ရင်ခုန်ဖွယ်ရာ၊ စိတ်ကြည်နူးဖွယ်ရာ၊ ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာများနှင့် ခမ်းနားနေခဲ့သော်လည်း တချို့အတွက်ကတော့ ဝမ်းနည်းကြေကွဲစရာများနှင့် အဆုံးသတ်ခဲ့ရသည်။

စာဖတ်ပရိသတ်ပေါင်းများစွာ၏ နှလုံးသားကို ဆွဲဆောင်သိမ်းပိုက်ထားနိုင်ခဲ့သူ စာရေးဆရာမ မြူကတော့ ဖေဖော်ဝါရီ(၁၄)ရက်၏ နေခြည်သာသော နံနက်ခင်းစောစောမှာပင် သူချစ်သော အရာအားလုံးကို စွန့်ခွာကာ ကမ္ဘာမြေကြီးပေါ်မှ တိတ်တဆိတ် ထွက်ခွာသွားခဲ့လေသည်။

သူမ သေဆုံးသွားခဲ့သော်လည်း ရေးသားပြီး ကျန်ရှိနေသေးသော ဝတ္ထုစာအုပ်များနှင့် မဂ္ဂဇင်းမှာ တစ်လ တစ်ပုဒ်



www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြမည့် အခန်းဆက်ခရီးသွားဆောင်းပါးများက အချိန်အတော်ကြာ ပါနေဦးမှာ ဖြစ်သဖြင့် သူမ မရှိတော့ဘူးဆိုတာ အိပ်မက်လိုပဲ ဖြစ်နေဦးမည်။

ဒေါက်တာစစ်လင်းကတော့ အိပ်ပျော်နေသလိုပဲရှိသည့် မြူ့ရဲ့ရုပ်ခန္ဓာကို ငေးကာ သူ့ဘဝထဲသို့ ထပ်ရောက်လာဖို့ တိတ်တဆိတ် ဆုတောင်းနေခဲ့လေသည်။





မင်္ဂလာဧည့်ခံပွဲ ပြီးဆုံးသွားသောအခါမှသာ သူ့မျက်နှာတွင် တပ်ဆင်ထားသော အပြုံးမျက်နှာဖုံးကြီးကို ချွတ်ခွင့်ရတော့တာ ဖြစ်သည်။

သူသည် ဧည့်ခံပွဲချိန် တစ်လျှောက်လုံးမှာ တစ်ယောက်သော သူမကို ရောက်လာလေမလားဟု မျှော်နေခဲ့သေးလေသည်။ သို့သော် ပွဲပြီးသွားတဲ့အချိန်အထိ သူမရဲ့အရိပ်ယောင်လေးကိုမျှ မတွေ့ရချေ။

သတ္တိမရှိသော မိန်းမတစ်ယောက်ကို သူက ဟားတိုက်ရယ်လိုက်ချင်သေးတော့သည်။ အဲဒီနောက်မှာတော့ မင်္ဂလာပွဲပြီးဆုံးသောအခါ မင်္ဂလာအခမ်းအနား ပြင်ထားသော မျက်သွယ်တို့အိမ်ကိုပဲ ရောက်လာခဲ့ရသည်။ အင်္ကျီအဝတ်အစား လဲပြီးနောက် အောက်ထပ်သို့ ထမင်းစားရန် ပြန်ဆင်းလာသောအခါ မျက်သွယ်



www.burmeseclassic.com

www.burmeseclassic.com



ရဲ့အဖေကို အပြင်က ပြန်လာဟန်တွေ့ရ၍ မျက်သွယ်က လှမ်းပြီးမေးသည်။

"ဖေဖေ ဘယ်ကပြန်လာတာလဲဟင်"

"ဩော် ... ဖေဖေ့လူနာတစ်ယောက်ရဲ့ နာရေးပါ"

"ဟွန်း ... ဖေဖေကလည်း သမီး မင်္ဂလာယူတဲ့နေ့မှာများ နာရေးသွားရတယ်လို့"

"ဩော် ... အဲလိုလည်း မဟုတ်ပါဘူးကွယ်၊ ကလေးမလေးက သနားစရာ ကောင်းလို့ပါ။ ဒါပေမဲ့ သူ့ကို ဖေဖေ လေးစားလွန်းလို့ သွားတာပါ"

"ဘယ်သူဆုံးတာလဲ ဖေဖေ"

မျက်သွယ်က အခုမှ စိတ်ဝင်စားလာဟန်ဖြင့် ဆိုဖာမှာ ဝင်ထိုင်ရင်းမေးသည်။ သူကလည်း မျက်သွယ်ရဲ့ဘေးမှာပဲ ဝင်ထိုင်လိုက်ပါသည်။

"သမီး သိချင် သိမှာပါ၊ စာရေးဆရာမ မြူ ဆိုတာလေ"

သူက ဆတ်ခနဲပင် မျက်သွယ်ရဲ့အဖေကို မော့ကြည့်မိသည်။ ဦးလေးက သူ့ကို ကြည့်မနေပေ။ မျက်သွယ်သည်လည်း ကြားသိရသော သတင်းကို အံ့ဩသွားဟန်ဖြင့် ...





"သူ ... သူက ... ဘယ်လိုလုပ်ပြီး ဖေဖေ့လူနာ ..."

"သူက ဦးနှောက်မှာ အကျိတ်တည်တာလေ သမီးရဲ့။ သိတဲ့အချိန်မှာ အရမ်းနောက်ကျနေပြီ။ ဆေးကုရင်တောင် သုံးလလောက်ပဲ ခံမှာဆိုတော့ သူက ဆေးလည်းမကုဘူး။ ဒါပေမဲ့ သေခြင်းတရားကို အေးအေးဆေးဆေးပဲ ရင်ဆိုင်သွားခဲ့တယ် ...

သူလုပ်စရာရှိတဲ့ အလုပ်တွေကို အားလုံး လုပ်သွားခဲ့တာပဲ။ တကယ်ရှားတယ်၊ တချို့လူကြီးတွေတောင် သေမယ်ဆိုတာသိရင် သွေးရူးတန်းရူး ဖြစ်ပေမယ့် သူကတော့ တကယ့်ကို တည်တည်ငြိမ်ငြိမ်နဲ့ ရင်ဆိုင်သွားတာ

ဆုံးသွားတော့လည်း အေးအေးချမ်းချမ်းပါပဲတဲ့ ဘဝကူးကောင်းမှာပါ၊ ဖေဖေတို့လည်း သူ့ကို အတုယူမယ် သမီးရေ ...

ကဲ ... ကဲ ... မောင်ထင်ရှား မိုက်ဆာနေရောပေါ့ ထမင်းစားကြစို့"

မျက်သွယ်က သူ့လက်ကို တို့ခေါ်သလား၊ ဘယ်လိုခေါ်လဲ သူ မသိတော့။ သူ ခြေစုံရပ်နေသော ကြမ်းပြင်သည်



www.burmeseclassic.com

www.burmeseclassic.com



ဟက်တက်ကွဲသွားကာ သူ့ကို ဟိုး အဝီစိထိအောင် ဆွဲယူသွားသည်ဟု ထင်သည်။

မျက်သွယ်ရဲ့အဖေ ပြောသွားသောသူမှာ မြူ မဟုတ်ဘူးဟု သူ ထင်သည်။ သူသိသော မြူက ဒီလိုပုံမျိုးမဟုတ်။ ဒီလိုသေစရာအကြောင်းမရှိ။ မဟုတ်ဘူး မဟုတ်လား မြူ။ မင်း ပြန်မြန်လာပြီး ဖြေပေးပါ။

သူ့မျက်လုံးထဲတွင် မြူရဲ့အပြုံးလှလှတစ်ခုကို ဖြင့်ဒ့လိုက်ရပြီးနောက် စကြဝဠာတစ်ခုလုံး အမှောင်ဖုံးသွားခဲ့သည်။

ဆုမြတ်မွန်မွန်

11:35(P.M)

Nov : 9 th 2007.

BURMESE CLASSIC .com

www.burmeseclassic.com